ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက် တွင် စတင်ထုတ်ဝေသည်။ (hint: see below)
Established in 1957
၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (21-5-2014) (၇၈၄၇)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

တောင်ကုတ်	၃ ဒသမ ၁၇ လက်မ
ကော့သောင်း	၂ ဒသမ ၄၄ လက်မ
ကျိုက္ခမီ	၂ ဒသမ ၃၆ လက်မ
ရန်ကုန်(အုံမြို့သစ် တောင်ပိုင်း)	၁ ဒသမ ၈၄ လက်မ
လောင်းလုံ	၁ ဒသမ ၅၇ လက်မ
ဘီးလင်း	၁ ဒသမ ၄၆ လက်မ

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံကာကွယ်ရေးဝန်ကြီးများအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံကာကွယ်ရေးဝန်ကြီးများအား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နေပြည်တော်၌ မေ ၂၀ ရက်တွင်ကျင်းပသည့် (၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး 8th ASEAN Defence Minister's Meeting (8th ADMM)သို့ တက်ရောက်ရန် ရောက်ရှိနေသည့် ဘရူနိုင်းကာကွယ်ရေးဝန်ကြီး H.E.Mr. Yasmin Bin Haji Umar၊ ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီး H.E.Mr. Tea Banh၊ အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး H.E.Mr. Purnomo Yusgiantoro၊ မလေးရှားကာကွယ်ရေးဝန်ကြီး H.E.Mr. Hishammuddin Hussein၊ ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး H.E.Mr. Voltaire Tuvera Gazmin၊ စင်ကာပူကာကွယ်ရေးဝန်ကြီး Dr. NG Eng Hen၊ ထိုင်းကာကွယ်ရေးဝန်ကြီး General Nipat Thonglek၊ ဗီယက်နမ်ကာကွယ်ရေးဝန်ကြီး General Phung Quang Thanh၊ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းရေးရာ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ် ဦးညဏ်လင်းတို့တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

မြို့ငါးမြို့တွင် မြစ်ရေကြီးမှု အလိုအလျောက်တိုင်းတာသတိပေးစနစ် တပ်ဆင်မည်

တောင်ငူ မေ ၂၀

မြစ်ရေကြီးမှုကြောင့် နှစ်စဉ်ရေကြီးရေလျှံမှုများဖြစ်ပေါ်သော မြို့ငါးမြို့ဖြစ်သည့် စစ်တောင်းမြစ်ပေါ်ရှိ တောင်ငူ၊ ရွှေကျင်၊ ပဲခူးမြစ်ပေါ်ရှိ ပဲခူး၊ ဧရာဝတီမြစ်ပေါ်ရှိ ဟင်္သာတ၊ သံလွင်မြစ်ပေါ်ရှိ ဘားအံမြို့တို့တွင် မြစ်ရေမြင့်တက်မှုကို အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ပြီး အများပြည်သူအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန် မြစ်ရေကြီးမှု အလိုအလျောက် တိုင်းတာအချက်ပေးစနစ် တပ်ဆင်ထားသော စက်ကိရိယာများကို ယခုနှစ်မိုးရာသီအမီ တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း တောင်ငူခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်၏ ပြောကြားချက်အရသိရသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် မေ ၂၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး အားကောင်းလာခြင်းရှိ မရှိကို ဆက်လက်စောင့်ကြည့်လျက်ရှိသည်။

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် သုံးရက်အတွင်း ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရန်ကုန်၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်၊ ကယား၊ ကရင်နှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ကာ ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဦးအောင်နိုင်
ရွှေတံဆိပ်ဆုရှင်-CPA
LCCI
Level I, II, III
စာရင်းကိုင်သင်တန်းများ
AUNG NAING
B.Com(Q), CPA, FLCCI (London-UK), DA (LCCI-UK), FFA (IFA-UK)
ကျောင်းအပ် လက်ခံပြီ
၂၄၄၊ တတိယထပ်၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်း(ထက်)။ Ph 01-377 610, 09 730 99 752, 09 730 66 231, 09 515 1024

ကြေးမုံစာတည်းရှုထောင့် ၂၁-၅-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

ကျောင်းအပ်နှံရေး အားလုံးပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် မေ ၂၅ရက်မှ ၃၁ရက်အထိ သတ်မှတ်ကာ ကျောင်းအပ်နှံရေးလုပ်ငန်း များကို တစ်နိုင်ငံလုံး ပြုလုပ်သွားမည်ဖြစ်သည်။ ကျောင်းဖွင့်ချိန်နီးလာပြီဆိုသည်နှင့် မိဘများမှာ သားသမီးများ အတွက် ကျောင်းဝတ်စုံလေးများနှင့် ကျောင်းသုံးစာရေးကိရိယာများကို ကြိုတင်စီမံမှုများပြုလုပ်ကာ ဖြည့်ဆည်းပေးနေသည်ကို စာရေးကိရိယာ အရောင်းဆိုင်များနှင့် အထည်ဆိုင်များတွင် တွေ့နေရသည်။ ငွေကြေးအဆင်မပြေသည့် မိဘများအနေဖြင့် စိတ်ပူနေစရာမလိုပေ။ မိဘပြည်သူများ မိမိတို့၏သားသမီးများကို အဆင်ပြေပြေဖြင့် ပညာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်က အဘက်ဘက်မှ ဖြည့်ဆည်းပေးလျက်ရှိသည်။

ကျောင်းနေအရွယ်ကလေးတိုင်း စာတတ်မြောက်ရေးအတွက် နိုင်ငံတော်က ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်ခ(ဝင်ကြေး) အပါအဝင် ကျောင်းသုံးဗလာစာအုပ်များကို အခမဲ့ပေးကာ ဝန်ဆောင်မှုအပြည့်ဖြင့် ကျောင်းအပ်ခံမှုများ ပြုလုပ်ပေးခဲ့သည်။ ယခုပညာသင်နှစ်တွင်လည်း မူလတန်းအဆင့်သာမက အလယ်တန်းအဆင့်တွင် ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်ခ(ဝင်ကြေး)များ ပေးဆောင်စရာမလိုဘဲ ပညာသင်ကြားနိုင်ရန် ဖြည့်ဆည်းပေးမည်ဖြစ်သည်။

နိုင်ငံအတွင်း ပညာတတ်လူငယ်လူရွယ်များ အမြောက်အမြား ပေါ်ထွက်လာစေရန် ပညာရေးအသုံးစရိတ်များကို တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်အံ့" ဟူသည့် နိုင်ငံတော်၏ ဆောင်ပုဒ်နှင့်အညီ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားခွင့်ရရှိရေး၊ ကျောင်းနေသည့်ကလေးတိုင်း ကျောင်းနေမြဲစေရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် သင်ကြားမှုအပိုင်းတွင်လည်း လစ်ဟာမှုမရှိစေရန် နေ့စားလပေးဆရာ ဆရာမများကို ခေါ်ယူအားဖြည့် လျက်ရှိသည်။

ဤကဲ့သို့ နိုင်ငံတော်မှ ပညာရေးအခြေခံအုတ်မြစ်ကောင်းများရရှိရန် အဘက်ဘက်မှ ကြိုးပမ်းဖော်ဆောင်နေချိန်တွင် နိုင်ငံသားအားလုံးကလည်း ကျောင်းနေအရွယ်ကလေးတိုင်း စာသင်ကြားနိုင်ရေးအတွက် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ "ပညာရဲရင့်ပွဲလယ်တင့်" ဆိုစကားကဲ့သို့ မိမိတို့၏သားသမီးများကို လူမှုလောကအလယ်တွင် ရဲရင့်ပြောင်မြောက်သည့် ပညာတတ်ကြီးများအဖြစ်ဖြင့် လျှောက်လှမ်းနိုင်ရေးအတွက် မိဘတိုင်းက ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

အပြုအစုကောင်းသည့် ဥယျာဉ်မှူးများက ပြုစုပျိုးထောင်ပေးလိုက်သည့် သစ်ပင်ပန်းမန်လေးများမှာ ငွားငွားစွင့်စွင့်ဖြင့် ပန်းဥယျာဉ်ကြီးအတွင်းဝယ် ပေါ်ပေါ်ထင်ထင် ပွင့်လန်းရှင်သန်နေပေလိမ့်မည်။ ထိုကဲ့သို့ မိမိတို့၏ သားသမီးများကိုလည်း ညှိုးနွမ်းနေသည့် သစ်ပင်ပန်းမန်လေးများကဲ့သို့မဖြစ်စေရန် ငယ်စဉ်ကပင် ပညာပန်းဥယျာဉ်ကြီးထဲသို့ ပျိုးထောင်စိုက်ပျိုးကြရမည်ဖြစ်သည်။ မိုးလွန်မှထွန်ချခြင်းမျိုး မဖြစ်စေရန် ကျောင်းနေအရွယ်ကလေးတိုင်း အချိန်မီကျောင်းအပ်နှံရေး မိဘတိုင်းက မဖြစ်မနေ လုပ်ဆောင်ကြရမည်ဖြစ်သည်။

ယနေ့အချိန်သည် ကမ္ဘာ့နိုင်ငံတိုင်းက ပညာရေးကို အခြေခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်လာကြရာ မိဘတိုင်းကလည်း ခေတ်နှင့်အညီ မိမိတို့သားသမီးများ၏ ပညာရေးကို ဦးစားပေးလုပ်ဆောင်ကြရမည် ဖြစ်သည်။

သို့မှသာ မိမိတို့နိုင်ငံတော်ကြီးသည်လည်း အခြားနိုင်ငံများတန်းတူ လိုက်ပါပြောင်းလဲနိုင်မည်ဖြစ်ပါသည်။ "စာပေမြင့်မှ လူမျိုးတင့်မည်"ဆိုစကားကဲ့သို့ ကမ္ဘာ့အလယ်တွင် မြန်မာလူမျိုးတို့၏ ဂုဏ်သတင်းများလည်း ကျော်စောနိုင်မည်ဖြစ်သည်။ သို့ပါ၍ ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း မိဘတိုင်းက မိမိတို့၏သားသမီးများကို အချိန်မီကျောင်းအပ်နှံမှုများ ပြုလုပ်ကာ အနာဂတ်တွင် နိုင်ငံ၏ အားကိုးယုံကြည်ရသည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် မိဘ၊ ဆရာအားလုံးက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်။ ။

မြန်မာ-ဂျပန် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၂၀

မြန်မာ-ဂျပန် ဒုတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် မေ ၁၉ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က အဖွင့်အမှာစကား ပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီး ဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့မှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံခြားရေးရာမူဝါဒ ဗျူရို၏ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကုလသမဂ္ဂရေးရာ သံအမတ်ကြီးဖြစ်သူ မစ္စတာဂွန်ရှင်မိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များ၏ တိုးတက်မှုများ၊ ဂျပန်နိုင်ငံ၏ လူ့အခွင့်အရေး၊ အခြေအနေနှင့် မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒေသလိုအပ်ချက် ပြည်သူ့လိုအပ်ချက်များ ထည့်သွင်းရေးဆွဲရန် လိုအပ်

ရန်ကုန် မေ ၂၀

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် မေ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် စီမံကိန်းဦးစီးရုံး၌ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရန်ကုန်မြောက်ပိုင်းခရိုင် နှင့် သာယာဝတီခရိုင်တို့မှ စီမံကိန်းဦးစီးမှူးများနှင့် တွေ့ဆုံပြီး ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်၏ ပထမ ငါးနှစ်စီမံကိန်းသည် ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပြီး စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းမှူးများက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းမှူးများအနေဖြင့် မိမိဒေသ၏ အဓိကလိုအပ်ချက်ကို စိစစ်ဖော်ထုတ်ပြီး လက်ငင်း၊ ရေတို၊ ရေရှည် ဖြေရှင်းဆောင်ရွက်မည့် အစီအစဉ်များကို ဦးစားပေး အစီအစဉ်များအလိုက် ထည့်သွင်းရန်လိုအပ်ကြောင်း၊ ဒေသလိုအပ်ချက်၊ ပြည်သူ့လိုအပ်ချက်တို့ကို စီမံကိန်း ရေးဆွဲသူများက စီမံကိန်းများတွင် စနစ်တကျ ထည့်သွင်း ရေးဆွဲရန် လိုအပ်ကြောင်း၊ အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများကို အထက်အောက် ညီညွတ်မှုရှိရေး၊ ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းတို့ ညီညွတ်မှုရှိရေး၊ ကိန်းဂဏန်း၊ အချက်အလက် မျှော်မှန်းရလဒ်များ ညီညွတ်မှုရှိရေးတို့ကို အချိတ်အဆက်မိမိ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အောက်မှအထက်သို့ တင်ပြရေးဆွဲမှု စီမံကိန်း (Bottom-up Planning) ပုံစံဖြင့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုကို ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို စီမံကိန်းများတွင် မည်မျှဆောင်ရွက်နိုင်သည်၊ ကျန်ရှိသည့် လုပ်ငန်းများကိုမည်သည့် ဘဏ္ဍာငွေ အရင်းအမြစ်ဖြင့် ဆောင်ရွက်နိုင်သည်ကို သုံးသပ်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ခရိုင်နှင့်မြို့နယ် စီမံကိန်းဦးစီးမှူးများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို တင်ပြ ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအပေါ် ဖြည့်ဆည်းမှာကြားခဲ့သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၁-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

၅း၀၀	ပဌာန်းပါဠိတော်+ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၀း၄၅	အနုပညာမိုးကောင်းကင်
၁၁း၀၅	ဟင်းချက်ရအောင်
၁၁း၃၀	MRTV-4 Stage
၁း၀၀	"ပြောင်းလဲစွန့်ခွာခြင်း" (အပိုင်း-၂) တရားတော် (မေဓာဝီဒေါက်တာ အရှင်ပညိဿရာဘိဝံသ)
၃း၅၅	Cartoon Series (Go Go Giggle)
၄း၃၅	Cartoon Series (Go Torara Go)
၉း၂၀	Let's Talk
၁၀း၀၀	Minute to Win It
၁၀း၄၅	MTRV-4 Stage
၁၁း၁၅	World Of Knowledge (Mega Factories : Bentley)
၁း၅၅	Let's Talk
၂း၃၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၃၅	ကြည်ညိုဖူးမြော်ပုဂံဘုရားစေတီတော်

ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၂၀

ရန်ကုန်	ရွှေစျေး	၆၆၁၇၀၀	-	၆၆၂၅၀၀
မန္တလေး	ရွှေစျေး	၆၆၁၆၀၀	-	၆၆၂၃၀၀

စက်သုံးဆီစျေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၄. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၀. ၇
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၄. ၅၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၅၃၀
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၉. ၈၉
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၅၁၄
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၀. ၃၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၂၅၆
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၈၉၈. ၅၈
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၀. ၃၇

ပြည်တွင်းရေးရာ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များနှင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ ဆွေးနွေး



နေပြည်တော် မေ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်နိုင်ငံတော်ကောင်စီဝင် အမျိုးသားကာကွယ်ရေးဝန်ကြီး General Chang Wanquan ဦးဆောင်သော ကိုယ်စားလှယ်နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့ တွေ့ဆုံစဉ် မြန်မာ-တရုတ်နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်နိုင်ငံတော်ကောင်စီဝင် အမျိုးသားကာကွယ်ရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Yang Houlan လည်း တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် မေ ၂၀

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်နိုင်ငံတော်ကောင်စီဝင် အမျိုးသားကာကွယ်ရေးဝန်ကြီး General Chang Wanquan ဦးဆောင်သည့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဆွေ၊ သူရဦးအောင်ကို၊ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်၊ ပြည်သူ့လွှတ်တော်၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်ထွန်း၊ ဦးကြည်ထွဋ်ဝင်း၊ ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

လာအိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ဝမ်းနည်းဖွယ်လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ အာဆီယံကာကွယ်ရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများဖြစ်ကြသော ကျွန်ုပ်တို့သည် ၂၀၁၄ ခုနှစ် မေလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံ နေပြည်တော်တွင် ဆုံတွေ့ခဲ့ကြသည်။

၂၀၁၄ ခုနှစ် မေလ ၁၇ ရက်နေ့တွင် လာအိုနိုင်ငံ ရှန်ကောင်းပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ဝမ်းနည်းဖွယ် လေယာဉ်ပျက်ကျမှုကြောင့် လာအိုနိုင်ငံ ခေါင်းဆောင်များနှင့် အဆင့်မြင့်အစိုးရအရာရှိကြီးများ ကွယ်လွန်ခဲ့ရပါသည်။ ယင်းလေယာဉ်ပျက်ကျမှုအပေါ် လာအိုဒီမိုကရက်တစ်နိုင်ငံအစိုးရနှင့် ပြည်သူများသို့ ကျွန်ုပ်တို့က လေးနက်စွာ ဝမ်းနည်းကြေကွဲကြောင်းနှင့် စာနာထောက်ထားပါကြောင်း ဖော်ပြလိုပါသည်။

ကျွန်ုပ်တို့၏လုပ်ဖော်ကိုင်ဖက် လာအိုဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဒေါင်ချေးပီချစ် ရုတ်တရက်ကွယ်လွန်ခဲ့ခြင်းအတွက် ကျွန်ုပ်တို့ ဝမ်းနည်းကြေကွဲမိကြသည်။ ဒုတိယဗိုလ်ချုပ်ကြီး ဒေါင်ချေးပီချစ်သည် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး စတင်ပေါ်ပေါက်ခဲ့သည့် ၂၀၀၆ ခုနှစ်မှစတင်၍ ပါဝင်တက်ရောက်ခဲ့သူဖြစ်သည်။ ၎င်းကွယ်လွန်ခဲ့ခြင်းသည် လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာနအတွက်သာမက အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး (ADMM) အတွက်ပါ ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်ပါသည်။ ယခုကဲ့သို့ ဝမ်းနည်းဖွယ်အခါသမယတွင် မိမိတို့၏ခံစားမှုများသည် လာအိုပြည်သူများနှင့် ဒုတိယဗိုလ်ချုပ်ကြီး ဒေါင်ချေးပီချစ်မိသားစုနှင့်အတူ တစ်သားတည်းရှိနေကြောင်း ဖော်ပြလိုပါသည်။

❖ **ရှေ့ဖုံးမှ**

ယင်းအလိုလျောက်မြစ်ရေကြီးမှုတိုင်းတာသတိပေးစနစ် (Telemetry System)သည် မိုဘိုင်းဖုန်းဆင်းမ်ကတ်နှစ်ခုကိုအသုံးပြု၍ တစ်ခုမှ အင်တာနက်ကို ချိတ်ဆက်ကာ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ အင်တာနက်စာမျက်နှာများသို့ မြစ်ရေနှင့်ပတ်သက်သည့် အချက်အလက်နှင့် အခြားမိုးလေဝသနှင့်ဆိုင်သည့် အချက်အလက်များ ပေးပို့မည်ဖြစ်ပြီး နောက်တစ်ခုမှ မိုးလေဝသနှင့် ဇလဗေဒရုံးများ/စခန်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကယ်ဆယ်ရေးအဖွဲ့အစည်းများ၏ တယ်လီဖုန်းနံပါတ်များသို့ မြစ်ရေ (စိုးရိမ်ရေမှတ်)နှင့်ပတ်သက်သည့် အချက်အလက်များအား ကြိုတင်သတ်မှတ်ထားသည့် အချိန်အပိုင်းအခြားလိုက် စာတိုပို့စနစ်ဖြင့် ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စနစ်သည် မြန်မာနိုင်ငံတွင် ပထမဆုံး အသုံးပြုသောစနစ်ဖြစ်ပြီး ပဲခူး၊ ဟသ်ာတ၊ ဘားအံမြို့တို့တွင် တပ်ဆင်ပြီးစီးသွားပြီဖြစ်၍ စတင်စမ်းသပ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ တောင်ငူမြို့နှင့် ရွှေကျင်မြို့တို့တွင်လည်း အခြေခံအဆောက်အအုံများ တည်ဆောက်ပြီးစီးသွားပြီး စက်ကိရိယာသာတပ်ဆင်ရန် ကျန်တော့ကြောင်း သိရသည်။ “အရင်က မြစ်ရေကြီးရင် စိုးရိမ်ရေမှတ်ကို လူကိုယ်တိုင်သွားကြည့်ပြီး သက်ဆိုင်ရာရုံးတွေနဲ့ အုပ်ချုပ်ရေးအဖွဲ့တွေကို အကြောင်းကြားပေးရတယ်။ အဲဒီစနစ်က ခေတ်မမီတော့ဘူး။ ယခုစနစ်ကနေ အချိန်နဲ့တစ်ပြေးညီ အချက်အလက်တွေကို ရလို့ မြစ်ရေကြီးမှုကို အချိန်မီသိပြီး ကယ်ဆယ်ရေး လုပ်ငန်းတွေမှာ အထောက်အကူပြုနိုင်တော့မှာပါ”ဟု တောင်ငူခရိုင် မိုးလေဝသနှင့်ဇလဗေဒ ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က ပြောသည်။

စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် တောင်ငူမြို့သည် ၂၀၁၁ ခုနှစ် စံချိန်တင်ရေကြီးမှု ရက်ရှည်ကြာမြင့်ခဲ့ပြီး ၂၀၁၃ ခုနှစ် စစ်တောင်းမြစ်ရေသည် နှစ်ပေါင်း ၄၀ ကျော်အတွင်း တောင်ငူမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာ၏ အထက် ၁၁၃ စင်တီမီတာမြင့်တက်ခဲ့ကြောင်း တောင်ငူခရိုင် မိုးလေဝသနှင့် ဇလဗေဒရုံး၏ မှတ်တမ်းများအရ သိရသည်။ **ကျော်စွာ(တောင်ငူ)**

ထိုင်းနိုင်ငံ၌ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်၊ နိုင်ငံတည်ငြိမ်အေးချမ်းရန် ရည်ရွယ်ဟုဆို

ဗန်ကောက် မေ ၂၀

ထိုင်းနိုင်ငံ၌ တန်ခိုးသြဇာကြီးမားသည့် ကြည်းတပ်က မေ ၂၀ ရက်တွင် စစ်အုပ်ချုပ်ရေးအမိန့် (မာရှယ်လော)ကို ထုတ်ပြန်လိုက်ကြောင်း၊ ယင်းနိုင်ငံ၌ ခြောက်လကြာမျှ နိုင်ငံရေးမငြိမ်မသက်မှု ဖြစ်ပွားခဲ့ပြီးနောက် စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်လိုက်သော်လည်း အာဏာသိမ်းခြင်းမဟုတ်ဟု ထိုင်းစစ်ဘက်အာဏာပိုင်များက အခိုင်အမာပြောကြားသည်။

ထိုင်းနိုင်ငံ၌ ဗိုလ်ချုပ်ကြီးပနာယွတ်ချန်အိုချာက စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်လိုက်ခြင်းနှင့် ပတ်သက်၍ အများပြည်သူတို့ အံ့အားသင့်မှုဖြစ်ကြရသည်။ မေ ၂၀ရက် အရုဏ်မတက်မီအချိန်မှစ၍ စစ်သားများက မြို့တော်တစ်ဝန်း၌ လုံခြုံရေး ရယူလိုက်ကြသည်။ တစ်နိုင်ငံလုံး၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် စစ်ဘက်က တာဝန်ယူလိုက်ကြောင်း၊ နိုင်ငံတည်ငြိမ်မှုရရှိရန် ရည်ရွယ်ချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ကို ကျင့်သုံးမည်ဖြစ်ကြောင်း ကြည်းတပ်၏ ကြေညာချက်တွင် ဖော်ပြသည်။

မြို့တော်ဗန်ကောက်၌ လုံခြုံရေးစောင့်ကြပ်လျက်ရှိကြသော စစ်သည်များကို တွေ့ရစဉ်။

ထိုင်းနိုင်ငံ၌ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့သော်လည်း ခေတ္တဝန်ကြီးချုပ် နီဝပ်တန်ရောင်းဘွန်ဆောင်းပိုင်ဆန်းက ရာထူးမှနုတ်ထွက်ပေးရန် ငြင်းဆန်ခဲ့သည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်လိုက်သော်လည်း လူဦးရေ ၁၀ သန်းနေထိုင်ရာ မြို့တော်ဗန်ကောက်၌ ကျောင်းများ၊ ဈေးဆိုင်များ ပုံမှန်ဖွင့်လှစ်ထားပြီး ကမ္ဘာလှည့်ခရီးသည်များ အရောက်အပေါက်များသည့် နေရာဒေသများတွင်လည်း ပုံမှန်အတိုင်း သွားလာလှုပ်ရှားမှုများရှိနေကြောင်း၊ လမ်းများပေါ်တွင်လည်း ပုံမှန်သွားလာလျက်ရှိကြကြောင်း သတင်းတွင် ဖော်ပြသည်။

အရှေ့တောင်အာရှဒေသ၏ စီးပွားရေးအချက်အချာကျသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ၌ ၂၀၀၆ ခုနှစ်မှစ၍ နိုင်ငံရေးအရ မငြိမ်မသက်ဖြစ်မှု စတင်ခဲ့သည်။ ယင်းနှစ်တွင် စစ်ဘက်ကအာဏာသိမ်းခဲ့ပြီး ဝန်ကြီးချုပ် သက်ဆင်ရှင်နာဝါထရာကို ဖြုတ်ချခဲ့သည်။ သက်ဆင်သည် အဂတိလိုက်စားခြင်း၊ အာဏာအလွဲသုံးခြင်း၊ ဘုရင်စနစ်ကို မထီမဲ့မြင်ပြုခြင်း စသည့်စွဲချက်များကို ရင်ဆိုင်ခဲ့ရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်မည့်အကြောင်းကို စစ်ဘက်အာဏာပိုင်များက ခေတ္တဝန်ကြီးချုပ် ဘွန်ဆောင်းပိုင်ဆန်းအား ကြိုတင်အသိပေးခဲ့ခြင်းမရှိဟု ဆိုသည်။ ထိုစဉ်အတွင်း ခေတ္တဝန်ကြီးချုပ်က ဝန်ကြီးအဖွဲ့ အရေးပေါ်အစည်းအဝေးခေါ်ယူရန် စီစဉ်လျက်ရှိသော်လည်း မည်သည့်နေရာတွင် ယင်းအစည်းအဝေးကျင်းပမည်ကို မသိရပေ။

ရိုက်တာ။

ဝန်ကြီးအဖွဲ့သစ် ဖွဲ့စည်းနိုင်ရန် ကြိုးပမ်းနေသော နရိန္ဒြာမိုဒီအား တွေ့ရစဉ်။

အိန္ဒိယဝန်ကြီးချုပ်သစ်အဖြစ် တာဝန်ယူရန် မေ ၂၆ ရက်တွင် မိုဒီ ကျမ်းသစ္စာကျိန်ဆိုမည်

နယူးဒေလီ မေ ၂၀

အိန္ဒိယနိုင်ငံတွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သူ ဘီဂျေပီပါတီခေါင်းဆောင် နရိန္ဒြာမိုဒီသည် မေ ၂၆ ရက်တွင် အိန္ဒိယဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုကာ စတင်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဘီဂျေပီပါတီက ယနေ့ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် ထောက်ခံမဲ အပြတ်အသတ်ရရှိခဲ့သည် ဘီဂျေပီပါတီခေါင်းဆောင် နရိန္ဒြာမိုဒီသည် အိန္ဒိယသမ္မတ ပရာနပ်မူခါဂျီနှင့် တွေ့ဆုံခဲ့ပြီးနောက် အစိုးရအဖွဲ့ တရားဝင်ဖွဲ့စည်းခွင့်ရရှိခဲ့သည်။ ရွေးကောက်ပွဲတွင် ဘီဂျေပီပါတီမှ ရွေးချယ်ခံရသော အမတ် ၂၈၂ ဦးနှင့် ပါတီခေါင်းဆောင် နရိန္ဒြာမိုဒီတို့ ယနေ့ တွေ့ဆုံဆွေးနွေးကြသည်။

မစ္စတာမိုဒီသည် ဝန်ကြီးအဖွဲ့ဝင် အပြီးသတ်ရွေးချယ်ဖွဲ့စည်းရေးအတွက် အစည်းအဝေးများကို ဆက်တိုက်ပြုလုပ်လျက်ရှိနေသည်။

ဖွဲ့စည်းနိုင်မည်

အိန္ဒိယပါလီမန်အတွက်အနည်းဆုံးအမတ်ဦးရေ ၂၇၂ ဦးရရှိပါက မည်သည့်ပါတီမဆို တစ်ပါတီတည်းဖြင့် အစိုးရဖွဲ့စည်းနိုင်မည်ဖြစ်ရာ ဘီဂျေပီပါတီသည် အစိုးရဖွဲ့စည်းရန် အခြားပါတီများနှင့် ပူးပေါင်းရန်မလိုဘဲ အကြွင်းမဲ့တစ်ပါတီတည်း အစိုးရဖွဲ့စည်းနိုင်မည်ဖြစ်သည်။

လာမည့် မေ ၂၆ ရက်(တနင်္လာနေ့) အိန္ဒိယစံတော်ချိန် ညနေ ၆ နာရီတွင် ဝန်ကြီးချုပ်သစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို ကျင်းပမည်ဟု သတင်းထောက်များအား မိုဒီက ပြောကြားသည်။

အိန္ဒိယသမ္မတနန်းတော်၌ကျင်းပမည့် ကျမ်းသစ္စာကျိန်ဆိုပွဲတွင် မိုဒီအစိုးရအဖွဲ့၏ အထက်တန်းဝန်ကြီးအဖွဲ့ဝင်စာရင်းကို ထုတ်ပြန်မည်ဟု မျှော်လင့်ရသည်။

ဘီဘီစီ။

ဟာဝိုင်ယီသိပ္ပံပညာရှင်များ ပင်လယ်ရေအောက်မီးတောင် ရှာဖွေတွေ့ရှိ

ဟိုနိုလူလူ မေ ၂၀

အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ်မှ သိပ္ပံပညာရှင်များသည် ရှေးဟောင်းပင်လယ်ရေအောက် မီးတောင်တစ်လုံးကို ရှာဖွေတွေ့ရှိရကြောင်း အမေရိကန် ဘူမိဗေဒအသင်းက ထုတ်ပြန်သော သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ပင်လယ်ရေအောက်မီးတောင်သည် မြုံနေသောမီးတောင်တစ်လုံးဖြစ်ပြီး တစ်ချိန်တစ်ခါက ပင်လယ်ရေမျက်နှာပြင်အထက်သို့ ပေ ၃၀၀၀ အထိ ထိုးထွက်နေသည့် မီးတောင်တစ်လုံးအဖြစ်ရပ်တည်ခဲ့ကြောင်း၊ အိုယာဟူကျွန်းဖြစ်ပေါ်လာသည့် ဘူမိဖြစ်စဉ်တွင် ယင်းမီးတောင်က အထောက်အကူပြုခဲ့သည်ဟု သိပ္ပံပညာရှင်များက ယူဆကြကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။ အမေရိကန် ဟာဝိုင်ယီကျွန်းစုများအနက် တတိယအကြီးဆုံးကျွန်းမှာ အိုယာဟူကျွန်းဖြစ်ကာ လူဦးရေကိုးသိန်းကျော် နေထိုင်ရာကျွန်းတစ်ကျွန်းဖြစ်ပြီး ဟာဝိုင်ယီပြည်နယ်၏ မြို့တော်ဟိုနိုလူလူသည် ယင်းကျွန်းတွင်တည်ရှိသည်။

ရှေးဟောင်းပင်လယ်ရေအောက်မီးတောင်ကို ကယ်နာဟုအမည်ပေးထားပြီး လွန်ခဲ့သည့်နှစ်ပေါင်း ငါးသန်းခန့်က စတင်ပေါက်ကွဲခဲ့ကာ ကျွန်းများကို ဖွဲ့စည်းဖြစ်ပေါ်စေခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ရိုက်တာ။

မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့် တရုတ်နှင့် ရုရှားသမ္မတတို့ တွေ့ဆုံဆွေးနွေး

ပေကျင်း မေ ၂၀

အာရှဒေသလုံခြုံရေးဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် တရုတ်နိုင်ငံသို့ရောက်ရှိနေသော ရုရှားသမ္မတ ဗလာဒီမာပူတင်သည် သမ္မတရှီကျင့်ဖျင်နှင့် မေ ၂၀ ရက်က တွေ့ဆုံဆွေးနွေးသည်။

သမ္မတပူတင်သည် မေ ၂၀ ရက်အစောပိုင်းက ရှန်ဟိုင်းသို့ရောက်ရှိလာသည်။ စတုတ္ထအကြိမ် အာရှနိုင်ငံများ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရေး ထိပ်သီးညီလာခံကို ရှန်ဟိုင်းမြို့၌ မေ ၂၀ နှင့် ၂၁ ရက်တို့တွင် ကျင်းပရန် စီစဉ်ထားသည်။

တရုတ်နှင့် ရုရှားသမ္မတတို့၏ ဆွေးနွေးပွဲမစတင်မီ သမ္မတပူတင်အား ကြိုဆိုသည့်အခမ်းအနားတစ်ရပ်ကို ကျင်းပခဲ့သည်။ သမ္မတပူတင်သည် ရှီကျင့်ဖျင်အာဏာရရှိလာခဲ့ပြီးနောက် တရုတ်နိုင်ငံသို့လာရောက်သည့် ပထမဆုံး ရုရှားသမ္မတတစ်ဦးဖြစ်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလက ရုရှားနိုင်ငံ ဆိုချီမြို့၌ ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော် ကျင်းပစဉ်ကာလအတွင်း မိမိတို့နှစ်ဦး တွေ့ဆုံဆွေးနွေးနိုင်ခဲ့ခြင်းသည် ယခုနှစ်အတွင်း တရုတ်နှင့် ရုရှား ဆက်ဆံရေးတိုးတက်ခိုင်မာမှု၏ အစပျိုးမှုတစ်ရပ်ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။

တရုတ်နှင့် ရုရှားသမ္မတတို့သည် နှစ်နိုင်ငံ မဟာဗျူဟာ ပူးပေါင်းရေးဆိုင်ရာ သံတမန်ရေးကြိုးပမ်းမှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်လျက် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်မည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

တရုတ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အကြီးဆုံးသော ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်ရေးမှာ လွန်ခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၉၀ ဘီလီယံဖိုးအထိရှိပြီး ၂၀၁၅ ခုနှစ်ထက် နောက်မကျဘဲ ဒေါ်လာဘီလီယံ ၁၀၀ ဖိုးအထိ ရောက်ရှိလာမည်ဟု မျှော်မှန်းရသည်။

မြို့ပြလေကြောင်း၊ လေကြောင်းအာကာသ၊ စက်မှုလုပ်ငန်း၊ စွမ်းအင်နှင့် ယဉ်ကျေးမှုနယ်ပယ်ကဏ္ဍတို့၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် သမ္မတပူတင်နှင့် တရုတ်ခေါင်းဆောင်တို့က တိုက်တွန်းသည်။ **ဆင်ဟွာ။**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့သို့ ရုရှားသမ္မတ ဗလာဒီမာပူတင် ဆိုက်ရောက်လာစဉ်။

ကျေးလက်ဒေသ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ယူရို ခုနစ်သန်း အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် မေ ၂၀

မြန်မာနိုင်ငံ ကျေးလက်ဒေသ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်မှ ယူရို ခုနစ်သန်း အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ဂျာမန်ဖွံ့ဖြိုးရေးဘဏ်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံ စီမံချက်အတွက် အကူအညီငွေ ယူရို ခုနစ်သန်း ပေးအပ်ရေးဆိုင်ရာ သဘောတူစာချုပ်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကိုယ်စား နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုယ်စား မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သိန်းနှင့် ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (KFW)ကိုယ်စား KFW ဥရောပနှင့် အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Roland Siller၊ KFW (ရန်ကုန်ရုံး) ညွှန်ကြားရေးမှူး Mr. Christian Richer တို့က လက်မှတ်ရေးထိုးကြသည်။

ယခုသဘောတူစာချုပ်အရ ဂျာမန်အစိုးရ၏ အထောက်အပံ့ဖြင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ် KFWမှ အကူအညီငွေ ယူရိုခုနစ်သန်း ပေးအပ်ခြင်းဖြင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကျေးလက်ဒေသများဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသလမ်းများနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူရရှိကာ ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားရေးအခြေအနေများ တိုးတက်လာမည်ဖြစ်ပါသည်။ ယခုပေးအပ်သော ဂျာမန်ဖွံ့ဖြိုးရေးဘဏ်၏ ယူရိုခုနစ်သန်းသည် ၁၉၈၈ နောက်ပိုင်း ဂျာမနီနိုင်ငံက မြန်မာနိုင်ငံသို့ ၂၅ နှစ်အတွင်း ပထမဆုံးပြန်လည်ပေးအပ်သည့် အထောက်အပံ့ဖြစ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ဒေါက်တာလင်းအောင်၊ ဒေါ်လှဲ့လှဲ့သိန်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး Mr. Weber- Lortsch၊ KFW ဥရောပနှင့်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Roland Siller၊ KFW (ရန်ကုန်ရုံး) ညွှန်ကြားရေးမှူး Mr. Christian Richerနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူ

နေပြည်တော် မေ ၂၀

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် မေ့ဆေးပညာဒီပလိုမာ၊ ဓာတ်မှန်ပညာဒီပလိုမာနှင့် ရောဂါဗေဒဒီပလိုမာ ဘွဲ့လွန်သင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူထားပါကြောင်း၊ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ဇွန် ၁၃ ရက် နောက်ဆုံးပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အသေးစား ငါးသားဖောက်လုပ်ငန်းများ ကျပ်သိန်း ၅၀ စီ ငွေထုတ်ချေးမည်

ရန်ကုန် မေ ၂၀

အသေးစားငါးသားဖောက်လုပ်ငန်းများအဖြစ် ရပ်တည်လုပ်ကိုင်နိုင်ရန် ကျပ်သိန်း ၅၀ နှုန်းစီ ငွေထုတ်ချေးမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းဝင်းက ပြောကြားသည်။

ငါးသားဖောက်စခန်းတစ်ခု တည်ဆောက်ပါက ကျပ်သိန်း ၁၀၀ ခန့် အနည်းဆုံးကုန်ကျမှုရှိပြီး မြေကန်များဖြင့် အသုံးပြုကာ အသေးစားသားဖောက်လုပ်ငန်းများ လုပ်ဆောင်ပါက ကျပ်သိန်း ၅၀ ခန့်ဖြင့် ရပ်တည်လုပ်ဆောင်နိုင်သည်ဟု လေ့လာတွေ့ရှိရခြင်းကြောင့် ပြည်တွင်းငါးသားဖောက်လုပ်ငန်းများ ရပ်တည်ရှင်သန်နိုင်စေရန် ငွေထုတ်ချေးသည့် အစီအစဉ်ကို စတင်ခြင်းဖြစ်ကြောင်း သိရသည်။

“သက်ဆိုင်ရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနကိုလျှောက်ပြီး တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ထောက်ခံရင်ချေးပေးမယ်”ဟု ၎င်းက ပြောကြားသည်။ ထို့အပြင် ငါးကန်တူးဖော်သည့် မွေးမြူရေးလုပ်ငန်းရှင်များအတွက်လည်း လုပ်ငန်းများ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် မြေတူးစက်များဝယ်ယူသုံးစွဲနိုင်စေဖို့ ငွေထုတ်ချေးခြင်းများရှိကြောင်း၊ ယင်းချေးငွေမှာ အတိုး ၁၂ ကျပ်နှင့် ဝန်ဆောင်မှုစရိတ်အပါအဝင် ၁၃ ကျပ်တိုးဖြင့် ထုတ်ချေးနေပြီး တစ်နှစ်ချင်း ပြန်ဆပ်ရသောစနစ်ဖြင့် လုပ်ဆောင်ခြင်းများရှိကြောင်း သိရသည်။

ထိုသို့ဖြင့် ပြည်တွင်းငါးမွေးမြူရေးလုပ်ငန်းများဖြစ်ထွန်းအောင်မြင်ကာ ငါးရိက္ခာဖူလုံမှုရှိစေရန် အစိုးရပိုင်းက ပံ့ပိုးကူညီမှုများဖြင့် လုပ်ဆောင်ပေးနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

☆ **ကျောဖုံးမှ**

ပြည်ထောင်စု၏ လုပ်ပိုင်ခွင့်အတွင်းမှ ဆောင်ရွက်နိုင်သော ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လိုအပ်သောကိစ္စရပ်များကို ခွဲခြား၍ ဆွေးနွေးစေလိုကြောင်း၊ ဆွေးနွေးရာတွင် မိမိတိုင်းဒေသကြီး/ပြည်နယ်အတွက် အခွန်အကောက်ရရှိရေး တစ်ခုတည်းကိုသာ ဦးတည်ချက်မထားဘဲ မိမိဒေသအပါအဝင် နိုင်ငံတစ်ဝန်းလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်း၍ အကြံပြုဆွေးနွေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ဇယား (၁)၊ (၂) နှင့် (၅) ပါ ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက တစ်ပိုဒ်ချင်းအလိုက် အသေးစိတ်ဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ခေတ္တရပ်နားသည်။

မွန်းလွဲ ၂ နာရီတွင် ပြန်လည်စတင်ရာ ပြည်သူများ၏ လိုအပ်ချက်ကို ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာနများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အား လုပ်ငန်းခွဲဝေဆောင်ရွက်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး၊ မြေယာစီမံခန့်ခွဲမှု၊ အခွန်ကောက်ခံမှု စသည့်ကိစ္စရပ်များတွင် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ခွဲဝေဆောင်ရွက်မှု၊ နောင်အနာဂတ်တွင် တိုးပွားလာမည့်လူဦးရေအတွက် ဝန်ကြီးဌာနများနှင့်သက်ဆိုင်သည့် မြေယာများတွင် လူနေမှုစနစ်အတွက် အသုံးပြုနိုင်အောင် ဆောင်ရွက်ရေး၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူများနေထိုင်မှုအတွက်သာမက လုပ်ကိုင်စားသောက်ရေး၊ ရေရရှိရေးတို့အတွက် တိုင်းဒေသကြီး/ပြည်နယ်များမှ လုပ်ငန်းစဉ်အကြမ်းရရှိအောင် ဆောင်ရွက်ပေးရေး၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ စက်မှုလယ်ယာကဏ္ဍတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အား ၂၀၁၂-၂၀၁၃ ခုနှစ်မှစတင်ကာ လုပ်ငန်းဆောင်ရွက်မှုအား လွှဲပြောင်းထားမှုအခြေအနေ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသမီးလင်းရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ရေနံ၊ သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရေနံလက်ယက်တွင်းများလုပ်ဆောင်ရာ၌ ပုဒ်မ-၄၅၅ အရ ဆောင်ရွက်ရေး၊ ရေနံနှင့်ရေနံထွက်ပစ္စည်းချက်လုပ်ခြင်းကိစ္စတွင် နည်းပညာနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပြည်ထောင်စုလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ၊ ဓာတ်အားပေးစက်ရုံများတည်ဆောက်နိုင်မှု၊ ဓာတ်အားစနစ်ဆောင်ရွက်ထားမှု၊ သတ္တုတွင်းကဏ္ဍ စသည့် ကိစ္စရပ်များတွင် ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်မှု၊ တိုင်းဒေသကြီး/ပြည်နယ်များအား တာဝန်ခွဲဝေချထားမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ကဏ္ဍအလိုက်အသေးစိတ်ဆွေးနွေးကြသည်။

အစည်းအဝေးကို ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းခဲ့ပြီး မေ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ **အေအက်ဖ်စီမှ**

မြန်မာအသင်းနှင့် ပါလက်စတိုင်းအသင်းတို့မှာ ပွဲဦးထွက်ပွဲစဉ်များတွင် နိုင်ပွဲများရရှိထားသည့် အသင်းများဖြစ်ပြီး မြန်မာအသင်းမှာ အိမ်ရှင်မော်လ်ဒိုက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ပါလက်စတိုင်းအသင်းမှာ တာဂျစ္စတန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိထားသည်။ မြန်မာအသင်းမှာ ပွဲဦးထွက်ပွဲတွင် အိမ်ရှင်မော်လ်ဒိုက်အသင်းကို တစ်ယောက်လျော့ဖြင့် ကစားခဲ့ရပြီး အနိုင်မခံ၊ အရှုံးမပေးစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ခဲ့သောကြောင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးများကို ကျော်ကိုကိုက နှစ်ဂိုးနှင့် ငြိမ်းချမ်းအောင်က တစ်ဂိုးစီသွင်းယူပေးခဲ့ပြီး ဂိုးသမားသီဟစည်သူမှာလည်း သေချာပေါက်ဂိုးအချို့ကို ကာကွယ်နိုင်ခဲ့သည်။

ယနေ့ယှဉ်ပြိုင်မည့်ပွဲမှ မြန်မာအသင်းအတွက် နောက်တစ်ဆင့် တက်ရောက်ရေးအတွက် အရေးပါသည့်ပွဲစဉ်ဖြစ်ပြီး အနိုင်ရရှိရန် ကြိုးပမ်းရမည်ဖြစ်သည်။ ပါလက်စတိုင်းအသင်းမှာလည်း ပွဲဦးထွက်နိုင်ပွဲရရှိထားသောကြောင့် ယခုပွဲမှာ အကြိတ်အနယ်ရှိမည့် ပွဲကောင်းတစ်ပွဲဖြစ်လာနိုင်ပေသည်။

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၀/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ/မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-012(14-15)	10"ERW Steel Line Pipe(20 Miles) (API 5L, Grade X 42,3 LPE Coated)	US$
(၂)	IFB-013(14-15)	14" ERW Steel Line Pipe (33 Miles) (API 5L, Grade X 42,3 LPE Coated)	US$
(၃)	IFB-014(14-15)	Pipe Lifting & Aligning Equipments	US$
(၄)	IFB-015(14-15)	Spares for Jumbo Tube & Storade Cascade For CNG Stations	US$
(၅)	IFB-016(14-15)	Spares for ZJ 70L Drilling Rig Control Pannel	US$
(၆)	IFB-017(14-15)	Engine Spares for 30 Ton Mack Truck	US$
(၇)	IFB-018(14-15)	Spares for Mack Truck	US$
(၈)	DMP/L-006(14-15)	Tyre Assorted Size(8) Items	Kyats
(၉)	DMP/L-007(14-15)	12V 21Plate, 12V 17 Plate & 12V 13 Plate Battery	Kyats

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၈-၆-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

သတိမူစရာ ဤအခါ

မောင်စိုးမောင်(ပညာရေး)

မေလနောက်ဆုံးပတ်နှင့် ဇွန်လ ပထမပတ်ကို ရောက်ပြီဆိုမှဖြင့် ကျွန်တော်တို့မြန်မာ့မြေတွင် မုတ်သုံမိုးနှင့်အပြိုင် ဝန်းကျင်တစ်ခွင် စိမ်းစိုလွှင်နေပေပြီ။ အပူရှိန်များလည်း လျော့ကျစပြုပါပြီ။ ဤအချိန်အခါမျိုးတွင် ပညာသင်နှစ်၏ အစ၊ ကျောင်းဖွင့်ချိန်အဖြစ် နှစ်ပေါင်းများစွာကတည်းက သတ်မှတ်ပေးခဲ့သောအကြီးအကဲများ၏ စေတနာနှင့် ပညာဉာဏ်အမြော်အမြင်ကြီးမားမှုကို လေးစားကြည်ညိုမဆုံးဖြစ်ရပါသည်။

ယခု ပညာသင်နှစ်တွင်လည်း မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ပေးထားပါသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံကြဖို့ ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေးကြရန်လည်းနှိုးဆော်ထားပါသည်။ ဇွန် ၂ ရက် (တနင်္လာနေ့)တွင် စာသင်သံများကြားရပါတော့မည်။ အနာဂတ်အတွက် အားရှိစရာများပါတည်း။

အနာဂတ်ဟုဆိုလိုက်လျှင် လာမည့်အချိန်ကာလကိုသာ ပြေး၍ မြင်ယောင်ကြသူများပါသည်။ ကျွန်တော်တို့လောကသားများအတွက်တော့ အနာဂတ်ပုံရိပ်သည် ကလေးများပါတည်း။ အနာဂတ်ကောင်းစေချင်လျှင် ကလေးများကို ကောင်းအောင်၊ တော်အောင်ပြုစုပျိုးထောင်ပုံဖော်ပေးကြရပါလိမ့်မည်။ ကလေးများ အဆိုးစရိုက်ဝင်နေကြပြီဆိုလျှင်ဖြင့် ကျွန်တော်တို့ အနာဂတ်ကောင်းဖို့ရန် မမြင်ပါ။ ကလေးသည် ကျွန်တော်တို့အနာဂတ်တည်း။ ကျွန်တော်တို့အားလုံး၏ အနာဂတ်ကို ယနေ့ကလေးတို့က စိုးမိုးခြယ်သမွမ်းမံကြစေလိုပါသည်။ ပိုင်စိုးပိုင်နင်း မဖျက်ဆီးစေလိုပါ။

ဤသို့ဆိုလျှင် လက်ဦးဆရာဖြစ်သော မိဘများ၊ ဒုတိယမိဘဖြစ်သော ဆရာများ သတိမူစရာတင်ပြလိုပါသည်။ ယခု ပညာသင်နှစ်မှာမှ ကျောင်းသို့ စတင်ဝင်ရောက်လာမည့် ကလေးများ အရေးပါတည်း။ အနာဂတ်၏ ဗွီအိုင်ပီများအရေးပါတည်း။

မိတ်ဆွေတစ်ဦး၏ သမီးငယ်လေးအဖြစ်က ရင်မောစရာပါ။ လွန်ခဲ့သော ငါးနှစ်ကဖြစ်ပါ၏။ မြို့၏နာမည်ကြီးကျောင်းသို့ သူငယ်တန်းကျောင်းသူအဖြစ် သွားရောက်အပ်နှံ၏။ ဖခင်က သမီးကလေးအားရှိအောင် သူငယ်တန်းကလေးမိဘများနှင့်အတူ ကျောင်းဝိုင်းထဲမှာ နေပေး၏။ သမီးကလေး မကြောက်၊ အားရှိ၏။ သို့သော် သုံးရက်မြောက်နေ့တွင် သူငယ်တန်းအတန်းပိုင်ဆရာမက ကလေးများကို စာသင်ခန်းထဲထည့်ကာ တံခါးကို ဂျိုင်းခနဲပိတ်လိုက်တော့၏။ ကလေးများ ဝါးခနဲ ငိုသံကြားရ၏။ မိဘများရင်ထဲမှာ မကောင်း။ နောက်နေ့များတွင် ဖခင်က လမ်းလျှောက်ရင်း ဘုရားဖူးသွားနေကျမို့ ကလေးကိုခေါ်ရာ ခေါ်၍မရတော့။ ဘုရားတန်ဆောင်းအဝင်ဝက သံတံခါးကြီးပိတ်မှာ ကြောက်သည်ဆိုပြီး ငိုယိုကာ ငြင်းနေတော့သည်။ ဘုရားဖူးဖို့ပင် ခေါ်၍မရတော့။

- မူကြိုတန်းနှင့် သူငယ်တန်းသင်ပြမည့်သူများသည် ကလေးများနှင့် ရင်းနှီးမှုရရှိအောင် မိဘများကိုပါ ပြေပြစ်စွာဆက်ဆံပြီး ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ကလေးအချင်းချင်း ရင်းနှီးခင်မင် ချစ်ကြည်မှုရအောင် ပေါင်းစပ်ပေးသင့်ပါသည်။
- စိမ်းနေသေးသော ပတ်ဝန်းကျင်နှင့် အကျွမ်းဝင် ရင်းနှီးသွားအောင်၊ တစ်သားတည်းဖြစ်သွားအောင်လည်း အချိန်ပေးသင့်ပါသည်။

မိတ်ဆွေတစ်ဦးကပြောပြသော အဖြစ်အပျက်ကလည်း ရင်မကောင်းစရာပါ။ မိတ်ဆွေ၏အိမ်အနီးမှ အဌမတန်းကျောင်းသားကလေး အဖြစ်အပျက်ပါ။ မိဘနှစ်ဦးစလုံးမှာလည်း ပညာတတ်၊ ဝန်ထမ်းများပါ။ ကလေးကလည်း အင်္ဂလိပ်စာထူးချွန်သည်။ ဝါသနာပါသည်။ မိဘများကလည်း အားပေးကြသည်။ သို့သော် ဘာအကြောင်းမှ ထူးထူးထွေထွေမရှိဘဲ စိတ်ဖောက်ပြန်မှုဖြစ်လာသည်။ နှမြောစရာဖြစ်သွားသည်။ မိဘများ ရင်ကျိုးမတတ် ခံစားကြရသည်။ ကျွန်တော့်မိတ်ဆွေပညာရေးဝန်ထမ်းက စိတ်ဝင်စားလွန်းသဖြင့် လေ့လာကြည့်တော့ သည်ကလေးငယ်စဉ်က သူငယ်တန်းဆရာမကို အလွန်ပင်ကြောက်ခဲ့ရကြောင်း သိလာရတော့သည်။

၂၀၀၇ ခုနှစ်က ECCD (ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ပညာရေး)သင်တန်းကို မန္တလေးပညာရေးကောလိပ် ပညာတန်ဆောင်ခန်းမမှာ ကျွန်တော်တက်ခဲ့ရသည်။ သင်တန်းနည်းပြဆရာမ၏ ကိုယ်တွေ့ပြောပြချက်မှာလည်း ရင်နာစရာပင်။ မူကြိုအရွယ် သူငယ်တန်းကလေးအရွယ်က သင်ပြသူဆရာမကို ကြောက်အားကြီးခဲ့ရသဖြင့် နဝမတန်းကျောင်းသူအရွယ်မှာ ဝတ်လစ်စားလစ်ဖြစ်သွားရသည့် မိန်းကလေးအကြောင်းကို သင်ခန်းစာနှင့် ဆက်နွှယ်ကာ ပို့ချဆွေးနွေးသွားသည်မှာ ကလေးငယ်လေးများနှင့် ပညာရေးအကြောင်း တစ်သက်တာမမေ့နိုင်စရာပါ။

တင်ပြခဲ့သည့်ဖြစ်ရပ်များကို သတိမူစေလိုပါသည်။ လူတစ်ဦး၏ ကလေးဘဝကအတွေ့အကြုံများသည် ဘဝတစ်သက်တာ၏ သုံးပုံနှစ်ပုံအထိ လွှမ်းမိုးသည်ဟုဖတ်မှတ်ရဖူးပါသည်။ မူကြိုကလေးများနှင့် သူငယ်တန်းကလေးများသည် မိဘရင်ခွင်မှ ပတ်ဝန်းကျင်သစ်သို့ မျက်စိသူငယ်၊ နားသူငယ်ဖြင့် ရောက်လာသူများပါတည်း။ စိတ်လှုပ်ရှားမှုများဖြင့် အားငယ်နေသူများပါတည်း။ နေရာသစ်ဖြစ်၍ နေသားမကျ ယောင်အအဖြစ်နေသေးသူများပါတည်း။

သို့ဖြစ်ပါ၍ မူကြိုတန်းနှင့် သူငယ်တန်းသင်ပြမည့်သူများသည် ကလေးများနှင့်ရင်းနှီးမှုရရှိအောင် မိဘများကိုပါ ပြေပြစ်စွာဆက်ဆံပြီး ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ကလေးအချင်းချင်း ရင်းနှီးခင်မင် ချစ်ကြည်မှုရအောင် ပေါင်းစပ်ပေးသင့်ပါသည်။ ကလေးကြီးများ၊ ရန်လိုတတ်သည့်စရိုက်ပါလာသောကလေးများ၏အနိုင်ကျင့်မှုများမရှိရအောင်လည်း ကာဆီးသင့်ပါသည်။ စိမ်းနေသေးသော ပတ်ဝန်းကျင်နှင့်အကျွမ်းဝင်ရင်းနှီးသွားအောင်၊ တစ်သားတည်းဖြစ်သွားအောင်လည်း အချိန်ပေးသင့်ပါသည်။ နေသားမကျသေးသည့်နေရာဖြစ်၍ ဤနေရာကား အပေါ့အလေးစွန့်ရန် နေရာ၊ ဤနေရာကား အမှိုက်ပစ်ရန်နေရာ၊ ရေသောက်ရန်နေရာ၊ မုန့်ဆိုင် စသည်ဖြင့် လက်ထိလက်ရောက်ညွှန်ပြ ပေးထားသင့်ပါသည်။ ကျွန်တော်သူငယ်တန်းကျောင်းသားသက် သုံးရက်အတွင်းက ထိုနေရာမျိုးများမသိ၍ အရှက်ရခဲ့ဖူးပါသည်။ မိမိကြောင့်သော်လည်းကောင်း၊ ကလေးအချင်းချင်းကြောင့်သော်လည်းကောင်း စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများ နာကျင်မှုမရှိရအောင် ဆရာဆရာမ (မူကြိုသင်၊ သူငယ်တန်းသင်)များကလည်း သတိပြုစောင့်ရှောက်သင့်ကြပါသည်။

မိဘများအနေဖြင့်လည်း မိမိကလေးကို သင်ပြပေးမည့် ဆရာ ဆရာမများနှင့်ပူးပေါင်းကာ ကလေးများနေရ ထိုင်ရ သင်ယူရသည်များအဆင်ပြေသည်အထိ အချိန်ပေး၍ဂရုစိုက်ကြစေလိုပါသည်။

ဘဝတစ်သက်တာ သင်ယူမှုအတွက် အခြေခံအုတ်မြစ်သဖွယ်ဖြစ်သော အရေးအကြီးဆုံးအပိုင်းအခြားလည်းဖြစ်သော ကျွန်တော်တို့အားလုံး၏ အမြတ်နိုးဆုံးနှင့် အဖိုးတန်ဆုံးဖြစ်သော မူကြိုအရွယ်ကလေးငယ်များနှင့် သူငယ်တန်းအရွယ်ကလေးငယ်များ မေ ၂၅ ရက်မှ ၃၁ ရက်အတွင်း ကျောင်းဝင်လာကြပါတော့မည်။ သူတို့လေးတွေကျောင်းဝင်လာကြပြီဆိုလျှင် ဖော်ပြပါ သတိမူစရာများအား သတိမူကာ ထိရောက်သောအချိန်အခါအဖြစ် ဆောင်ရွက်ကြမည် ဆိုပါလျှင် . . .။

(၂၀၁၄ ခုနှစ်၊ ကျောင်းအပ်နှံရေး သီတင်းပတ်အား ဂုဏ်ပြုကြိုဆိုလျက်)

ကျောင်းအပ်ကြပါစို့

✻ လာဟေ့သား
သွားကြစို့ ကျောင်းအပ်မယ်။
✻ စာတတ်အောင်ပညာသင်လို့
နောင်ခေတ်တွင် ပြည့်ဝန်ထမ်းရအောင်
မှန်းမျှော်ကာအသွင်တင့်စေဖို့
ဂုဏ်ဝင့်ထည် ကျောင်းတော်ဝင်းကို
ချဉ်းကပ်စို့ကွယ်။
✻ ဆရာမ
လာသမျှ သားငယ်သမီးတို့ကို
ရှုမငြီး ရင်ဝယ်ဖြစ်ကဲ့သို့
ချစ်စဖွယ်ပျူငှာစကားတွေနဲ့
အားထည့်လို့ကြို။
✻ မိဘနှင့်ဆရာ
တူမကွာ သေချာပေါင်းလျှင်ဖြင့်
ရွှေကျောင်းပျော် သည်ကလေးတို့မှာ
မြတ်ပညာ မှန်စွာတတ်ပေလိမ့်
စိတ်စေတနာ သဒ္ဓါစွမ်းရယ်နဲ့
မှန်းလို့စာဆို။ ။

ပန်းတောင်းသန်းကြွယ်

ဗလငါးတန်ပွဲ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ပြည်တွင်းရေးရာ

(၈) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၀

မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး 8th ASEAN Defence Ministers' Meeting (8th ADMM) ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် The Hotel Royal ACE ရှိ Hkakarborazi Room ၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ (၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မြထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် H.E.Le Luong Minh ဦးဆောင်သောအဖွဲ့၊ အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံကာကွယ်ရေးဝန်ကြီးများက ၂၀၁၄ ခုနှစ် မေလ ၁၇ ရက်နေ့ လာအိုနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ကြေကွဲဖွယ်ရာ လေယာဉ်ပျက်ကျမှုတွင် အသက်ဆုံးရှုံးခဲ့သော လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး Douangchay PHICHITH အတွက် ခေတ္တငြိမ်သက်ပြီး ဝမ်းနည်းမှုအထိမ်းအမှတ်အဖြစ် ထုတ်ဖော်ခဲ့သည်။

ယင်းနောက် အစည်းအဝေး စတင်ကျင်းပရာ (၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (8th ADMM) ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က အဖွင့်အမှာစကား ပြောကြားပြီး အာဆီယံအတွင်းရေးမှူးချုပ်၏ အာဆီယံဒေသအတွင်း လတ်တလောဖြစ်ပေါ်တိုးတက်မှုများ တင်ပြချက်ကို ကာကွယ်ရေးဝန်ကြီးများက မှတ်တမ်းတင်ခဲ့ကြသည်။

ထို့နောက် အာဆီယံကာကွယ်ရေးအဆင့်မြင့် အရာရှိကြီးများအစည်းအဝေး (ADSOM) နှင့် အာဆီယံနှင့် အပေါင်းနိုင်ငံများ ကာကွယ်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (ADSOM-Plus) အစီရင်ခံစာများအား ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆွေးနွေးတင်ပြပြီး (၁၁) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောဆွေးနွေးမှုအစည်းအဝေး (11th ACDFIM) အစီရင်ခံစာများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မြထွန်းဦးက ဆွေးနွေးသည်။

ဆက်လက်၍ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးလုပ်ငန်းစဉ် ၂၀၁၄-၂၀၁၆ သုံးနှစ်တာလုပ်ငန်း အစီအစဉ်၊ အာဆီယံနိုင်ငံကာကွယ်ရေးဝန်ကြီးများအကြား တိုက်ရိုက်ဆက်သွယ်ရေးလမ်းကြောင်းများ ထူထောင်ရေးစာတမ်း၊ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံနှင့် အပေါင်းနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများအစည်းအဝေး ဖွဲ့စည်းခြင်းဆိုင်ရာ စာတမ်း၏ နောက်ဆက်တွဲစာတမ်း စသည်တို့ကို အတည်ပြုခဲ့ကြသည်။

ထို့နောက် (၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး (8th ADMM) ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် ရုပ်သိမ်းလိုက်သည်။



ဆက်လက်ပြီး အာဆီယံနိုင်ငံကာကွယ်ရေးဝန်ကြီးများသည် အာဆီယံကာကွယ်ရေးဝန်ကြီးများ ပူးတွဲကြေညာချက် **"အာဆီယံကာကွယ်ရေးပူးပေါင်းမှုမှသည် ငြိမ်းချမ်းဝေစည် အာဆီယံအသိုက်အဝန်းဆီသို့"** ကို လက်မှတ်ရေးထိုးကြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ထံ ပူးတွဲကြေညာချက်ကို လွှဲပြောင်းပေးအပ်သည်။

ညနေပိုင်းတွင် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး၏ သတင်းစာရှင်းလင်းပွဲကို အဆိုပါဟိုတယ်၌ ပြုလုပ်ခဲ့ပြီး သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က (၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်မှုများအကျဉ်းကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသော ပြည်တွင်းပြည်ပ သတင်းဌာနများက မေးမြန်းသော တောင်တရုတ်ပင်လယ်အငြင်းပွားမှုအပေါ် အမြင်၊ ထိုင်းနိုင်ငံ၏ လက်တလောဖြစ်ပေါ်နေမှုများအပေါ် မြန်မာနိုင်ငံသို့ ရိုက်ခတ်နိုင်မှုမရှိနိုင်သည့် အခြေအနေများကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် (၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် အာဆီယံကာကွယ်ရေးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် The Hotel Royal ACE ရှိ ပုပ္ပါးခန်းမ၌ တရုတ်နိုင်ငံတော်ကောင်စီဝင်၊ အမျိုးသားကာကွယ်ရေးဝန်ကြီး General Chang Wanquan နှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူငယ်ခေါင်းဆောင်မှုအခန်းကဏ္ဍနှင့် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ခြင်းသင်တန်းဖွင့်

နေပြည်တော် မေ ၂၀

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း (MWCDF)သည် တက္ကသိုလ်ဝင်တန်းအဆင့် လူငယ်လူရွယ်များအား ခေါင်းဆောင်မှုစွမ်းရည်များ၊ မိမိ၏ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ခြင်းဆိုင်ရာ အလေ့အထများနှင့် အချိန်ကို အကျိုးရှိရှိ ထိရောက်စွာ အသုံးချရေးနည်းနာများ၊ လူမှုပတ်ဝန်းကျင်မှ လိုက်နာဖွယ်ရာကျင့်ဝတ်များကို ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ချက်ဖြင့် နေပြည်တော် ဥတ္တရသီရိမြို့နယ် ရုံးချုပ်တွင် "လူငယ်ခေါင်းဆောင်မှုအခန်းကဏ္ဍနှင့် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ခြင်း" (Youth Leadership and Personality Development) သင်တန်းကို မေ ၁၉ ရက်မှ ၂၃ ရက်အထိ သင်ကြားပို့ချလျက်ရှိသည်။**(အပေါ်ပုံ)**

သင်တန်းတွင် ခေါင်းဆောင်မှုစွမ်းရည်၊ အချိန်ကို ထိရောက်စွာအသုံးချနည်း၊ ဟောပြောဆွေးနွေးခြင်းနှင့် ဆက်ဆံရေးအနုပညာ၊ အဖွဲ့အစည်းဖြင့် ဆောင်ရွက်ခြင်း အလေ့အထ၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်များ စသည့် ဘာသာရပ်များကို အပြန်အလှန်ဆွေးနွေးသင်ကြားမှုပုံစံဖြင့် သင်ကြားပို့ချလျက်ရှိသည်။ ယင်းသင်တန်းသို့ နေပြည်တော်အနီးတစ်ဝိုက်ရှိ မအူလေးပင်ကျေးရွာ မင်းကုန်းအုပ်စုကွဲရှင်း၊ သပြေကုန်းတို့မှ လူငယ်လူရွယ်များ၊ ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် အသင်းအဖွဲ့များမှ အမျိုးသမီး အမျိုးသား လူငယ်လူရွယ်များ စုစုပေါင်း ၆၃ ဦး တက်ရောက်ပြီး သင်တန်းအပတ်စဉ် (၂) ကို ရန်ကုန်မြို့တွင် ဇွန်လ တတိယပတ်အတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းသည် ရန်ကုန်မြို့တွင်လည်း ရုံးခွဲဖွင့်လှစ်ထားပြီး အမျိုးသမီးများဘဝမြှင့်တင်ရေးနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများ၊ ဘုန်းတော်ကြီးသင်ကျောင်းများနှင့် ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများရှိ ကလေးသူငယ်များအား ပညာသင်ကြားရေးနှင့် ကျန်းမာရေး ဗဟုသုတ ပြန့်ပွားရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ၊ လျှပ်စစ်မီးခက်ခဲသော ကျေးရွာများတွင် မီးလင်းရေး ကိစ္စရပ်များကို ၂၀၁၃ ခုနှစ် မေလ မှစတင်၍ ရည်ရွယ်ချက်တူသူ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ ဦးဆောင်သည့်အဖွဲ့များ နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံဆွေးနွေးပွဲများကျင်းပ

နေပြည်တော် မေ ၂၀

မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး 8th ASEAN Defence Ministers' Meeting (8th ADMM) သို့ တက်ရောက်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Sr.Gen. Phung Quang Thanh ဦးဆောင်သော အဖွဲ့တို့သည် လည်းကောင်း၊ ဘရူနိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး (ကိုယ်စား) စွမ်းအင်ဝန်ကြီး Pehin Dato Dr. Mohammad Yasmin Bin Umar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Sr. Gen. Phung Quang Thanh ဦးဆောင်သောအဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Gen. Tea BANH ဦးဆောင်သော အဖွဲ့တို့နှင့်လည်းကောင်း၊ မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး HON.DATO SERI Hishammuddin Tun Hussein ဦးဆောင်သောအဖွဲ့နှင့် ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Sr.Gen.Phung Quang Thanh ဦးဆောင်သောအဖွဲ့တို့သည် မေ ၁၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ The Hotel Royal ACE ရှိ Bilateral Meeting Room များတွင် နိုင်ငံအလိုက် နှစ်နိုင်ငံသီးခြားစီ တွေ့ဆုံဆွေးနွေးကြသည်။

ည ၈ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က (၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး 8th ASEAN Defence Ministers' Meeting (8th ADMM) သို့ တက်ရောက်မည့် အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများကို နေပြည်တော်ရှိ The Hotel Royal ACE ၌ ကြိုဆိုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သံတွဲမြို့ ကျေးလက်ကျန်းမာရေးဌာနများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှု

သံတွဲ မေ ၂၀

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကြည့်ရှုစစ်ဆေးရန် သံတွဲမြို့တွင်ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် သံတွဲမြို့နယ် လင်းသာစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် ဇီးဖြူကုန်းကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မြတ်မြတ်မိုးက ကျေးလက်ကျန်းမာရေးဌာနများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအခြေအနေများအား တင်ပြပြီး ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံများအတွင်း လိုက်လံရှင်းလင်းပြသရာ ဒုတိယသမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

လင်းသာစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသည် သံတွဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်အုပ်စုမှ ကျေးရွာ ၁၈ ရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဇီးဖြူကုန်းကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲသည် နယ်မြေခံတပ်ရင်းများနှင့် ပတ်ဝန်းကျင်ကျေးရွာ သုံးရွာအား ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

ဇီးဖြူကုန်းကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသည် RC နှစ်ထပ် အဆောက်အအုံဖြစ်ပြီး ဧရာဝတီဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ငပလီကမ်းခြေရှိ Amazing Ngapali Resort သို့ရောက်ရှိရာ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်မျိုးမင်းဒင်က ငပလီကမ်းခြေရှိ ဟိုတယ်များ၏ အခြေအနေများနှင့် နိုင်ငံခြားဧည့်သည်များ ဝင်ရောက်မှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြန်မာ့လေကြောင်းဖြင့် သံတွဲမြို့မှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သံတွဲမြို့ ကျေးလက်ကျန်းမာရေးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၁-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၁၅ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၂း၃၀ ဖြူမည်းရုပ်ရှင် "မှတစ်ပါး အခြားမရှိပြီ" (အောင်အောင်၊ မောင်စိမ်းအောင်၊ မြင့်မြင့်ခင်၊ စောမြသန္တာ) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
- ၄း၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အင်္ဂလိပ်စာမှလွဲ၍ အထူးပြုအားလုံး)(အင်္ဂလိပ်စာ)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ သက်ဝင်လှုပ်ရှား သတင်းပုံရိပ်များ ရည်ရွယ်ဦးတည်ပြည်သူ့ဆီ
- ၈း၅၀ ပြည်သူတို့ရဲ့စကားသံများ
- ၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
- ၉း၃၀ တေးဂီတအစီအစဉ် -သုခုမရင်ခွင်အငြိမ့်သဘင် "တို့-ညီအစ်ကိုချိုတူးအငြိမ့်" (မင်းသမီး-ချစ်သဲဦး၊ လူရွှင်တော်-ချိုတူး၊ မျိုးချစ်၊ သောင်းဟန်၊ နေမင်း) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် မေလကုန်မှစတင်၍ ထုတ်ချေးပေးတော့မည်

တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံ - မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)

နိုင်ငံတော်က တောင်သူလယ်သမားများ၏ စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးနိုင်ရန် လိုအပ်သည့် စိုက်ပျိုးစရိတ်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ချေးပေးလျက်ရှိပြီး ရာသီအလိုက် ထုတ်ချေးပေးလျက်ရှိသည်။

ယခုနှစ် မိုးရာသီမှစတင်၍ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ငွေကျပ် ၁၀၀ လျှင် တစ်နှစ်အတွက်အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ချေးပေးမည်ဖြစ်ကြောင်း သိရှိရသဖြင့် အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေကိစ္စနှင့် ပတ်သက်၍ သိရှိနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်-

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်။

မေး။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တောင်သူလယ်သမားတွေအတွက် စိုက်ပျိုးစရိတ်ချေးငွေများနဲ့ပတ်သက်ပြီး နိုင်ငံတော်ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်သွားမယ့် အစီအစဉ်များကို ရှင်းပြပေးစေချင်ပါတယ်ခင်ဗျာ။

ဖြေ။ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ပြီးခဲ့တဲ့နှစ်တွေက တောင်သူလယ်သမားတွေအတွက် စိုက်ပျိုးစရိတ်ချေးငွေတွေ ထုတ်ချေးပေးခဲ့တာရှိပါတယ်။ မနှစ်ကဆိုရင် ချေးတဲ့စနစ်ကို ပိုပြီးတော့ ထိရောက်အောင် သုံးပိုင်းခွဲပြီးတော့မှ မိုးသီးနှံချေးငွေ၊ ဆောင်းသီးနှံချေးငွေနဲ့ မိုးကြိုချေးငွေ ဆိုပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ချေးငွေစုစုပေါင်း သုံးမျိုးလုံးအတွက် ၁၁၅၆ ဒသမ ၀၅၂ ဘီလီယံထုတ်ချေးခဲ့ပြီးဖြစ်ပါတယ်။

ဒီနှစ်မှာတော့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဒီထုတ်ချေးတဲ့ အစီအစဉ်ကို ထိရောက်မှုရှိအောင်ရယ်၊ ပိုကောင်းအောင်ရယ် အနည်းငယ်ပြောင်းလဲထားပါတယ်။ မနှစ်က ဘယ်လိုချေးခဲ့သလဲဆိုရင် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ မြန်မာ့လယ်ယာစိုက်ပျိုးရေး ဘဏ်ကို ထုတ်ချေးပြီးတော့မှ လယ်ယာစိုက်ပျိုးရေးဘဏ်အနေနဲ့ တောင်သူလယ်သမားတွေကို တိုက်ရိုက်ထုတ်ချေးခဲ့ပါတယ်။

အခုနှစ်မှာတော့ ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ် အစိုးရတွေကို တိုက်ရိုက်ထုတ်ချေးပြီးတော့မှ တိုင်းဒေသကြီး/ပြည်နယ် အစိုးရတွေက တောင်သူလယ်သမားများလက်ဝယ် အချိန်မီရောက်ရှိအောင်ချေးဖို့ စီစဉ်ထားရှိပါတယ်။

မေး။ အခုနှစ် ချေးမယ့် ငွေပမာဏကို ပြောပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ။ အခုနှစ်ချေးမယ့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေတစ်ခုတည်းက ၉၈၃ ဒသမ ၅၇၇ ဘီလီယံရှိပါတယ်။ နောက်တစ်ခု ထူးခြားတာကတော့ အတိုးနှုန်းနဲ့ပတ်သက်လို့ ဖြစ်ပါတယ်။ မနှစ်က အတိုးနှုန်းကို တစ်နှစ်မှာ ၈ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ထုတ်ချေးပေးခဲ့ပါတယ်။ အခုနှစ်မှာ အတိုးနှုန်းကို များစွာလျှော့ချပြီး အတိုးနှုန်း ငါးရာခိုင်နှုန်းနဲ့ ထုတ်ချေးမှာဖြစ်ပါတယ်။

အသေးစိတ် တွက်ပြရရင် တောင်သူ လယ်သမားတွေကို ထုတ်ချေးခဲ့တဲ့ ချေးငွေမှာ အရင်က ငွေ ၁၀၀ ကျပ်ကို တစ်နှစ်အတွက် ၈ ဒသမ ၅ ရာခိုင်နှုန်းဆိုတာ တွက်ကြည့်ရင် တစ်လကို ၇၁ ပြားနှုန်း အတိုးနဲ့ ထုတ်ချေးခဲ့ပါတယ်။ အခု ၂၀၁၄ မိုးရာသီမှာတော့ ငွေ ၁၀၀ အပေါ်မှာ တစ်နှစ်ကို ငါးရာခိုင်နှုန်းအတိုးဆိုတော့ တစ်လကို ၄၂ ပြားနှုန်းပဲရှိမှာ ဖြစ်ပါတယ်။ အတော်လေးသက်သက်သာသာနဲ့ ထုတ်ချေးပေးနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ဟုတ်ကဲ့။ တောင်သူလယ်သမားတွေအတွက် အလွန်ကို ဝမ်းသာစရာ အစီအစဉ်ဖြစ်ပါတယ်။ အဲဒီတော့ ချေးငွေတွေကို ဘယ်တော့လောက် ချေးပေးမယ်ဆိုတာလေး ပြောပြပေးပါဦးခင်ဗျာ။

ဖြေ။ စိုက်ပျိုးစရိတ်ချေးငွေတွေကို တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းအလိုက် တင်ပြချက်တွေအရ အချို့ကို မေလကုန်မှာ ထုတ်ချေးပါမယ်။ ကျန်တဲ့ တိုင်းဒေသကြီး/ပြည်နယ်အားလုံးကိုလည်း ဇွန်လတစ်လလုံးအတွင်း ပြီးအောင် ထုတ်ချေးဖို့ လျာထားပါတယ်။

နိုင်ငံတော်က တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီရရှိရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်ကို သိရှိရသဖြင့် ဝမ်းမြောက်စွာ အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

မြန်မာ-အီးယူ ပူးတွဲသတင်းထုတ်ပြန်ချက်

မြန်မာ-အီးယူ ပထမအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို မြန်မာနိုင်ငံ နေပြည်တော်၌ ၂၀၁၄ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲသည် လူ့အခွင့်အရေးနယ်ပယ်တွင် မြန်မာနှင့်အီးယူ နှစ်ဖက်အကြား ပိုမိုခိုင်မာသည့် ဆက်ဆံရေးဖြစ်ပေါ်စေမည့် ကတိကဝတ်ကို ခိုင်မာစေပါသည်။ ဤဆွေးနွေးပွဲသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် မြန်မာ-အီးယူ လုပ်ငန်းအဖွဲ့အား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မှုဖြစ်ပါသည်။ မြန်မာ-အီးယူ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်ခြင်းသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုများကို အကူအညီပေးရန်နှင့် နှစ်ဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေမည့် အီးယူ၏ခိုင်မာသော ကတိကဝတ်ကို ဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနှင့်အီးယူတို့အကြား နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများဖြင့် တူညီသည့် ရပ်တည်ချက်များကို အားပေးအားမြှောက်ပြုခြင်းဖြင့် နှစ်ဖက်နားလည်မှု ပိုမိုတိုးတက်လာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေမည့် ကဏ္ဍပေါင်းစုံကို အကျယ်တဝင့်ဆွေးနွေးခဲ့ကြသည်။

မြန်မာနှင့်အီးယူတို့သည် လူ့အခွင့်အရေးမြှင့်တင်ရန်နှင့် ကာကွယ်ရန်တို့အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာ ကွန်ဗင်းရှင်းနှင့် စာချုပ်များသို့ အတည်ပြုပါဝင်နိုင်ရန်အတွက် အလေ့အကျင့်ကောင်းများဖလှယ်သွားရေး မြှင့်တင်ဆောင်ရွက်ရေး၊ စိန်ခေါ်မှုများဖော်ထုတ်ရေး၊ နှစ်ဖက်အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် နယ်ပယ်များတွင် ဆက်သွယ်မှုများကို တိုးမြှင့်သွားရေး စသည့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲအတွင်း နှစ်ဖက်စလုံး၏ လက်ရှိလူ့အခွင့်အရေးအခြေအနေများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားများ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အမုန်းပွားရေးဆိုင်ရာ ပြောဆိုရေးသားမှု၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ မြေယာပိုင်ဆိုင်ခွင့်၊ စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေးနှင့် ခွဲခြားမှုမပြုရေး အစရှိသည့် အဓိကအလေးပြုရမည့် လူ့အခွင့်အရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ ရခိုင်ပြည်နယ် အခြေအနေကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

မြန်မာ-အီးယူ လူ့အခွင့်အရေးဆွေးနွေးပွဲကို မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် အီးယူဘက်မှ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် စတာဗ်ရော့ လန်ဘရီနီဒစ်တို့မှ ပူးတွဲသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်လင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီရာတို့လည်း ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

ယခုဆွေးနွေးပွဲမတိုင်မီ လူမှုအသိုက်အဝန်းဖိုရမ်တစ်ရပ်ကို ရန်ကုန်မြို့၌ မေလ ၁၉ ရက်နေ့က ကျင်းပခဲ့ပြီး လူ့အခွင့်အရေးနယ်ပယ်တွင် မြန်မာနှင့် အီးယူတို့၏ အောင်မြင်မှုများနှင့် ကျန်ရှိနေသေးသည့် စိန်ခေါ်မှုများကို လူမှုအသိုက်အဝန်းနှင့် လူ့အခွင့်အရေးကိစ္စ ဆောင်ရွက်နေသူများနှင့် ဆွေးနွေးခဲ့ကြပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မေလ ၂၀ ရက်

စီးပွားရေးပြုပြင်ပြောင်းလဲမှုဖော်ဆောင်နေသည့် နိုင်ငံတိုင်းတွင် အခြေခံအဆောက်အအုံလိုအပ်ချက်များရှိ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည့် ကောင်းမွန်သည့် စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်ကို ဖန်တီးပေးရန်လိုအပ်

နေပြည်တော် မေ ၂၀

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် သံလျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က ဇုန်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံတကာအဆင့်မီ ဇုန်တစ်ခုဖြစ်အောင် ဆောင်ရွက်ထားမှု၊ လျှပ်စစ်ဓာတ်အားနှင့် လမ်း/တံတား စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း၊ Myanmar Thilawa SEZ Holdings Public Limited မှ ဥက္ကဋ္ဌ ဦးဝင်းအောင်၊ Myanmar Japan Thilawa Development Limited မှ ဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် အမှုဆောင်အရာရှိချုပ် Mr.Takashi Yanal တို့က တိုင်းရင်းသားပြည်သူများ ပါဝင်နိုင်ရန် အစုရှယ်ယာများ ခွဲဝေရောင်းချပေးမှု၊ အဆင့်လိုက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှု ဖော်ဆောင်နေသည့် နိုင်ငံတိုင်းတွင် အခြေခံအဆောက်အအုံလိုအပ်ချက်များရှိပါကြောင်း၊ ယင်းအခြေခံအဆောက်အအုံများတွင် လမ်း၊ တံတား၊ ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားစသည့် အမာထည် အခြေခံအဆောက်အအုံများ (Hard Infrastructure) နှင့် ရင်းနှီးမြှုပ်နှံမှု၊ စက်မှု၊ ကုန်သွယ်ရေး၊ အလုပ်သမား၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့်ကဏ္ဍအသီးသီးရှိ ဥပဒေလုပ်ထုံးလုပ်နည်း၊ မူဝါဒများကဲ့သို့ အပျော့ထည်အခြေခံအဆောက်အအုံများ (Soft Infrastructure) ပါဝင်ပါကြောင်း၊ ယင်းအခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျင်မြန်ကောင်းမွန်တိုးတက်စေရန် အချိန်ကြာမြင့်နိုင်မည်ဖြစ်သော်လည်း အထူးစီးပွားရေးဇုန်များတွင် အမာထည်နှင့် အပျော့ထည်ဆိုင်ရာ အခြေခံအဆောက်အအုံများကို လျင်မြန်စွာတည်ဆောက်ရန် လွယ်ကူသဖြင့် နိုင်ငံတကာတွင် အထူးစီးပွားရေးဇုန်များထူထောင်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားအဖြစ် အသုံးချခဲ့ကြပါကြောင်း။

ကမ္ဘာ့ဘဏ်နှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများ၏ လေ့လာဆန်းစစ်ချက်များ၌ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများမှာ အချိန်ယူရလွန်းပြီး ရှုပ်ထွေးသည်ဟု ဖော်ပြကြပါကြောင်း၊ ယင်းအချက်သည် အပျော့ထည်အခြေခံအဆောက်အအုံများ အားနည်းခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် လမ်းပန်းဆက်သွယ်မှု၊ လျှပ်စစ်မီးနှင့် ရေ၊ ဆက်သွယ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး ကဏ္ဍများတွင်လည်း အချိန်ကုန်လူပန်း၍ ငွေကုန်ကြေးကျများလွန်းသည်ဟု ဖော်ပြကြပါကြောင်း၊ တစ်နည်းအားဖြင့် အမာထည်အခြေခံ အဆောက်အအုံများ အားနည်းသည်ဟု ဆိုလိုရင်းဖြစ်ပါကြောင်း၊ ယင်းအချက်များကို ပြုပြင်ပြောင်းလဲ၍ တာဝန်သိ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည့် ကောင်းမွန်သည့် စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်ကို ဖန်တီးပေးရန် လိုအပ်ပါကြောင်း။

အပျော့ထည်ရော အမာထည်ပါ ပြည့်စုံကောင်းမွန်သည့် အခြေခံအဆောက်အအုံများ အလျင်အမြန်ပေါ်ထွန်းနိုင်မည့် နည်းလမ်းကောင်းဖြစ်သည့် အထူးစီးပွားရေးဇုန်များကို မြန်မာနိုင်ငံတွင် ထူထောင်ရန်ကြိုးပမ်းလျက်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်သည် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်ကို ဓာတ်ခွဲခန်းသဖွယ်သဘောထား၍ ကျင့်သုံးသည့် လုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ မူဘောင်များအောင်မြင်အကျိုးဖြစ်ထွန်းပါက နိုင်ငံတစ်ဝန်းရှိ အခြားနေရာများတွင် စိတ်ချလက်ချကျင့်သုံးသွားနိုင်မည် ဖြစ်ပါကြောင်း။

*** သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံရှိ အခြားစက်မှုဇုန်များနှင့်မတူဘဲ မြန်မာနိုင်ငံနှင့် ဒေသခံပြည်သူများကို အထူးအကျိုးကျေးဇူးများပေးနိုင်မည့် အလားအလာအလွန်ကောင်းသည့် ဇုန်တစ်ခုဖြစ်ပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုတံခါးကို ဖွင့်ပေးနိုင်မည့် အရေးပါသော သော့တစ်ချောင်းဖြစ်။**

*** သီလဝါအထူးစီးပွားရေးဇုန် အောင်မြင်စွာပေါ်ထွန်းလာရေးအတွက် လူထုအားပေးထောက်ခံမှုနှင့် တက်ကြွစွာ ပူးပေါင်းပါဝင်မှုသည် အထူးလိုအပ်။**

သီလဝါအထူးစီးပွားရေးဇုန်သည် ရေခံမြေခံနောက်ခံကောင်းသဖြင့် လျင်မြန်စွာအကောင်အထည်ပေါ်လာနိုင်မည့် ဇုန်ကြီးဖြစ်ပြီး အခြားဇုန်များအတွက် နည်းပေးလမ်းပြ စံနမူနာကောင်းအဖြစ် ပြသနိုင်ရန် အရေးကြီးပါကြောင်း။

အထူးစီးပွားရေးဇုန်အတွင်းတစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသော (One-stop Service Center) သည် အလွန်အရေးကြီးပါကြောင်း၊ One-stop Service Center ၌ မလိုအပ်သည့် လုပ်ထုံးလုပ်နည်းများ လျှော့ချ၍ လွယ်ကူရှင်းလင်းပြီး မြန်ဆန်သည့် လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးရန် လိုအပ်ပါကြောင်း၊ တာဝန်ယူမည့် ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ အနေဖြင့်လည်း လိုအပ်သည့် ခွင့်ပြုမိန့်၊ လိုင်စင် စသည်တို့ကို မိမိတို့ဝန်ကြီးဌာနက ခွင့်ပြုချက်၊ သဘောထားမှတ်ချက်တို့ကို ထပ်မံ၍ တောင်းခံနေစရာမလိုဘဲ တစ်နေရာတည်းတွင် တစ်ထိုင်တည်းပြုလုပ်ပေးနိုင်သည့် လုပ်ငန်းစည်းမျဉ်းနှင့်စနစ်တစ်ရပ်ကို ရေးဆွဲထူထောင်ထားရမည်ဖြစ်ပါကြောင်း။

ထို့အပြင် အထူးစီးပွားရေးဇုန်များတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများကိုလည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ချက်ကို ပြုလုပ်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်ကိုလည်း နိုင်ငံတကာအကြံပေးအဖွဲ့ငှားရမ်းရေးဆွဲ၍ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ဇုန်အတွင်းမှ ထွက်သည့် စွန့်ပစ်ရေကို ရေဆိုးသန့်စင်စက်ဖြင့် မသန့်စင်ရသေးပါက ရေတစ်စက်မျှ ဇုန်ပြင်ပသို့ စွန့်ပစ်နိုင်မည်မဟုတ်ပါကြောင်း၊ အလားတူ အစိုင်အခဲစွန့်ပစ်ပစ္စည်းများအတွက်လည်း သန့်စင်ပြီးမှ စွန့်ပစ်ရမည့်စနစ်များလည်း ပါဝင်ပါကြောင်း။

လူမှုဘဝထိခိုက်မှု လေ့လာဆန်းစစ်ချက်နှင့် ယင်းဇုန်အတွင်းနေထိုင်လျက်ရှိသည့် အိမ်ခြေများရွှေ့ပြောင်းမှုကိုလည်း နိုင်ငံတကာထုံးစံနှင့်အညီ ပြန်လည်နေရာချထားရေးအစီအမံများရေးဆွဲ၍ ဆောင်ရွက်ထားပါကြောင်း၊ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအထောက်အကူများကိုလည်း ဆက်လက်ပံ့ပိုးသွားမည့် အစီအစဉ်ရှိပါကြောင်း၊ ထို့အပြင် ပတ်ဝန်းကျင်ကျေးရွာများ၌ လူမှုရေးတာဝန်ယူမှု CSR လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

ထို့အတူ ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများတွင် မိမိနိုင်ငံသားများ ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်၍ အသင့်စုဆောင်းပြင်ဆင်ထားရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း။

အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရာတွင် စီးပွားရေးနယ်ပယ်နှင့် လူမှုရေးနယ်ပယ်အကြား မျှတစွာခံစားနိုင်မှု၊ စီးပွားရေးနယ်ပယ်နှင့် သဘာဝပတ်ဝန်းကျင်အကြား လုပ်သာကိုင်သာရှိမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးနယ်ပယ်အကြား ခံနိုင်ရည်ရှိမှုတို့ဖြင့် ပြည့်စုံစေရန် သဟဇာတဖြစ်စွာ ဆက်စပ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ သို့မှသာ အားလုံးမျှတစွာပါဝင်အကျိုးခံစားခွင့်ရှိသည့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို အာမခံချက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံရှိ အခြားစက်မှုဇုန်များနှင့်မတူဘဲ မြန်မာနိုင်ငံနှင့် ဒေသခံပြည်သူများကို အထူးအကျိုးကျေးဇူးများပေးနိုင်မည့် အလားအလာ အလွန်ကောင်းသည့်ဇုန်တစ်ခုဖြစ်ပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုတံခါးကို ဖွင့်ပေးနိုင်မည့် အရေးပါသော သော့တစ်ချောင်းဖြစ်ပါကြောင်း။

သီလဝါအထူးစီးပွားရေးဇုန် အောင်မြင်စွာပေါ်ထွန်းလာရေးအတွက် လူထုအားပေးထောက်ခံမှုနှင့် တက်ကြွစွာ ပူးပေါင်းပါဝင်မှုသည် အထူးလိုအပ်ပါကြောင်း၊ မြန်မာအများပိုင်ကုမ္ပဏီတွင် အစုရှယ်ယာများကို စိတ်ပါဝင်စားသူ မြန်မာပြည်သူများအနေဖြင့် မည်သူမဆို ဝယ်ယူပါဝင်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်း စည်းမျဉ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ အားလုံးပါဝင်နိုင်မှုကို လမ်းဖွင့်ပေးရမှာ ဖြစ်ပါကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်း အကျိုးစီးပွား၊ အဖွဲ့အစည်းတစ်ခုချင်း၏ အကျိုးစီးပွားထက် နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွားကို ဦးထိပ်ထားပြီး စိတ်ရင်းစေတနာကောင်းဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများကို ရင်းနှီးခင်မင်စွာ နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သီလဝါဆိပ်ကမ်းရှိ APEX Gas & Oil Public Co.,Ltd. ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က သီလဝါဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုလည်းကောင်း၊ APEX Gas & Oil Public Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက သီလဝါဆိပ်ကမ်း၌ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး သီလဝါ အထူးစီးပွားရေးဇုန်နှင့် သီလဝါဆိပ်ကမ်းအဆင့်မြှင့်တင်မှု၊ ဒဂုံ-သီလဝါလမ်းနှင့် သံလျင်တံတားအမှတ်(၂)တို့၏ပြုပြင်ထိန်းသိမ်းမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေတွင် ဖြစ်ပွားခဲ့သော ဥပဒေမဲ့လုပ်ရပ်များအပေါ် တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိ

မေလ ၁၈ ရက်နေ့ နံနက် ၁၀ နာရီက ဆည်တည်းရွာဟောင်း၌ ဒေသခံများမှ ဖမ်းဆီးထိန်းသိမ်းထားသော တရုတ်နိုင်ငံသားနှစ်ဦးအား မေ ၁၉ ရက် ည ၇ နာရီ ၂၀ မိနစ်တွင် ဝမ်ပေါင်ကုမ္ပဏီသို့ လွှဲပြောင်းပေးပို့မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မေ ၂၀

၂၀၁၄ ခုနှစ် မေလ ၁၈ ရက်နေ့ နံနက် ၉ နာရီခွဲတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း NORBEMCO တွင် အလုပ်လုပ်ကိုင်နေကြသော ဝန်ထမ်းသုံးဦးဖြစ်သည့် Mr. Lu Yuan Hao၊ Mr. Miao Jie တို့နှစ်ဦးနှင့် ယာဉ်မောင်း ဦးခင်အောင်မိုးတို့အား ရန်ကုန်ပြည်သူ့အကျိုးဆောင် ကွန်ရက်မှ တက်ကြွလှုပ်ရှားသူများနှင့် ဆည်တည်းရွာဟောင်းရှိ အောင်မြေမြင်သာဘုန်းကြီးကျောင်းမှ ဉူးစန္ဒောဘာသပါ ဒေသခံကျေးရွာသူ ကျေးရွာသား ၂၀ ခန့်မှ ဝိုင်းဝန်းဖမ်းဆီးခေါ်ဆောင်ပြီး ဆည်တည်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ထိန်းသိမ်းထားခဲ့သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေအရာရှိ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်/ကျေးရွာတို့မှ ဌာနဆိုင်ရာနှင့် ရပ်မိရပ်ဖတာဝန်ရှိသူများမှ အကြိမ်ကြိမ်ဝိုင်းဝန်း ညှိနှိုင်းဖြေလျှော့၍ ဖမ်းဆီးထားသူများအား ပြန်လည်ခေါ်ယူနိုင်ခဲ့ပါသည်။

အဆိုပါဖြစ်စဉ်တွင် ကုမ္ပဏီမှ ဝန်ထမ်းများသည် သတ်မှတ်ခွင့်ပြုထားသော ဧရိယာလုပ်ကွက်အတွင်း တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် မင်းမဲ့စရိုက်ဆန်စွာ ဥပဒေမဲ့ပြုမူခဲ့ကြောင်း တွေ့ရသဖြင့် တာဝန်ရှိသူများမှ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့် ဖြေလျှော့ဆောင်ရွက်ခဲ့ရာ အခင်းဖြစ်သည့် မေ ၁၈ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ဆားလင်းကြီးခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့် ဦးဆောင်သော ခရိုင်/မြို့နယ် ဖြေလျှော့ရေးအဖွဲ့များ စေလွှတ်၍လည်းကောင်း၊ ညနေ ၃ နာရီတွင် ဒုတိယအကြိမ် ထပ်မံစေလွှတ်၍လည်းကောင်း၊ ည ၈ နာရီတွင် ဆားလင်းကြီးမြို့နယ် NLD ပါတီ အတွင်းရေးမှူး ဦးဝင်းခိုင်အား စေလွှတ်ခဲ့ရာ ဝင်ရောက်ခွင့်မပြုသဖြင့် ကျောက်ဖြူတိုင်ကျေးရွာမှ ဦးကံကြည်ရှိန်၊ ရာအိမ်မှူး ဦးကြည်စိန်တို့အဖွဲ့အား ထပ်မံစေလွှတ်၍လည်းကောင်း မေလ ၁၈ ရက်နေ့တွင် လေးကြိမ် စေလွှတ်ဖြေလျှော့ဆောင်ရွက်ခဲ့ပါ သည်။ ယင်းကဲ့သို့ ဖြေလျှော့ဆောင်ရွက်ပေးနေသည့် တာဝန်ရှိသူများအား ဆည်တည်းရွာ၊ တုံရွာနှင့် မိုးကြိုးပြင်ရွာတို့မှ ဒေသခံရွာသူ ရွာသားများက တာဝန်အရှိဆုံးပုဂ္ဂိုလ်နှင့်သာ တွေ့ဆုံဆွေးနွေးလိုကြောင်း တင်းမာစွာတောင်းဆိုပြီး ဖမ်းဆီးထားသူများအား ပြန်လွှတ်ပေးရန် ငြင်းဆန်ခဲ့ကြပါသည်။ တာဝန်ရှိသူများမှ ပြန်ပေးဆွဲမှုပုံစံဖြစ်နေပြီး ဓားစာခံများဖမ်းထားသည့် ဒုစရိုက်အသွင်ဖြစ်နေသဖြင့် ဥပဒေအရ ပြစ်မှုမြောက်နေသောကြောင့် ပြန်လွှတ်ပေးရန် ဖြေလျှော့ရှင်းလင်းပြောကြားခဲ့သော်လည်း ၂၄ နာရီကျော်ကြာ ပြန်လွှတ်ပေးခဲ့ခြင်းမရှိဘဲ လူစုလူဝေးဖြင့် ခေါ်ဆောင်ထိန်းသိမ်းထားသူများဖြစ်ကြသည့် ဆည်တည်းရွာဟောင်းနေ ရီရီဝင်း၊ သိန်းအောင်၊ ခင်ငြိမ်း၊ ဝင်းဝင်းဌေး၊ စန်းမော်၊ မိုးကြိုးပြင်ရွာနေ ဝင်းကျော်၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့မှ ဖြူနှင်းထွေးပါ အပေါင်းပါတို့အား ဆားလင်းကြီးမြို့မ ရဲစခန်း(ပ)၇၇/၂၀၁၄၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၈/၁၁၄ အရ အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ရပါသည်။

ဖြေလျှော့ရေးအဖွဲ့များအား ညပိုင်း ထပ်မံစေလွှတ်ရာ ရွာသူ ရွာသားများမှ ဝင်ရောက်ခွင့်မပြုသဖြင့် ဖမ်းဆီးခံရသူများအား ကယ်ထုတ်နိုင်ရေးအတွက် ကျောက်ဖြူတိုင်ကျေးရွာမှ ဇီးတောရွာဟောင်းဘုန်းကြီးကျောင်းအနီးသို့ ည ၁၁ နာရီတွင် ပြောင်းရွှေ့အခြေပြုစဉ် ဇီးတောရွာဟောင်း ဘုန်းကြီးကျောင်းအတွင်း အသင့်ရောက်ရှိနေသော ဆည်တည်း၊ ဇီးတော၊ မိုးကြိုးပြင်၊ တုံရွာတို့မှ ဒေသခံရွာသူ ရွာသားများက ရဲတပ်ဖွဲ့ဝင်များအား လေးခွများဖြင့် ပစ်ခတ်ခြင်း၊ ခဲများဖြင့် ပစ်ပေါက်ခြင်း၊ မီးတုတ်များဖြင့် ပစ်ပေါက်ခြင်းတို့ဖြင့် အကြမ်းဖက်တိုက်ခိုက်လာမှုများ ပြုလုပ်လာသောကြောင့် ဂရိနာ ရော်ဘာကျည်ခြောက်ချက်၊ ၄၀ မမ ရော်ဘာကျည်ဖြင့်နှစ်ချက်၊ ၃၇ မမ ဓာတ်ငွေ့ပစ်သေနတ် နှစ်ချက် သတိပေးပစ်ခတ်ပြီး လူစုခွဲဟန့်တားခဲ့ရပါသည်။

အလားတူ ကျောက်ဖြူတိုင်ကျေးရွာသူ ကျေးရွာသားများသည် ကျောက်ဖြူတိုင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဝင်းအတွင်း အခြေပြုထားသည့် ရဲတပ်ဖွဲ့ပိုင် Grand Tiger ယာဉ်တစ်စီး၊ လန်ဂျန်းယာဉ်တစ်စီး၊ ဟိုင်းလတ်ယာဉ်တစ်စီးနှင့် ဆားလင်းကြီးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနပိုင် Grand Tiger ယာဉ်တစ်စီး၊ Double Cab ယာဉ်တစ်စီး စုစုပေါင်း မော်တော်ယာဉ်ငါးစီးနှင့် လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ စီးနင်းသည့် ဆိုင်ကယ် ၁၂ စီးတို့အား ထုရိုက်ဖျက်ဆီးကာ မော်တော်ယာဉ် လုံခြုံရေးတာဝန်ချထားသော တပ်ဖွဲ့ဝင်များအား တုတ်/ဓားများဖြင့် ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် တပ်ဖွဲ့ဝင် လေးဦး ကွဲပြဲဒဏ်ရာ၊ ပေါက်ပြဲဒဏ်ရာ၊ ဖူးရောင်ဒဏ်ရာနှင့် နာကျင်ဒဏ်ရာတို့ ရရှိခဲ့ကြသည်။ ဖြစ်စဉ်ကြောင့် လုံခြုံရေးတာဝန်ရှိသူများ လာရောက်ပူးပေါင်းစဉ် ဝိုင်းပတ်ထွေးလုံးပြီး လက်နက်/ခဲယမ်းများ ဆွဲရမ်း အကြမ်းဖက်လာသဖြင့် ဂရိနာရော်ဘာကျည် ခြောက်ချက်၊ ၄၀ မမ ရော်ဘာကျည် တစ်ချက်၊ ၃၇ မမ ဓာတ်ငွေ့ပစ်သေနတ်တစ်ချက် သတိပေးပစ်ခတ်၍ ဟန့်တားခဲ့ရပါသည်။

ယင်းကဲ့သို့ ကျောက်ဖြူတိုင်ကျေးရွာသူ ကျေးရွာသားများ ဖျက်ဆီးခဲ့မှုအတွက် မေလ ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၁၅ မိနစ် အချိန်တွင် ဆားလင်းကြီးရဲစခန်း (ပ)၇၇/၂၀၁၄၊ ခိုးယူခြင်းခံရသူကို ဝှက်သိမ်းမှု၊ ချုပ်နှောင်ထားမှု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၈ ဖြင့်လည်းကောင်း၊ (ပ)၇၈/၂၀၁၄ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၆(၁)ဖြင့်လည်းကောင်း၊ (ပ)၇၉/၂၀၁၄၊ မော်တော်ယာဉ်/ ဆိုင်ကယ် အကျိုးဖျက်ဆီးမှု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇၊ ပြည်သူ့ဝန်ထမ်းအား တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ ဟန့်တားရန် မိမိအလိုအလျောက်နာကျင်စေမှု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၂၊ ပြည်သူ့ဝန်ထမ်းအား တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှဟန့်တားရန် မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှုပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၃ တို့ဖြင့် လည်းကောင်း အမှုဖွင့်ဆောင်ရွက်ခဲ့ရပါသည်။

လုံခြုံရေးတာဝန်ရှိသူများမှ ဖမ်းဆီးထိန်းသိမ်းခံထားရသော တရုတ်နိုင်ငံသားများနှင့် ပတ်သက်ပြီး ပြန်လည်ရရှိရေး ဆောင်ရွက်ရာတွင် အင်အားသုံးဝင်ရောက်ထိုးဖောက်ဆောင်ရွက်ပါက ရွာသူ ရွာသားများနှင့်ထိပ်တိုက်တွေ့ဆုံပြီး ပစ်ခတ်မှုဖြစ်စဉ်များကြောင့် ရွာသူ ရွာသားများ ထိခိုက်ဒဏ်ရာများ ရရှိနိုင်သဖြင့်လည်းကောင်း၊ ထိန်းသိမ်းခံထားရသူများ၏ လုံခြုံရေးကို စိုးရိမ်သောကြောင့်လည်းကောင်း၊ ညှိနှိုင်းဆွေးနွေး ဖြေလျှော့ခြင်းဖြင့်သာ ဆောင်ရွက်ရန် ညှိနှိုင်းဆုံးဖြတ်ကြပြီး မေလ ၁၉ ရက်နေ့ ၀၆း၅၀ ချိန်တွင် ကျောက်ဖြူတိုင်ကျေးရွာ၊ ရာအိမ်မှူး ဦးကြည်စိန်မှတစ်ဆင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်း၏အကြောင်းကြားစာအား ဆည်တည်းရွာဟောင်းသို့ သွားရောက်ပို့ဆောင်စေခဲ့ပါသည်။ ဆက်လက်ပြီး နံနက် ၈ နာရီ ၁၀ မိနစ်တွင် တုံရွာမှ ဦးဘိုဌေး၊ ဦးလှဆောင်တို့အား စည်းရုံးပြောကြားရန် ထပ်မံစေလွှတ်ခဲ့ပါသည်။ နံနက် ၉ နာရီ ၂၅ မိနစ်တွင် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီး သစ်တောနှင့်သတ္တုတွင်းဝန်ကြီး ဦးသန်းထိုက်တို့နှင့် လုံခြုံရေးတာဝန်ရှိသူများ ထပ်မံညှိနှိုင်းခဲ့ကြပါသည်။ နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် ဦးဘိုဌေးနှင့် ဦးလှဆောင်တို့ ကျောက်ဖြူတိုင်ကျေးရွာ စာသင်ကျောင်းသို့ပြန်လည်ရောက်ရှိလာပြီး ဖမ်းဆီးထိန်းသိမ်းထားသောအဖွဲ့မှ အချက်(၄)ချက်ပါ တောင်းဆိုသည့် ခြိမ်းခြောက်စာတစ်စောင်ပေးပို့လာပါသည်။ အဆိုပါစာတွင်-

(က) လျော်ကြေး ယူထားခြင်းမရှိသည့် လယ်ယာမြေများတွင် ခြံစည်းရိုးခတ်ခြင်း၊ အဆောက်အအုံများဆောက်ခြင်း၊ မြေစာပုံခြင်းများကို မပြုလုပ်ရန်နှင့် ပြုလုပ်ထားသော လယ်ယာမြေများကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးပါရန်၊

(ခ) အထက်ပါကိစ္စများ ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် တရုတ်နှစ်ယောက်ကို ခေါ်ထားခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ဝမ်ပေါင်ကုမ္ပဏီ တာဝန်ရှိဆုံး ပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာမှ သက်သေခံနိုင်မည့် ပုဂ္ဂိုလ်များကို ဒေသခံတောင်သူလယ်သမားများနှင့် ယနေ့မွန်းလွဲ ၁ နာရီအချိန်တွင် အမြန်ဆုံး တွေ့ဆုံရန် ဆောင်ရွက်ပေးပါရန်၊

(ဂ) တွေ့ဆုံညှိနှိုင်းဆောင်ရွက်ပေးခြင်း မရှိသေးသရွေ့ တရုတ် နှစ်ယောက်ကို အန္တရာယ်ကင်းစွာဖြင့် ကျွေးမွေးထားမည်ဖြစ်သည်၊

(ဃ) ဝမ်ပေါင်၊ ဦးပိုင်နှင့် အုပ်ချုပ်ရေးဘက်မှ ပြေလည်ရန် ညှိနှိုင်းမှုမပြီးမချင်း အကြမ်းဖက်ဝင်ရောက်ခြင်း မပြုလုပ်ရန်၊ ပြုလုပ်ပါက တရုတ်နှစ်ယောက်၏ ကံကြမ္မာဟာ ဝမ်ပေါင်၊ ဦးပိုင်နှင့် အုပ်ချုပ်ရေး တာဝန်ရှိသူများ၏ တာဝန်သာဖြစ်သည်၊

ယင်းကဲ့သို့ခြိမ်းခြောက်စာရရှိခဲ့ပြီးနောက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကိုယ်စားလှယ်အဖွဲ့ (CSD အဖွဲ့ဝင်များ)နှင့် ရွာသူ ရွာသားများ တွေ့ဆုံဆွေးနွေးနိုင်ရေး ညနေ ၃ နာရီအချိန်တွင် ဦးဘိုဌေးအား စီစဉ်စေလွှတ်ခဲ့ပါသည်။ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ဆည်တည်း၊ ဇီးတောရွာသစ်ဆက်ဆံရေးရုံး၌ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးသန်းထိုက်၊ စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ တိုင်းဥပဒေအရာရှိ၊ ဆားလင်းကြီးခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ဖမ်းထားသောအဖွဲ့မှ ဒေသခံကိုယ်စားလှယ်များအဖြစ် တက်ရောက်လာသော မိုးကြိုးပြင်(အလယ်ရွာ)နေ ဝင်းကျော်၊ ဒေါ်ဝ၊ ဆည်တည်းရွာဟောင်းနေ ရီရီဝင်း၊ သိန်းအောင်၊ ဝင်းဦး(NLDပါတီဝင်)၊ မြင့်ဝင်း (NLDပါတီဝင်)၊ ဖြူနှင်းထွေး (ဗကသ)၊ တုံရွာနေ မစန္ဒာ၊ ဝက်မှေးရွာဟောင်းနေ အောင်ဇော်ဦးတို့ပါ ကျား/မ(၅၀)ခန့်တို့နှင့် တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရာ ဒေသခံများက အောက်ပါအတိုင်း တောင်းဆိုခဲ့ကြပါသည်-

(က) ဆည်တည်းရွာဟောင်းနေ မရီရီဝင်းမှ ဝန်ထမ်းများအား ဖမ်းဆီးထိန်းသိမ်းထားခြင်းသည် ဥပဒေနှင့်မညီကြောင်း ဖြေလျှော့ရေး အဖွဲ့များ ရှင်းလင်းပြောကြားမှ သိရှိနားလည်ရပါကြောင်း၊ တရုတ်ဝန်ထမ်းနှစ်ဦးအား ပြန်လွှတ်ပေးမည်ဖြစ်ပြီး မိမိတို့ကိုလည်း အဆိုပါကိစ္စအတွက် အမှုဖွင့် ထားသည်ကို ကျေအေးပေးစေလိုကြောင်း၊ မြေယာလျော်ကြေးယူမထားသည့် မြေယာများအပေါ်တွင် မြေစာပုံခြင်း၊ ခြံစည်းရိုးခပ်ခြင်းများကို ညှိနှိုင်းပြီးမှ ဆောင်ရွက်စေလိုကြောင်း၊

(ခ) တုံရွာနေ မစန္ဒာနှင့်မြင့်ဌေးတို့မှ ညှိနှိုင်းပြေလည်စေလိုကြောင်း၊ ဒေသခံများ၏ တောင်းဆိုချက်များအပေါ် လိုက်နာခြင်း ရှိ/မရှိ ပွင့်လင်းစွာ ပြန်ကြားစေလိုကြောင်း၊

(ဂ) ဦးဝဏ္ဏသိဒ္ဓိမှ ဝမ်ပေါင်ကုမ္ပဏီနှင့် ဒေသခံများအကြား ဆက်ဆံရေး ပြေလည်စေလိုကြောင်း၊ မိမိအနေဖြင့် လယ်တီသိမ်နှင့် စေတီတော်ဟောင်းအား ဖူးမြော်ခွင့် မရသည်ကို စိတ်မကောင်း ဖြစ်မိကြောင်း။

ယင်းနောက် တာဝန်ရှိသူများမှ တရုတ်နိုင်ငံသား နှစ်ဦးအား ထိန်းသိမ်းထားမှုနှင့် ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများအား ချပြရှင်းလင်းရာ ရွာသူ ရွာသားများမှ နားလည်သဘောပေါက်ပြီး ရွာသူ ရွာသားများအနေဖြင့် တရားရုံးတွင် လာရောက်ရင်ဆိုင် ဖြေရှင်းသွားရန် ပြန်လည်ရှင်းပြခဲ့ပါသည်။ ထိုသို့ ညှိနှိုင်းဆွေးနွေးခဲ့ပြီး နောက်ပိုင်း တွင် ဒေသခံရွာသူ ရွာသားများမှ ကျေနပ်လက်ခံခဲ့ပြီး ဖမ်းဆီးထိန်းသိမ်းထားသော တရုတ်နိုင်ငံသား နှစ်ဦးအား ပြန်လည်လာရောက်ခေါ်ဆောင်ရန် ရွာသို့ နှစ်ဦးသာလိုက်ခဲ့ရန် ပြောကြားသဖြင့် ညနေ ၆ နာရီ မိနစ် ၂၀ တွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေထွန်းနှင့် ယင်းမာပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်တို့သည် ဆည်တည်းရွာဟောင်းသို့ မုံရွာမြို့ ချမ်းသာကြီးဘုရားကျောင်းတိုက်ဆရာတော် ဦးဝဏ္ဏသိဒ္ဓိနှင့်အတူ သွားရောက်ခဲ့ပြီး ဖမ်းဆီးထိန်းသိမ်းထားသော တရုတ်နိုင်ငံသား နှစ်ဦးအား ပြန်လည်လွှဲပြောင်း လက်ခံခဲ့ပါသည်။

ဖြစ်စဉ်တွင် ဒေသခံများသည် ကုမ္ပဏီမှ တာဝန်ထမ်းဆောင်နေသူများအား ဓားစာခံများအဖြစ် ဖမ်းဆီးပြီး အကြပ်ကိုင်မှုများအပြင် တာဝန်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကိုယ်ထိလက်ရောက် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ဖျက်ဆီးခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။ တာဝန်ရှိသူများအနေဖြင့် ဖမ်းဆီးထိန်းသိမ်းထားသူများအား အင်အားသုံးဝင်ရောက်ကယ်ဆယ်ခြင်းတို့ ပြုလုပ်ပါက ဒေသခံများ ထိခိုက်ဒဏ်ရာရရှိမှုများ ရှိလာနိုင်သဖြင့် ညှိနှိုင်းဖြေလျှော့ရေးနည်းလမ်းကို ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ၎င်းတို့၏ လုပ်ရပ်များသည် ဥပဒေမဲ့လုပ်ရပ်များဖြစ်သဖြင့် ပြစ်မှုမြောက်သောကြောင့် တာဝန်ရှိသူများမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိပါသည်။

(သတင်းစဉ်)

ဖတ်စရာ မှတ်စရာ ခင်ဝင်း(ကြေးမုံ)

"စိတ်ဓာတ်" က ပြောသော "ပညာ" အကြောင်း

ယနေ့ခေတ်အခါတွင် အစိုးရလုပ်ငန်းဌာနများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းများမှ "ဝန်ထမ်းအလိုရှိသည်"ဆိုသည့် ကြော်ငြာများအား သတင်းစာများ၊ ဂျာနယ်များတွင် တွေ့မြင်ဖတ်ရှုနေရပါသည်။ အလုပ်သမားခေါ်ယူသည့် ကြော်ငြာတိုင်းလိုလို "ဘွဲ့ရ၊ တက္ကသိုလ်ဝင်တန်းအောင်၊ အင်္ဂလိပ်စာ အရေး/ အပြောတတ်ရမည်" ဆိုသည့် သတ်မှတ်ချက်များ ပါရှိကြလေသည်။ အလွန်ဝမ်းမြောက်ဖွယ်ကောင်းသည့် ကြော်ငြာများပင်ဖြစ်ပါသည်။ ယခင်ကဆိုလျှင် ဆယ်တန်းအောင်ပြီး တက္ကသိုလ်မတက်နိုင်ခဲ့ကြ။ ဘွဲ့ရပြီး အလုပ်အကိုင်မရှိသဖြင့် ဆိုက်ကားနင်း၊ တက္ကစီမောင်း၊ ဈေးရောင်းစသဖြင့် ကြုံရာကျပန်းအလုပ်များ လုပ်ကိုင်ခဲ့ကြရသည်။ ယခုလုပ်ငန်းဌာနတိုင်းတွင် ဘွဲ့ရပညာတတ်များ အများအပြားခန့်အပ်တာဝန်ယူ လုပ်ဆောင်လာကြပြီ ဖြစ်သဖြင့် ကျောင်းများ၌ ရေးထားသည့် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်အံ့"ဆိုသည့် ဆောင်ပုဒ်ကို ပြေးသတိရလိုက်မိသည်။ နိုင်ငံတော်တွင် အလုပ်လက်မဲ့ပြဿနာများလည်း ဖြေရှင်းလာနိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ဌာနဆိုင်ရာလုပ်ငန်းကြီးများ၊ ကုမ္ပဏီကြီးများ ပေါ်ထွန်းလာသည်နှင့်အညီ ကျောင်းသားလူငယ်တို့ကလည်း ယခင်ကထက်ပိုမို၍ စာကို ကြိုးစားကြရပေတော့မည်။ အရွယ်ရောက်ပါက ဌာနဆိုင်ရာများ၊ လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြမည်ဖြစ်သဖြင့် ရပ်ကွက်ထဲမှ ဂိမ်းဆိုင်များ၊ ကာရာအိုကေဆိုင်များ၊ လက်ကိုင်ဖုန်းထဲမှ ကစားစရာများကို ဘေးဖယ်ထားပြီး ကျောင်းစာကို ကျက်ကြ၊ မှတ်ကြ၊ ဖတ်ကြရမည်ဖြစ်သည်။

စာရေးသူတို့ဖြတ်သန်းခဲ့ရသည့် ခေတ်ကာလတုန်းကဆိုလျှင် ခါးသီးဖွယ်ရာလေးများရှိခဲ့ပါသည်။ ရပ်ကွက်တော်တော်များများက နေအိမ်များတွင် လျှပ်စစ်မီးမရှိ။ ကျွန်တော်တို့အိမ်မှာလည်း လျှပ်စစ်မီးမရှိ။ နို့ဆီခွက်ကို တီထွင်ထုတ်လုပ်ထားသည့် ရေနံဆီမီးခွက်ကလည်း ရေနံဆီကုန်မည်စိုးသဖြင့် ည ၉ နာရီဆိုလျှင် မီးမှိတ်။ ဒါ အမေ့၏ အမိန့်။

ကျွန်တော်လည်း အိမ်ရှေ့က လမ်းမီးတိုင် (ဝါကြန့်ကြန့် မလင်းတလှည့် လင်းတလှည့်)အောက်မှာ ညတိုင်း စာကျက်ခဲ့ရပါသည်။ များပြားလှသည့် ကျောင်းပိတ်ရက်များတွင်လည်း လုပ်ငန်းအတွေ့အကြုံရအောင်ဆိုပြီး အမေခိုင်းသည့် ပုဂ္ဂလိကအလုပ်များ၌ လုပ်ခဲ့ရသည်။ ရန်ကုန်မြို့ တရုတ်တန်းမှ လက်ဖက်ရည်ဆိုင်နှင့် မုန့်တိုက်ကြီးတွင်ဖြစ်သည်။ ယင်းမုန့်တိုက်ပိုင်ရှင်သူဌေးက အလုပ်သမားတွေမြင်သာသည့်နေရာတွင် ဆိုင်းဘုတ်တစ်ခုရေးပြီး ချိတ်ဆွဲထားသည်။ စာကတိုတိုပြတ်ပြတ်ပင်။ "***အတတ်၊ အသိ၊ စိတ်ဓာတ် အရေးကြီးသည်***"တဲ့။

ယင်းမုန့်တိုက်မှာ လက်ဖက်ရည်အဖျော်ဆရာလည်းဖြစ်၊ ကော်ပြန့်စိမ်းအကြော်ဆရာလည်းဖြစ်၊ မုန့်မျိုးစုံလုပ်ကျွမ်းကျင်သူ မြန်မာလူမျိုးအကြော်ဆရာတစ်ယောက်ရှိသည်။ မုန့်ပညာတွေတတ်သလို မောက်မာမော်ကြွားပြီး မာန်တက်နေသည်။ ဆိုင်ပိုင်ရှင်သူဌေးကလည်း သူ့ကိုအားကိုးသည်။ ၎င်းက လက်အောက်ငယ်သားများနှင့် လုပ်ဖော်ကိုင်ဖက်များကို အမြဲတစေ မာန်မဲဟိန်းဟောက်နေတတ်သည်။ အလုပ်သမားအချင်းချင်းက မသိတာရှိ၍မေးလျှင်လည်း ကောင်းကောင်းမပြောချင်။ အလုပ်နည်းနည်းပိုလုပ်ရလျှင်လည်း စိတ်တိုတတ်သည်။ သူမရှိရင် အလုပ်မဖြစ်တော့မည့်မျက်နှာပေးမျိုးနှင့် မှုန်ကုပ်ကုပ်နေတတ်၏။ အလုပ်ကိုလည်း စေတနာမထား။ ဆိုင်မှာအလုပ်တွေကျလာပြီဆို သူလစ်ပြီ။ မရှိတော့။ အလုပ်ခို၏။ ကပ်၏။

ရောင်းအားကောင်းသည့်ဆိုင်ဆိုတော့ လူသစ်တစ်ယောက် ထပ်ခေါ်လိုက်သည်။ လူသစ်က အညာဘက်မှဖြစ်သည်။ အလုပ်ကြိုးစားသည်။ လုပ်ငန်းအပေါ်လည်း စေတနာထားသည်။ ဆက်ဆံရေးလည်း ပြေပြစ်သည်။ သို့သော် မုန့်ဆရာလိုတော့ ပညာမတတ်ရှာ။

ကြာလာသည်နှင့်အမျှ မုန့်ဆရာကလည်း ခိုကပ်ပြီး ပညာပြပေါင်းများလာသဖြင့် မုန့်တိုက်၌လည်း အလုပ်များ ကသောင်းကနင်းဖြစ်လာသည်။ အလုပ်ရှင်လည်း စိတ်ဆိုးကာ မုန့်ဆရာကို အလုပ်မှ ဖယ်ရှားလိုက်ပြီး (စိတ်ဓာတ်ကောင်းသော်လည်း ပညာမတတ်သည့်)လူသစ်ကို လက်ဖက်ရည်နှင့် မုန့်လုပ်ငန်းပညာတွေ ကုန်စင်အောင် သင်ပေးပြီး အစားထိုးခန့်ထားလိုက်လေသည်။ ထို့အပြင် ဆိုင်မှာချိတ်ဆွဲထားသည့် ဆိုင်းဘုတ်ကိုလည်း အသစ်ပြောင်းချိတ်လိုက်ပါတော့သည်။ "***စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ အရေးကြီးသည်***"တဲ့။

အထက်ပါဖြစ်စဉ်ကို ပြန်ပြောင်းတွေးမိရင်း ဖေ့ဘွတ်ပေါ်တွင် ဖတ်လိုက်ရသည့် စာပိုဒ်လေးကို သတိရမိလိုက်ပါသည်။

"***ဘွဲ့ဒီဂရီတွေ တန်းစီနေပေမယ့် စိတ်ဓာတ်အဆင့်အတန်းနိမ့်ကျရင် တန်ဖိုးမရှိပါဘူး၊ လူတစ်ယောက်ရဲ့ တန်ဖိုးအစစ်က စိတ်ဓာတ်ဆိုတာ မမေ့ပါနဲ့***"ဟူသတည်း။ ။

မျိုးဆက်သစ်လူငယ်များကို ပခုံးပြောင်းတာဝန်ပေးမှသာ တိုးတက်မှုအရှိန်မြန်လာမည်ဖြစ်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော လူပုဂ္ဂိုလ်များအား နိုင်ငံတော်သမ္မတမှ နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်အပ်နှင်းခဲ့သည်။

အဆိုပါအခမ်းအနားကို မေ ၃ ရက်က နေပြည်တော် နိုင်ငံတော်သမ္မတအိမ်တော်တွင် ကျင်းပခဲ့ရာ ၂၀၁၄ ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ရရှိခဲ့သည့် မန္တလေးမြို့မှ စိန်နှင့်မြမွေ့ရာလုပ်ငန်းရှင် ဦးကျော်မင်း (ထုတ်လုပ်ရောင်းချမှုထူးချွန်အလတ်စားစီးပွားရေးလုပ်ငန်းရှင်ဆုရ)နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်ဒီဆုကိုရရှိခဲ့တာ အထူးဂုဏ်ယူဝမ်းမြောက်မိပါတယ်။ နိုင်ငံတော်သမ္မတက ယခုလိုချီးမြှင့်ခြင်းဟာ ကြိုးစားတဲ့လုပ်ငန်းရှင်တွေကို အသိအမှတ်ပြုအားပေးလိုက်တဲ့ ရည်ရွယ်ချက်တွေပါနေပါတယ်။ ဒါကြောင့် ဒီထက်လုပ်ငန်းတွေအောင်မြင်အောင် ကြိုးစားမယ်လို့ ခံယူထားပါတယ်။ ဒီဆုကို ရွေးချယ်ခံရခြင်းကလည်း ပြည်ပသွင်းကုန်အစားထိုးနိုင်အောင် ထုတ်လုပ်နိုင်ခြင်း၊ လုပ်ငန်းကြောင့် ဘေးထွက်ဆိုးကျိုးမရှိခြင်း၊ နိုင်ငံတကာအရည်အသွေးမီကုန်ပစ္စည်းဖြစ်ခြင်းနှင့် ကျွန်တော့်လုပ်ငန်းမှာလုပ်ကိုင်နေကြတဲ့ ဝန်ထမ်းတွေရဲ့ဘဝ ရှင်သန်ရပ်တည်နိုင်ဖို့ ဘယ်လိုတွေပံ့ပိုးကူညီထောက်ပံ့ပေးထားလဲ စတဲ့အချက်တွေကို အဆင့်ဆင့်စိစစ်ပြီးမှ ရွေးချယ်ခြင်း ဖြစ်တဲ့အတွက် ထိုက်တန်စွာရရှိခဲ့တယ်လို့ ပီတိဖြစ်မိပါတယ်။

မိဘတွေလက်ထက်ကတော့ မှို့နဲ့ ဝါဂွမ်းကိုပဲ အဓိကထားလုပ်ခဲ့တာပါ။ ၁၉၉၄ ခုနှစ်ကစပြီး ကျွန်တော်ကိုယ်တိုင်ဦးစီးပြီး မွေ့ရာအနေနဲ့စတင်လုပ်ဆောင်ပြီး အရည်အသွေးမြှင့်ကုန်ပစ္စည်းတွေထုတ်လုပ်တယ်။ စိန်နဲ့မြဆိုတဲ့နာမည်ကို မထိခိုက်အောင် အရည်အသွေးကို အဓိကထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှစပြီး စပရိန်မွေ့ရာစက်ရုံကို တည်ထောင်ကာ နိုင်ငံတကာအဆင့်မီ စပရိန်မွေ့ရာတွေကို ပြည်တွင်းမှာ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနိုင်တဲ့အတွက် ဈေးကွက်ရလာပြီး လုပ်ငန်းအောင်မြင်လာတာပါ။ ပြီးတော့ လုပ်ငန်းတိုးချဲ့တဲ့အနေနဲ့ ခါးမနာသောမွေ့ရာ၊ ဟိုတယ်သုံးမွေ့ရာစတဲ့ မွေ့ရာအမျိုးပေါင်း ၂၀ ကျော်ကို ထုတ်လုပ်ရောင်းချနိုင်ခဲ့ပါတယ်။

အရည်အသွေး ကောင်းမွန်တဲ့အတွက် သုံးစွဲသူတွေရဲ့ယုံကြည်မှုကို ရလာတယ်။ နိုင်ငံတကာစံချိန်မီပစ္စည်းတွေကို ပြည်တွင်းမှာထုတ်လုပ်နိုင်တဲ့အတွက် ဈေးနှုန်းကလည်းချိုသာတယ်။ ဒါကြောင့် လုပ်ငန်းအောင်မြင်လာတာပါပဲပေါ့။

ပြည်တွင်းထုတ်လုပ်နိုင်မှုစွမ်းအားတွေ အများကြီးလိုအပ်နေပါသေးတယ်။ ကျွန်တော်အပါအဝင် လုပ်ငန်းရှင်တွေအားလုံး ဒီထက်မကကြိုးစားရဦးမှာပါ။ အခုဆိုရင် နိုင်ငံတော်ကလည်း ကြိုးစားသူတိုင်းကို အသိအမှတ်ပြုအားပေးနေပါတယ်။ ၂၀၁၅ ခုနှစ်မှာ ပြိုင်ဆိုင်မှုတွေများလာပြီး ဈေးကွက်ကလည်း ကျယ်ပြန့်လာတော့မှာပါ။ ဒါကြောင့် လုပ်ငန်းရှင်တွေအားလုံး နားနဲ့မျက်စိဖွင့်ပြီး နိုင်ငံတကာနဲ့ယှဉ်နိုင်အောင် အသင့်ပြင်ဆင်ထားရတော့မှာပါ။ အခုဆိုနိုင်ငံတကာမှာ လူငယ်တွေဟာ လုပ်ငန်းတိုင်းမှာ နေရာယူနေကြပါပြီ။ ဖွံ့ဖြိုးတိုးတက်ခြင်းနဲ့အတူ ဒီခေတ်လူငယ်တွေဟာ ဖျတ်လတ်သွက်လက်ပြီး အသိပညာတွေ အများကြီးတိုးတက်နေပါပြီ။ ဒါကြောင့် စွမ်းဆောင်ရည်တွေကျနေတဲ့ ကျွန်တော်တို့က ဘေးဖယ်ပြီး ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေကို ပခုံးပြောင်းတာဝန်ပေးရတော့မှာပါ။ ဒါမှလည်း တိုးတက်မှုအရှိန်မြန်လာမှာပေါ့။

နောက်ဆုံးပြောချင်တာကတော့ ကျွန်တော်တို့လုပ်ငန်းရှင်တွေအားလုံး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်နိုင်သမျှ ကြိုးစားလုပ်ဆောင်ကြရင်း နိုင်ငံတော်က အသိအမှတ်ပြုချီးမြှင့်ပေးမယ့်အမြင့်မားဆုံး ဆုကြီးတွေကို မျှော်လင့်နေကြပါစို့လို့ ပြောချင်ပါတယ်"ဟု ပြောကြားသွားသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

လယ်မြေ၊ ယာမြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် သစ်တောမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ အခြားနည်းအသုံးပြုခြင်း၊ လူနေအိမ်ရာများ ဖော်ထုတ်ခြင်းမပြုရန် အသိပေးကြေညာခြင်း

၁။ ရှမ်းပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်၊ ကျေးရွာများရှိ လယ်မြေ၊ ယာမြေများ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် သစ်တောမြေများပေါ်တွင် ခွင့်ပြုမိန့် တစ်စုံတစ်ရာမရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် အခြားနည်း အသုံးပြုခြင်း၊ လူနေအိမ်ကွက်များ ဖော်ထုတ်ခြင်းမပြုရန် တားမြစ်လိုက်သည်။

၂။ တားမြစ်ချက်ကိုလိုက်နာခြင်းမရှိပါက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ၂၀၁၂ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေနှင့် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ၊ ၁၉၉၅ခုနှစ်၊ သစ်တောနည်းဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့





အမှတ်တရ . . . ဆရာကြီး ဦးသုခ

အဲဒီအချိန်က မြန်မာ့ရုပ်မြင်သံကြားဌာနအတွက် တီဗွီအစီအစဉ်မှာ ထုတ်လွှင့်ပြသဖို့ "ရဟန်းစားသော ဆွမ်းတစ်နပ်"ဇာတ်လမ်းကို ဆရာကြီးစတင်ရိုက်ကူးနေစဉ် ကာလဖြစ်ပါတယ်။

ဒါကြောင့် မြန်မာ့ရုပ်ရှင် ဟောလိဝုဒ်လို့ဆိုရမယ့် (ရှစ်မိုင်)ရှိ အေဝမ်းရုပ်ရှင်ခြံကြီးထဲကို ရုပ်ရှင်ခရေဇီဖြစ်တဲ့ စာရေးသူ စောစောစီးစီးပဲ ရောက်လာခဲ့တာပါ။

လာရတဲ့အကြောင်းရင်းက မိမိကို ရွှင်ပျော်ပျော် ဗီဒီယိုကုမ္ပဏီမှ ထုတ်လုပ်သူ ကိုထွန်းလွင်က တာဝန်ပေးအပ်ထားလို့ အေဝမ်းခြံထဲမှာနေတဲ့ ရွှေဂေါင်းပြောင် ကိုတိုးညွန့်နဲ့ တွေ့ဆုံပြီး ဆရာရင်းဖြစ်သူ ကာတွန်း ဦးအောင်ရှိန်ရဲ့ နိုင်ငံကျော် စုံထောက်ကြီး ဦးရှုံစားနဲ့ ဦးဒိန်းဒေါင် ဇာတ်လမ်းရိုက်ကူးကြဖို့ ကိစ္စပြောဆိုကြဖို့ပါ။ နောက် တစ်ခုက အေဝမ်းခြံထဲမှာ ဆရာကြီး ဦးသုခရဲ့ "ရဟန်းစားသော ဆွမ်းတစ်နပ်" ရိုက်ကူးနေတဲ့ သတင်းစကားကြားသိရလို့ ဆရာကြီးနဲ့လည်း တွေ့ဆုံလိုပြီး ဆရာကြီး ရိုက်ကွင်းမှာ ရုပ်ရှင်ပညာဆည်းပူးလေ့လာလိုတာကြောင့်လည်း ဖြစ်ပါတယ်။

ဒါပေမယ့် ရိုက်ကွင်းအလုပ်ကိစ္စတွေ များနေတာကြောင့် ဆရာကြီးနဲ့ ဘယ်လိုမှ ရင်းရင်းနှီးနှီးတွေ့ဆုံဖို့ အခွင့်မကြုံခဲ့ရပါဘူး။

ဒါကြောင့် ရှုတင်ထမင်းစားပြီး အခြားတစ်နေရာ ရိုက်ကွင်းပြောင်းရွှေ့ကြမှာဖြစ်တာကြောင့် စာရေးသူဟာ အေဝမ်းခြံထဲက ပြန်ထွက်လာခဲ့ပြီး ဘတ်စ်ကားမှတ်တိုင်မှာ အိမ်ပြန်ဖို့ကားစောင့်နေရတာကြာတာနဲ့ ဆောင်းရာသီကာလဆိုတော့ ရှစ်မိုင်ကနေပြီး ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း ကုန်းကြောင်းခရီး လမ်းလျှောက်ပြန်လာခဲ့ပါတယ်။

ဒီအချိန်က စာရေးသူဟာ မာလာမြိုင်အုတ်ကျင်းလှိုင်မြို့နယ်မှာ နေထိုင်တာဖြစ်ပါတယ်။ ဒီလို လမ်းလျှောက်ပြန်လာရင်းက အင်းစိန်သမိုင်းလမ်းဆုံ လမ်းဝရောက်တော့ လမ်းဘေးပလက်ဖောင်းပေါ်မှာ ဝတ္ထုစာအုပ်အဟောင်းတွေ စုပုံခင်းကျင်းရောင်းချနေတာတွေ့ရလို့ စာသမားပီပီ စာအုပ်ပုံထဲမှာ ရှာဖွေကြည့်ရှုရာက စာရေးဆရာ အေးမွန် ဘာသာပြန်ဆိုရေးသားတဲ့ ကမ္ဘာကျော် ကာတွန်းရုပ်ရှင်ဝိဇ္ဇာ ဝေါ့ဒစ္စနေးရဲ့ အတ္ထုပ္ပတ္တိစာအုပ် ထူကလေးတစ်အုပ်နဲ့အတူ ပူးတွဲနေတဲ့ စာအုပ်ဟောင်းလေးက စာရေးဆရာရဲ့ နာမည်ကိုတော့ ကြာလို့ခပ်မှေ့မှေ့ပဲ။ ဒါပေမယ့် "ဦးပန်းရည်"လို့ထင်ပါတယ်။ "ကဗျာ့ဘဏ်တိုက်" ဆိုတဲ့ ရှားရှားပါးပါး ဇာတ်အငြိမ့်သဘင်သမားပညာရှင်များအတွက် အလွန်အသုံးဝင်အဖိုးတန်လှတဲ့ ဇာတ်စာ၊ ဇာတ်စကားများပါတဲ့ စာအုပ်လေးပါ။

ဘုရင်စာ၊ ဝန်စာတို့ကအစ မင်းသား မင်းသမီး၊ လူရွှင်တော်အခေါ် ခွန်းထောက်သဖြန်၊ တောတောင်အကြောင်း၊ နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ စတဲ့ ဇာတ်သုံးစကားလုံး အပြောအဆိုတွေစုံလင်အောင်ပါတဲ့ စာအုပ်လေးပါ။ အဲဒီခေတ်ဟောင်းစာအုပ်လေးရဲ့ တန်ဖိုးက အဖုံးပေါ်မှာ တစ်ကျပ် နှစ်ပဲ လို့ရေးထားပါတယ်။

အဲဒီနောက် ဒစ္စနေးစာအုပ်က ငါးကျပ်၊ အဲဒီစွယ်စုံ ကဗျာ့ဘဏ်တိုက် စာအုပ်လေးက တစ်ဆယ်ကျပ်နဲ့ စာရေးသူဝယ်ခဲ့ပြီး ငါးရတဲ့ တံငါလို ဝမ်းသာအားရ စာဖတ်ချင်ဇောနဲ့ အိမ်ကိုသုတ်ခြေတင်ပြီး အမြန်ပြန်လာခဲ့ပါတယ်။

အဲဒီအခါကာလတုန်းက စာရေးသူဟာ မြန်မာ့ရုပ်မြင်သံကြားမှာ ပထမဆုံး "ရိုးသားတဲ့ ဖိုးသခွား" ဆိုတဲ့ ကာတွန်းရုပ်ရှင်ကို ရိုက်ကူးထုတ်လွှင့်ပြသပြီးတဲ့နောက်မှာ ရုပ်သံ/တီဗွီမှာ ကုန်ပစ္စည်းကြော်ငြာတွေစတင်ထုတ်လွှင့်ပြသခွင့်ပြုနေတဲ့ ကြော်ငြာခေတ်ဦးကာလအစ ကြုံကြိုက်နေတာကြောင့် အဲဒီတုန်းက မြွေနှစ်ကောင်ပွေး၊ ဝဲ၊ ယားနာပျောက်ဆေးကြော်ငြာရိုက်ကူးပေးခဲ့ရာက ကြော်ငြာတွေအတော်များများလက်ခံရိုက်ကူးဖြစ်ခဲ့ပါတယ်။

ဒါကြောင့် စာရေးသူတို့ဟာ ရုပ်မြင်သံကြားကြော်ငြာခေတ်ဦးစတင်ရိုက်ကူးခဲ့ကြသူများဖြစ်ကြပါတယ်။ စာရေးသူနဲ့အတူ ကြော်ငြာနေရာဝင်ရောက်လာသူက ရုပ်ရှင်မင်းသားကြီး ဦးမြင့်စိုးပါ။ သူက ဒီဇင်ဘာမျက်ခုံးမွေးဆွဲခဲတံကြော်ငြာနဲ့စတင်ဝင်ရောက်လာပြီး သူ့ရဲ့ ထင်ရှားတဲ့ကြော်ငြာက ကေသီပန်သွေးဆေးကြော်ငြာပါ။ အဲဒီကြော်ငြာသရုပ်ဆောင်လေး မျိုးသန္တာထွန်းဟာ အဲဒီကစပြီး ထင်ရှားတဲ့သရုပ်ဆောင်မင်းသမီးဖြစ်လာခဲ့ရတာပါ။ ယခု အကယ်ဒမီ မျိုးသန္တာထွန်းဖြစ်ပါတယ်။

အဲဒီအချိန်က စာရေးသူနဲ့အတူ စတူဒီယိုထဲမှာ ရိုက်ကူးတည်းဖြတ်ပြုလုပ်နေတဲ့ အင်ဂျင်နီယာ ကိုစန်းအောင်ဟာ နောက်ပိုင်းမှာ သူကိုယ်တိုင်ရေးစပ်ထားတဲ့ ပန်-ပန်-ပန် ဆိုတဲ့ သီချင်းနဲ့ ထက်ထက်မိုးဦးနဲ့ ကိုယ်တိုင် ရွှေဆိုင်ကြော်ငြာရိုက်ခဲ့ရာက ထက်ထက်မိုးဦး ထင်ရှားလာခဲ့သလို သူကိုယ်တိုင်လည်း စူပါဒါရိုက်တာဖြစ်သွားပါတယ်။

နောက်မှာတော့ ရုပ်သံလွှင့်ဌာနအတွက် လူရွှင်တော် ကိုမေတ္တာတို့ရဲ့ အေးအေးမြင့်နဲ့ တစ်ခိုင်လုံးရွှေအငြိမ့်ခွင်များ ရိုက်ကူးအောင်မြင်လာခဲ့ပါတယ်။

အထူးသဖြင့် ရုပ်/သံစတူဒီယိုထဲမှာ စာရေးသူနဲ့ တွေ့ဆုံတိုင်း ကိုမေတ္တာက ကြော်ငြာကာတွန်းထဲကလို အမယ်လေး လေးလေး-ယားလိုက်တာ ကယ်ကြပါအုံးလို့ သူ့တစ်ကိုယ်လုံးကုတ်ပြီး ရယ်စရာနောက်ပြောင်ပြလေ့ရှိတာကြောင့် အလွန်ပဲ ရင်းနှီးခင်မင်ကြပါတယ်။

အဲဒါကြောင့် သဘင်၊ အနုပညာ၊ စာပေ၊ အလင်္ကာမြောက်တဲ့ "ကဗျာ့ဘဏ်တိုက်"စာအုပ်လေးကို သူ့အတွက် အလွန်အသုံးဝင်တန်ဖိုးရှိမှာဖြစ်တာကြောင့် ကိုမေတ္တာကို ပေးဖြစ်သွားပါတယ်။

ဒီစာအုပ်ကလေး အမှတ်တရလက်ဆောင်အဖြစ် ပေးလိုက်တာကို လူရွှင်တော် ကိုမေတ္တာက လက်နှစ်ဖက်နဖူးထက်တင် ဦးထိပ်ပန်ဆင်ကန်တော့ပြီး စာရေးသူ ပေးလိုက်တဲ့ ဒီတစ်ဆယ်ကျပ်တန် စာအုပ်လေးဟာ သူ့အတွက် သိန်းပေါင်းများစွာ တန်ဖိုးကြီးမားလှပါကြောင်း အထူးကျေးဇူးတင်စကားပြောကြားပါတယ်။

တစ်နေ့ စာရေးသူဟာ ရုပ်မြင်သံကြားစတူဒီယို အပေါ်ထပ်မှာရှိတဲ့ တည်းဖြတ်၊ အသံသွင်းခန်းထဲမှာ ကြော်ငြာတစ်ခုကားဆက်နေတုန်း စာရေးသူအား ကူညီတည်းဖြတ်ဆောင်ရွက်ပေးနေတဲ့ အကြီးတန်းစက်မှု အင်ဂျင်နီယာ ကိုမင်းဂေါင်ကျော်က ကာတွန်းဆရာကို ဆရာကြီးဦးသုခက တွေ့ချင်လို့တဲ့ဗျ။ ဆရာကြီး ရုပ်/သံ ဧည့်ခန်းမကြီးထဲမှာ ညွှန်ကြားရေးမှူးနဲ့ စကားပြောနေကြတယ်။ စောင့်ပြီးတွေ့လိုက်ပါ။ တီးတိုးညင်သာတဲ့ သူ့လေသံကိုကြားရတဲ့ စာရေးသူဟာ ကိုယ့်နားကိုပင် မယုံကြည်နိုင်လောက်အောင်ဖြစ်သွားပြီး ဆရာကြီးနဲ့တကယ့်ကိုတွေ့ချင်နေတာကြာပြီ။ အခုတော့ ဆရာကြီးကိုယ်တိုင်ကပင် တွေ့ချင်တယ်ဆိုတော့ ဝမ်းပန်းတသာ တအံ့တသြနဲ့ကားဆက်ခန်းက အမြန်ဆုံးဆင်းပြီး ဆရာကြီးရှိတဲ့ ရုပ်/သံ ဧည့်ခန်းမကြီးထဲ အပြေးထွက်လာခဲ့တာပေါ့။

ဒီအချိန်မှာ ရုပ်/သံ ညွှန်ကြားရေးမှူး ပြန်ထွက်လာတာကို ပြုံးပြီး အရိုအသေပြုနှုတ်ဆက်ရင်း အခန်းထဲဝင်လိုက်တော့ ဆရာကြီးဟာ ဆိုဖာဆက်တီပေါ်မှာ ထိုင်နေရာက ထလာပြီး စာရေးသူရဲ့လက်ကို ကိုင်စွဲနှုတ်ဆက်ပြီး ကျုပ် ကိုဖေစန်းရဲ့ (မြွေနှစ်ကောင်) ဆေးကြော်ငြာကာတွန်းကို သဘောကျလွန်းလို့ တွေ့ချင်တာပါဗျ။ ဒီလိုပဲ အနုပညာသမားပီပီ ရိုးရှင်းစွာပြောပြီး သူ့အနီးထိုင်ခုံမှာ ထိုင်စေပါတယ်။

အဲဒီနောက် အလွန်မှတ်ဉာဏ်ပါရမီကောင်းလှတဲ့ ဆရာကြီးက စာရေးသူရဲ့ ကြော်ငြာထဲက စာသားစကားလုံးတွေနဲ့ အနီးစပ်ဆုံး တစ်လုံးတစ်ပါဒမှ အဖုအထစ်မရှိ ရွတ်ဆိုပြောပြတာကို စာရေးသူရဲ့ စိတ်ထဲက အထူးကို ချီးကျူးအံ့သြနေမိပါတယ်။

ပထမပဏာမ အစပျိုးပြီး ဆရာကြီးပြောပုံက ဒီလိုပါ။

အမယ်လေး လေးလေး ယားလိုက်တာ ကုတ်ရတာလည်း မသက်သာ ကယ်ကြပါအုံးတဲ့။

ဒီတော့ ဆေးဘူး ကာတွန်းရုပ်ဝင်လာပြီး ဒီမှာ မိတ်ဆွေ ပွေး၊ ဝဲ၊ နှင်းခူ၊ ယားနာထူလို့ မပူနဲ့ရော့ . . ယူ့ . . လိမ်းတဲ့ သိပ်ကောင်းတယ်။

ဒီတော့ ယားနေတဲ့အရုပ်လေးက ဟာ ဟုတ်ပ့ါ မကုတ်ရဘူး။ ပျောက်ပြီ အဲဒါက ဘာဆေးလဲ။ ကဲ မေးပြီပေ့ါနော်။

ဒီတော့ ဆေးဘူးကာတွန်းရုပ်က အဲဒါ ဆေးတကာ့ထိပ်ခေါင် မြွေနှစ်ကောင်ပေ့ါတဲ့။ အဲဒီစာသားလေးတွေလည်း ဆရာသဘောကျတယ်။ ဘယ်သူရေးပေးတာလဲ။ အဲဒီလို ဆရာကြီးက ဆက်မေးတော့ စာရေးသူက ကြော်ငြာအပ်ကတည်းက စိတ်ကူးရပြီး ကိုယ်တိုင်ကောက်ရေးလိုက်တာပါလို့ ပြန်လည်ပြောပြတော့ ဆရာကြီးက စာရေးသူရဲ့လက်ကို ဒုတိယအကြိမ် ထပ်ဆင့်ဆွဲကိုင်အားပေးလိုက်ရာက စာလည်းကောင်းတယ်။ အရုပ်လည်းကောင်းတယ်။ စိတ်ကူးလည်းကောင်းတယ်။ အဲဒါပြောချင်လို့ပါ။ ကဲကဲ အလုပ်ရှိက ဆက်ပြီးသွားလုပ်ပါလို့ ဆရာကြီးက ခွင့်ပြုလိုက်တာနဲ့ စာရေးသူက မတ်တတ်ရပ်ရင်း ဆရာကြီးကို လက်အုပ်ချီကန်တော့ပြီး ဧည့်ခန်းထဲက လှည့်အပြန် ဧည့်ခန်းမကြီးထဲ လက်အုပ်ချီပြီး ဒုတိယဝင်ရောက်လာသူက လူရွှင်တော် ကိုမေတ္တာပါ။ ဒါကြောင့် စာရေးသူဟာ ကိုမေတ္တာနဲ့အတူ ဆက်တီကုလားထိုင်မှာ ဝင်ထိုင်လိုက်ရပြန်ပါတယ်။

ကိုမေတ္တာက သားတို့ ဒီမှာ အေးအေးမြင့်တို့နဲ့ တစ်ညလုံး အငြိမ့်ခွင်ရိုက်ကြမှာပါ။ ဆရာကြီး ရောက်နေတယ်ကြားသိရလို့ ဆရာကြီးကို နှုတ်ဆက်ကန်တော့လာတာပါလို့ပြောပြီး ဇာတ်အငြိမ့်သဘင်ကိစ္စတွေ ဆက်ပြောဖြစ်ကြပြန်ပါတယ်။

အဲဒီလိုအခွင့်ကြုံခိုက် စာရေးသူက ရှားရှားပါးပါး ဇာတ်စာ၊ ဇာတ်စကားအလင်္ကာတွေပါတဲ့ "ကဗျာ့ဘဏ်တိုက်"စာအုပ်လေး ကိုမေတ္တာကိုပေးလိုက်တဲ့အကြောင်း ပြောပြတော့ ဆရာကြီးက ထိုင်ရာက သူ့နဖူးပြင်ကို လက်ဖဝါးနဲ့ရိုက်ပြီး ဟာ အဲဒီ ကဗျာ့ဘဏ်တိုက်စာအုပ်ကို ဟိုငယ်စဉ်စာရေးဆရာဘဝကတည်းက လိုချင်လွန်းလို့ ရှာခဲ့တာ၊ ခုအသက်အရွယ်ထိ လုံးဝရှာမတွေ့မိဘူးကွာ။ ကိုမေတ္တာကံထူးတာပဲ။

ဒါကြောင့် ကိုမေတ္တာက ဆရာကြီးလိုအပ်ရင် ပြန်လည်ထပ်ဆင့်မေတ္တာလက်ဆောင်ကန်တော့ပါမယ်လို့ ပြောပေမယ့် ဆရာကြီးက ဒီစာအုပ်ဟာ ကိုမေတ္တာတို့လို အနာဂတ်သဘင်အနုပညာရှင်တွေအတွက် တန်ဖိုးရှိတဲ့ စာပေဖြစ်တာကြောင့် လက်ဆင့်ကမ်းပညာအမွေထိန်းသိမ်းဖို့ အမှာစကားပြောကြားပြီးနောက် အားလုံးဆရာကြီးကို ရိုရိုသေသေ ကန်တော့ပြီး ကိုမေတ္တာက အငြိမ့်အဖွဲ့ရှိရာ စတူဒီယို (B)ဘက် ထွက်သွားသလို စာရေးသူက အပေါ်ထပ်မှာရှိတဲ့ တည်းဖြတ်ကားဆက်ခန်းပေါ် တက်လာခဲ့ပါတယ်။

ဆရာကြီးကတော့ အဲကွန်းလွှတ်ထားတဲ့ ဧည့်ခန်းမကြီးထဲရှိ ဆက်တီ ကုလားထိုင်ပေါ်မှာ တစ်ကိုယ်တည်း မျက်စိ စုံမှိတ်ပြီး တရားရှုမှတ်ကျန်ရစ်နေမည် ထင်ပါသတည်း။

စာကြွင်း **- အဲဒီအချိန်က စာရေးသူနဲ့အတူ ကြော်ငြာကာတွန်းရုပ်ရှင်ရိုက်ကူးပေးခဲ့ကြသူ ရုပ်/သံဝန်ထမ်းအကြီးတန်းအင်ဂျင်နီယာ စက်အဖွဲ့သားများမှာ ကိုမြင့်အောင်ခေါ် ယခုအခါ မြန်မာတေးသီချင်းသံစဉ်များနဲ့ ထင်ရှားနေတဲ့ အဆိုကျော် တေးသံရှင် ရာဇာဝင်းတင့်၊ ဦးပြည်သိန်း၊ ကိုမြသန်း၊ ကိုမောင်မောင်သန်းတို့ဖြစ်ကြပြီး အသံသွင်းတည်းဖြတ်ကားဆက်ပေးသူက အင်ဂျင်နီယာ ကိုမင်းဂေါင်ကျော်ဖြစ်ပါတယ်။**

ဆရာကြီးဦးသုခရဲ့ "ရဟန်းစားသော ဆွမ်းတစ်နပ်" ဇာတ်လမ်းကို အစအဆုံးတည်းဖြတ်ကားဆက်ပေးသူဟာ ကိုမင်းဂေါင်ကျော်ပဲဖြစ်ပါတယ်။

အဲဒီ ကိုမင်းဂေါင်ကျော်ဟာ အနုပညာအစဉ်အလာကြီးမားခဲ့တဲ့ တစ်ချိန်က ခေတ်ဟောင်းရေဒီယိုခေတ်ပြားအဆိုကျော် ဒေါ်လီလီကြူညွန့်ရဲ့သား ဖြစ်ပါကြောင်း ထပ်လောင်းဂုဏ်ပြုဖော်ပြအပ်ပါ၏။ ။

"ခင်တော့နှစ်ဝတ်လည် ဆုတောင်း"

မြင့်မိုရ်တောင်မက နိုင်းယှဉ်လို့မရပါသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ချစ်ဖေဖေ ဦးဝင်းနိုင်နှင့် ချစ်မေမေ သုခမ္မသိင်္ဂီ ဒေါ်စမ်းစမ်း (Win & San Diamonds and Fine Jewelry) ၏ (၂၉) နှစ်မြောက် မင်္ဂလာနှစ်ပတ်လည် နေ့ရက်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် မိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် ဘဝခရီးလမ်း လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖေဖေ + မေမေ တို့လှူဒါန်းခဲ့သော "မြကမ္ဘာအေးသီလရှင်စာသင်တိုက် (ကျောက်တန်း) သာသနာ့ဗိမာန်နှင့် အဆောက်အအုံ" အတွက် အလှူငွေ ကျပ်သိန်း (၆၀၀)၊ ပြင်ဦးလွင်မြို့၏ "ပဉ္စမြားနိပ်သာ ကျောင်းတိုက်ခွဲ" ကျောင်းဆောက်လုပ်လှူဒါန်းရန်အတွက် မြေအလှူငွေ ကျပ်သိန်း (၆၅၀) အလှူဒါနများကို ချစ်လှစွာသောသမီးများနှင့်တကွ မိတ်ဆွေသင်္ဂဟအပေါင်းအားလုံးတို့မှ သာဓုအနုမောဒနာ ဝမ်းမြောက်စွာ ခေါ်ဆိုပါသည်။

ချစ်သမီးကြီး မချမ်းငြိမ်းဆု
ချစ်သမီးလတ် မဖူးပွင့်နိုင်
ချစ်သမီးငယ် မချောနိုင်နိုင်ဆက်

ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း ဆက်သွယ်ရေးစခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၀

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းသည် မေ ၁၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မုန်တိုင်ရွာအနီးရှိ တည်ဆောက်ဆဲ GSM/UMTS မိုဘိုင်းတယ်လီဖုန်းစခန်း၊ မိတ္ထီလာခရိုင် ရေဝေရွာအနီးရှိ တည်ဆောက်ဆဲ GSM/UMTS စခန်းများကို စစ်ဆေးခဲ့သည်။

ဆက်လက်၍ ကျောက်ပန်းတောင်းမြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိစစ်ဆေးပြီး ကျောက်ပန်းတောင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းအေး၊ ဦးဝင်းမြင့်၊ ကျောက်ပန်းတောင်းမြို့နယ် ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်ကြီးကြပ်မှုကော်မတီ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဆက်သွယ်မှုကောင်းမွန်စေရေးအတွက် လိုအပ်ချက်၊ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်တစ်ဆင့် ကျောက်ပန်းတောင်း-ညောင်ဦးလမ်း မိုင်တိုင်အမှတ်(၄) မိုင်(၃)ဖာလုံရှိ ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်မည့်နေရာကို စစ်ဆေးသည်။ ညောင်ဦးမြို့ရှိ ဟိုတယ်များ၌လည်း ဟိုတယ်မှတာဝန်ရှိသူများ၊ နိုင်ငံခြားသားဧည့်သည်များနှင့်တွေ့ဆုံ၍ ဆက်သွယ်မှုလိုင်း ကောင်းမွန်မှုအခြေအနေ၊ အင်တာနက်လိုင်း ကောင်းမွန်မှုအခြေအနေများကို မေးမြန်း၍ ဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၆ ရက်တွင် မကွေးတိုင်းဒေသကြီး ဆောမြို့ မြို့တော်ခန်းမ၌ ဆောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသအတွင်း ဆက်သွယ်ရေးကောင်းမွန်စေရေး တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဆောမြို့အော်တိုအိတ်ချိန်းစခန်း၊ GSM/UMTS စခန်း၊ စာတိုက်၊ ကြေးနန်းစခန်းများကို စစ်ဆေးခဲ့သည်။

ထို့နောက်တစ်ဆင့် ချင်းပြည်နယ် ကန်ပက်လက်မြို့သို့ ရောက်ရှိပြီး ကန်ပက်လက်မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုရေးအဖွဲ့၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ အဝေးလိုင်းဆက်သွယ်မှုများနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကန်ပက်လက်မြို့ တယ်လီဖုန်းအိတ်ချိန်းရုံး၊ မကွေးတိုင်းဒေသကြီး ပေါက်မြို့ တယ်လီဖုန်းအိတ်ချိန်းရုံးများကို စစ်ဆေးသည်။

မေ ၁၇ ရက်တွင် ပခုက္ကူမြို့အော်တိုအိတ်ချိန်းစခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အလ္လကပ္ပ GSM/UMTS စခန်း၊ စစ်ကိုင်းမြို့ စာတိုက်စခန်း၊ အော်တိုအိတ်ချိန်းစခန်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရ အော်တိုအိတ်ချိန်းစခန်းများသို့ ရောက်ရှိစစ်ဆေးပြီး ပိုမိုကောင်းမွန်သော ဆက်သွယ်ရေးစနစ်အား ပြည်သူများ ရရှိသုံးစွဲနိုင်အောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၄ခုနှစ် မေလ ၂၀ ရက်နေ့တွင် **လူ့အောင်သစ် ဒီမိုကရက်တစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးခူမျိုးစိတ်အချို့ပြန်လည်တင်သွင်းခွင့်ပြု

ရန်ကုန် မေ ၂၀

ပြည်တွင်းငါးသားဖောက်လုပ်ငန်းများတွင် သားဖောက်အသုံးပြု လုပ်ဆောင်နိုင်ရန် ငါးခူမျိုးစိတ်အချို့ကို ပြန်လည်တင်သွင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းဝင်းက ပြောသည်။

အဆိုပါ တင်သွင်းခွင့်ပြုသော ငါးခူမျိုးစိတ်များတွင် အာဖရိကငါးခူမျိုး (အထီး)နှင့် ထိုင်းငါးခူမျိုး (အမ)တို့ဖြစ်ကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ငါးမွေးမြူရန်သားဖောက်နိုင်ရေး စီစဉ်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

"ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ ငါးခူမွေးတာက ကြီးထွားနှုန်းမြန်တယ်၊ အရင်ကတော့ အာဖရိကငါးခူနဲ့ ထိုင်းငါးခူတို့ကိုစပ်ပြီး သားဖောက်တယ်၊ အဲဒါကို ငါးလုပ်ငန်းဦးစီးဌာနက ထိန်းချုပ်ဖမ်းဆီးတာတွေလုပ်တယ်၊ ပစ္စည်းတွေဖျက်ဆီးပစ်တာတွေလုပ်တယ်"ဟု ၎င်းကဆိုသည်။ အဆိုပါငါးခူများသည် အသားစားငါးများဖြစ်ခြင်းကြောင့် သဘာဝရေပြင်သို့ရောက်ပါက သယံဇာတ တည်မြဲမှုကိုထိခိုက်စေသည့်အတွက် တားမြစ်ထားခြင်းဖြစ်ပြီး ယခုနောက်ပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေးလုပ်ငန်းများဖော်ထုတ်လုပ်ကိုင်ရာ၌ အထောက်အကူပြုစေရန်တင်သွင်းခွင့်ပြုပေးခြင်းဖြစ်ကြောင်း သိရသည်။

အာဖရိက ငါးခူထီးသည် ကြီးထွားနှုန်းကောင်းခြင်း၊ ထိုင်းငါးခူမသည် နူးညံ့ခြင်း၊ အသားမှာ အရသာရှိခြင်းတို့ကြောင့် ၎င်းတို့ကို သားဖောက်ခြင်းဖြင့် ရရှိလာသော ငါးခူသားပေါက်များကို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေမည့် ငါးမွေးမြူမှုစနစ်မျိုးကိုဖော်ဆောင်နိုင်ရန် အလားအလာကောင်းများဖြစ်စေမည်ဟု ၎င်းပုဂ္ဂိုလ်ထံမှ သိရသည်။

ထို့အပြင် ဈေးကွက်အလားအလာကောင်းလာသော တီလားပီးယားငါးများကို အကျိုးရှိစွာစနစ်တကျဖြင့် ထုတ်လုပ်နိုင်ရန် ထိုင်းနိုင်ငံသို့သွားရောက်လေ့လာကြပြီး အရည်အသွေးကောင်းသော တီလားပီးယားမျိုးများတင်သွင်းလာကာ ပျဉ်းမနား၊ မန္တလေးစခန်းများတွင် စမ်းသပ်မွေးမြူထားလျက်ရှိကြောင်း သိရသည်။

"အရင်က မွေးနေတာတော့ သဘာဝကရတဲ့ တီလားပီးယားတွေပဲဖြစ်ပါတယ်၊ အခုဟာက မျိုးရင်းကောင်းတော့ အရိုးလည်းနုတယ်၊ အသားလည်း ပိုစားလို့ကောင်းတယ်၊ လေးလခွဲလောက်မွေးထားရင် ၁၂ ကျပ်သားကနေ ၁၅ ကျပ်သားလောက်အထိရတယ်"ဟု ၎င်းက ရှင်းပြသည်။

ယခုအခါ ပြည်တွင်းဈေးကွက်တွင်လည်း တီလားပီးယားငါးမှာ ဈေးကွက်ကောင်းလာသလို ပြည်ပဈေးကွက် အလားအလာကောင်းများလည်းရှိလာခြင်းကြောင့် အရည်အသွေးကောင်းမွန်သော ငါးမျိုးစိတ်များကို မွေးမြူထုတ်လုပ်ခြင်းဖြင့် ငါးမွေးမြူသူများ အကျိုးရှိစေရန်စီစဉ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **(၆၈၀)**

တောင်ငူမြို့တွင် ငွေကျပ် ၁၈၇ သိန်းကျော်ဖိုးရှိ ရွှေထည်လက်ဝတ်ရတနာပစ္စည်းများ ဖောက်ထွင်းခိုးယူမှုဖြစ်ပွား၊ ရဲတပ်ဖွဲ့က ၁၃ နာရီအတွင်းဖမ်းဆီးနိုင်

တောင်ငူ မေ ၂၀

တောင်ငူမြို့ အမှတ်(၁၂)ရပ်ကွက် (၅)လမ်းနေ ဒေါ်သန်းသန်းဝင်း(၅၇) နှစ်သည် မေ ၁၉ ရက် ညနေ ၅ နာရီ မိနစ် ၅၀ ခန့်က အမှတ်(၁၅) ရပ်ကွက် ဈေးလမ်းရှိ ဆေးပစ္စည်း အရောင်းဆိုင်မှနေ၍ နေအိမ်ကိုပြန်လာခဲ့ရာ နေအိမ်အပေါ်ထပ် တံခါးပျက်စီးနေပြီး အိမ်အတွင်းရှိပစ္စည်းများမှာလည်း ပြန့်ကျဲနေသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးကြည့်ရှုခဲ့ရာ နေအိမ်အောက်ခန်းရှိ သံသေတ္တာအတွင်း ထည့်ကာ သိမ်းဆည်းထားသော ကျောက်မျက်ရတနာနှင့် ရွှေထည်ပစ္စည်းလက်ဝတ်ရတနာမျိုးစုံ ၁၅ မျိုး ကာလတန်ဖိုးကျပ် ၁၈၇၅၀၀၀၀ ခန့် ပျောက်ဆုံးသွားကြောင်း တွေ့ရ၍ တောင်ငူအမှတ်(၂)နယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အုန်းဖေ၊ အမှတ် (၂)နယ်မြေရဲစခန်းမှ ရဲအုပ်အေးဇော်နှင့် တာဝန်ရှိသူများက အခင်းဖြစ်ပွားသည့် နေအိမ်အား စစ်ဆေးခဲ့ပြီး တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီ သတင်းပေးမှုကြောင့် လွန်ခဲ့သော သုံးရက်ခန့်က အလားတူ ပြစ်ဒဏ်ကျခံရဖူးသည့် ဖြိုးဝင်းပိုင်(၂၄) နှစ် အမှတ်(၁၃)ရပ်ကွက် တောင်ငူမြို့နေသူမှာ မသင်္ကာဖွယ်ရောက်ရှိခဲ့ကြောင်းသတင်းအရ မိမိတပ်ဖွဲ့ဝင်များက အသွင်ယူစောင့်ကြည့်နေစဉ် ယင်းနေ့ ည ၁၀ နာရီခွဲခန့်တွင် ဖြိုးဝင်းပိုင်မှာ အစ်မတော်စပ်သူ မဖြူထံသို့ အများသုံးတယ်လီဖုန်းမှ တစ်ဆင့် ဖုန်းဆက်သွယ်ရာ ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်ဇော်ဝေ၊ အမှတ်(၂)နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အေးဇော်နှင့်အဖွဲ့က မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်ရှိ ခေတ်သစ်လက်ဖက်ရည်ဆိုင်အနီး၌ စောင့်ဆိုင်းနေစဉ် မေ ၂၀ ရက် နံနက် ၆ နာရီခန့်တွင် ဖြိုးဝင်းပိုင်မှာ လမ်းလျှောက်လာစဉ် ဖမ်းဆီးခဲ့ပြီး ၎င်းယူဆောင်သွားသော သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိခဲ့၍ တောင်ငူအမှတ်(၂)နယ်မြေရဲစခန်းက (ပ) ၁၅၉/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **ကိုလွင်(ဆွာ)**

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဦးသိန်းဌေး[၃/ကဆက(နိုင်)၀၀၁၇၈၇]နှင့် ကျွန်မ ဒေါ်နီနီလွင်[၁၃/ရစန(နိုင်)၀၀၅၅၃၁]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါ၍ ၁-၂-၂၀၁၄ရက်တွင် ဗဟန်းမြို့နယ်တရားရုံး၌ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း။

ဦးသိန်းဌေး ဒေါ်နီနီလွင်
[၃/ကဆက(နိုင်)၀၀၁၇၈၇] [၁၃/ရစန(နိုင်)၀၀၅၅၃၁]



ရောင်းရန်

Lift ပါသော ကွန်ဒိုတိုက်ခန်း၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ပေ(၂၅×၆၀)၊ (၇)လွှာ၊ Pile ရိုက်ဆဲ

သိန်း(၁၆၀၀)

ဖုန်း-၀၉-၅၁၂၇၅၆၄



သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်းခွဲ(၁)၊ အမှတ်(၅၀/၁၂) နေ ဦးရန်မောင်ရှင်း[၁၃/တကန (နိုင်)၁၂၅၂၁၁]-ဒေါ်နုယဉ်[၁၃/တကန(နိုင်)၁၂၅၀၅၁]တို့၏သားကြီး မောင်ခင်မောင်ဦး(ခ)အားစိန်[၁၃/တကန(နိုင်)၀၀၄၅၈၂]သည် မိဘအား အကြိမ်ကြိမ် စိတ်ဆင်းရဲ အောင် ပြုမူနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိဘများ- ဦးရန်မောင်ရှင်း-ဒေါ်နုယဉ်

မကွေးမြို့မဈေးကြီး၌ စည်းကမ်းမဲ့ဈေးသည်တချို့ကြောင့် ခရီးသွားပြည်သူများ အနှောင့်အယှက်ဖြစ်

မကွေး မေ ၂၀

မကွေးတိုင်းဒေသကြီး မကွေးမြို့မဈေးကြီးသည် အနယ်နယ်အရပ်ရပ်မှ ကုန်စည်ကူးသန်းရောင်းဝယ်သူများဖြင့် စည်ကားလျက်ရှိသော ဈေးဖြစ်သည်။

မကွေးမြို့နေ ရပ်ကွက်များမှလည်း အဓိကအားထား၍ အရောင်းအဝယ် လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရသည်။ ဈေးပတ်လည်လမ်းများကို တစ်လမ်းမောင်းစနစ်သွားလာအသုံးပြုရန် သတ်မှတ်ပေးထားကြောင်းနှင့် အဆိုပါဈေးရှိလမ်းများတွင် မွန်းတည့် ၁၂ နာရီအတွင်း ကုန်တင်ကုန်ချကားများ မဝင်ရန် တားမြစ်ပိုစတာများထားရှိကြောင်း သိရသည်။ အချို့စည်းကမ်းမဲ့ယာဉ်များတားမြစ်ချိန်အတွင်းဝင်ရောက်ကုန်ချသည့်အပြင် လမ်းပေါ်တွင် ပိတ်၍ရပ်ထားပြီး ကုန်တင်ကုန်ချပြုလုပ်ကြသည်။ အချို့ဈေးသည်များလည်း လမ်းအထိခင်းကျင်းရောင်းချကြသဖြင့် ခရီးသွားပြည်သူများ အနှောင့်အယှက် ဖြစ်ကြသည်။ မကွေးမြို့မဈေးကြီးသို့ မိကျောင်းရဲ၊ မင်းလှ၊ ငဖဲ၊ ပဒါန်း၊ စေတုတ္တရာ၊ စလင်း၊ ဆင်ဖြူကျွန်း၊ ပွင့်ဖြူ၊ မင်းဘူး၊ စကုမြို့နယ်များမှ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းများ ရှိသည့်အပြင် ကမ္ဘာလှည့်ခရီးသွားများ မကြာခဏ လာရောက်လေ့လာကြောင်း သိရသည်။

"မကွေးမြို့မဈေးကြီးက အခြားမြို့နယ်တွေနဲ့ ဒေသခံပြည်သူတွေ အဓိကအားထား ရောင်းဝယ်ဖောက်ကားတဲ့ဈေးဖြစ်လို့ မြို့မဈေးစည်ပင်သာယာရေးကော်မတီနဲ့ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီတို့ကလည်း မကြာခဏ စစ်ဆေးအရေးယူမှုတွေ ဆောင်ရွက်ပေမယ့်လည်း စည်းကမ်းမဲ့ယာဉ်တချို့နဲ့ ဈေးသည်အချို့က လိုက်နာခြင်း မရှိကြဘူး။ ဈေးကြီးတောင်ဘက်ကလမ်းလည်း ပျက်စီးနေတော့ ကမ္ဘာလှည့်ခရီးသွားတွေ လာရောက်လေ့လာတော့ တိုင်းမြို့တော်အင်္ဂါရပ်နဲ့ညီညွတ်အောင် ပြုပြင်ဆောင်ရွက်သင့်တယ်"ဟု ဒေသခံတစ်ဦးက ပြောပြသည်။

(ဖွဲ့ထက်ရှင်)

ရွှေတောင်၌ စုဋ္ဌဘွဲ့နှင်းသဘင်ကျင်းပ

ရွှေတောင် မေ ၂၀

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ၂၀၁၃ ခုနှစ် မတ်လတွင် ကျင်းပပြီးစီးခဲ့သည့် ပါဠိပထမပြန်စာမေးပွဲ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းများတွင် ဖြေဆိုအောင်မြင်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင်များအား ဆုများဆက်ကပ်လှူဒါန်းသည့် စုဋ္ဌဘွဲ့နှင်းသဘင် အခမ်းအနားကို မေ ၁၈ ရက် နံနက် ၈ နာရီက အဆိုပါ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီး ၁၁ ပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး စာအောင်ရဟန်း၊ သာမဏေနှင့် သီလရှင် စုစုပေါင်း ၂၈ ပါးတို့အားဆုနှင့် ဝတ္ထုများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရေဘေးကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်နေ

ဖျာပုံ မေ ၂၀

ဧရာဝတီတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးရာသီ မြစ်ရေကြီးချိန်တွင် လူနေအဆောက်အအုံ၊ အိမ်မွေးတိရစ္ဆာန်များထားရှိရာ အဆောက်အအုံနှင့် စိုက်ပျိုးဧရိယာများ ရေကြီးနစ်မြုပ်မှု၊ တာတမံများကျိုးပေါက်မှု၊ မြစ်ရေလျှံမှု စသော ရေဘေးအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီးအစိုးရနှင့် တိုင်းဒေသကြီးဆည်မြောင်းဦးစီးဌာန ရေဘေးကာကွယ်ရေးစီမံချက်များ အချိန်မီရေးဆွဲပြင်ဆင်ပြုလုပ်ဆောင်ရွက်ထားကြရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ဆည်မြောင်းဦးစီးဌာန ဖျာပုံမြို့မှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ ဖျာပုံမြို့နယ်မှာတော့ ရေဘေးကာကွယ်ရေးနဲ့ပတ်သက်လို့ စနစ်တကျဆောင် ရွက်ပေးထားပါတယ်။ ကြက်ဖမွေးဇောင်းကျွန်း၊ ဇင်းဘောင်ကျွန်း၊ လက်ပန်ပင်ကျွန်း၊ မြို့ကုန်းကျွန်း၊ ဒေါ်ငြိမ်းကျွန်း၊ ဒေးဒလူကျွန်း၊ ဘန့်ဘွေးစုကျွန်းတွေမှာ တာတမံပြင်ဆင်ခြင်း၊ တာလုပ်သားတွေတာမိုင်အလိုက်၊ ကျွန်းပတ်တာအလိုက်၊ ကျေးရွာအလိုက် လိုအပ်သလို ချထားတာဝန်ပေးခြင်း၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေနဲ့ အဖွဲ့ဖွဲ့ပြီး ကြီးကြပ်ဆောင်ရွက်ပေးခြင်း စတဲ့လုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီဆောင်ရွက်ပေးသွားနိုင်ဖို့ ကြိုတင်စီစဉ်နေပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

အလားတူ အခြားမြို့နယ်များ၌လည်း ယင်းကဲ့သို့ မိုးရာသီ မြစ်ရေကြီးချိန်တွင် ရေကင်းစခန်းဆောက်လုပ်ခြင်း၊ အရေးပေါ်ပစ္စည်းများစုဆောင်းထားရှိခြင်း၊ အရေးပေါ်အစီအစဉ်ရေးဆွဲခြင်း၊ အထူးကြပ်မတ်ဆောင်ရွက်ခြင်း၊ ရေကင်းလှည့်ခြင်း၊ ရေမှတ်ဖတ်ခြင်း၊ အရာရှိအင်အား ထပ်မံဖြည့်စွက်ခြင်းများ စသည့် ရေဘေးကာကွယ်ရေးအထောက်အကူပြုလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(သပြေထွန်း)

ကားလမ်းကွေ့တွင် မျက်နှာချင်းဆိုင်ယာဉ်တိုက်မှုဖြစ်ပွား

ကျောက်တံခါး မေ ၂၀

ကျောက်တံခါးမြို့ မြို့မရဲစခန်း၏ တောင်ဘက် သုံးမိုင်ခန့်အကွာ ဘာဘူကုန်းကျေးရွာ၌ မေ ၁၈ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း) မိုင်တိုင်အမှတ် ၁၁၁/၄ နှင့် ၁၁၁/၅ အကြားတွင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း မြင့်စိုး(၅၁)နှစ် ကညွတ်ကွင်းမြို့ ကျွန်းတောရပ်ကွက်(၅)လမ်းနေသူ မောင်းနှင်၍ ကျော်ဇင်ထိုက် လိုက်ပါစီးနင်းလာသော ၃ဂ/--- ရှားရှေ့အမျိုးအစား အဖြူရောင် လေးဘီးအိမ်စီးယာဉ်နှင့် မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း သန်းထိုက် (၃၃)နှစ် တောင်ဒဂုံမြို့ (၂၂)ရပ်ကွက် ဆောင်တော်ကူးလမ်းနေသူ မောင်းနှင်လာသော လယ်ယာသုံးပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်အမှတ် ၄ဂ/---ဟီးရိုးအမျိုးအစား ခြောက်ဘီးအဖြူရောင်ယာဉ်တို့သည် ဘာဘူကုန်းကျေးရွာ ကားလမ်းကွေ့အလယ်တွင် မျက်နှာချင်းဆိုင်တိုက်မိကြရာ ယာဉ်ပေါ်ပါလူများ ထိခိုက်ဒဏ်ရာမရရှိခဲ့သော်လည်း ယာဉ်နှစ်စီးလုံး၏ ဦးခေါင်း၊ ဝဲဘက်ခြမ်းများ ကြေမွပျက်စီးသွားသဖြင့် ယာဉ်အား မဆင်မခြင် မောင်းနှင်သူမြင့်စိုးနှင့် သန်းထိုက်တို့အား ကျောက်တံခါးမြို့မရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။

မျိုးဦး(ကျောက်တံခါး)

၂၀၁၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဆုရဆောင်းပါးရှင်များ စာရင်းထုတ်ပြန်

ရန်ကုန် မေ ၂၀

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲကျင်းပခဲ့ရာ ဆောင်းပါးစာမူများအား ပညာရှင်အသီးသီးပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စစ်ဆေးခဲ့ပြီး ဆုရဆောင်းပါးရှင်များစာရင်းကို မေ ၁၉ ရက်ကထုတ်ပြန်ထားသည်။

ပထမဆု မင်းစိုးသူရ (ဘ)ဦးမောင်အေး အမှတ်(၁၄) တိုက် (၇၄၈) ပိတောက်အိမ်ရာ နေပြည်တော်၊ ဒုတိယဆု ဝင်းကိုကို (ဘ) ဦးကျော်လုံး တပ်မတော်ဆေးဝါးစက်ရုံ (မှော်ဘီ)၊ တတိယဆု စိုးထက်အောင် အမှတ်(၁) ဝေဘာဂီ အိမ်ရာ ဝေဟင်လမ်း (၄)ရပ်ကွက် မြောက်ဥက္ကလာပ၊ နှစ်သိမ့်ဆုများကို ဆုပိုင်ဆွေ (ဘ)ဦးအောင်ကြည် တိုက် (၅၀)အခန်း (၁) ဖဆပလအိမ်ရာ မင်္ဂလာတောင်ညွန့်၊ မစိုးစန္ဒာပြည့် (ဘ) ဦးသန်းပြည့် A/2 မြသိဂီဆောင် စစ်ကိုင်း ပညာရေးတက္ကသိုလ်၊ အောင်ဇော်မျိုး (ဘ) ဦးဇော်ညွန့် (၃၂)လမ်း၊ (၇၄-၇၅)လမ်းကြား လုံးခင်းတည်းခိုခန်းရှေ့ မန္တလေးမြို့တို့ အသီးသီးရရှိသည်။

ဆုရရှိသူများသည် မေ ၃၁ ရက် နံနက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ "ပန်ဒါဟိုတယ်" ၌ ကျင်းပမည့်အခမ်းအနားသို့ တက်ရောက် ဆုယူရမည်ဖြစ်သည်။

အသေးစိတ်ကို ဒေါက်တာတင်ကျော်ဦး ဒုတိယစီမံကိန်းမန်နေဂျာ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဖုန်း-၀၉-၅၃၀၀၃၀၁ နှင့် ဦးထွန်းငြိမ်း ဦးစီးအရာရှိ(စီမံ) ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း ဖုန်း- ၀၉-၂၅၄၂၅ ၆၀၆၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စင်ကာပူနိုင်ငံမှ လာရောက်သော
အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်း အထူးကုသမားတော်ကြီးသည်
May 24-25 တို့တွင် လူနာများနှင့် တိုင်ပင်ကုသခြင်း၊
မှန်ပြောင်းဖြင့် ကြည့်ရှုစစ်ဆေးခြင်းတို့အား ဆောင်ရွက်ပေးပါမည်။
ဆက်သွယ်ရန် -

မြေကွက်များဝယ်လိုသည်
(အရှေ့ပိုင်း၊ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

7stars
DTECT
09 49282366, 09 49653992, 09 421052736

ခြေဆစ် လက်ဆစ်နှင့် အဆစ်အမြစ်များ ကိုက်ခဲနာကျင်ခြင်း
အကြွေးအဆန့်မကောင်းခြင်း ရောင်ကိုင်းခြင်း ခြေဖဝါး လက်ဖဝါးနှင့်
စုစုအေးအောင်
အသားများ ထုံကျဉ်ခြင်း နာခြင်း အကိုင်အတွယ်မပြုခြင်း အကြောတက်ခြင်း အကြောဆိုင်းခြင်း အသွားအလာ အထိုင်အထလေးလံခြင်း
ခြေလက် မသယ်ချင် မလှုပ်ချင်လောက်အောင် ညောင်းညာနွမ်းနယ်ခြင်း လေးဖက်နာဖြစ်ခြင်းတို့ကို ဤဆေးသည် သက်သာပျောက်ကင်းစေပါသည်။
လေးဖက်နာပျောက်ဆေး

မေတ္တာရှင်-ရွှေပြည်သာဆရာတော် ဦးစီးကျင်းပသည့် ပထမအကြိမ် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်း

ကော့သောင်း၊ မေ ၂၀

နိုင်ငံကျော် ရဟန်းစာဆို ဗဟုနေဟိတဓရ ဓမ္မကထိက အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) ဆရာတော် ဦးစီးကျင်းပသည့် ပထမအကြိမ် တတိယအသုတ် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၈ ရက် နံနက်ပိုင်းက ကော့သောင်းမြို့၊ ၈ မိုင်ကျေးရွာ၊ နီးဘုရားရုပ်ပွားတော်မြတ် တည်ထားကိုးကွယ်ရာ ဝေနေယျသုခမ္မရိပ်သာကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းအား ပထမအသုတ်နှင့် ဒုတိယအသုတ်အဖြစ် မေလပထမပတ်အတွင်းက ဖွင့်လှစ်ခဲ့ပြီး၊ ယခု တတိယအသုတ်အဖြစ် မေ ၁၆ ရက်မှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ သင်တန်းတွင် နိုင်ငံကျော် ရဟန်းစာဆို ဗဟုနေဟိတဓရ ဓမ္မကထိက အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) ဆရာတော်ကိုယ်တိုင်ကြီးကြပ်၍ နိုင်ငံကျော် ဓမ္မကထိကဆရာတော် အရှင်ဆေကိန္ဒ၏ တပည့်များမှ လာရောက်ပို့ချ သင်ကြားပေးကြောင်း သိရသည်။

သင်တန်းသို့ ကော့သောင်းမြို့နယ်ရှိ မြို့ပေါ်နှင့် ကျေးရွာအခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူကလေးငယ်ပေါင်း ၆၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလ သုံးရက်အတွင်း မြို့နေစေတနာရှင် အလှူရှင်များမှ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သင်တန်းသား၊ သင်တန်းသူကလေးငယ်များ စားသောက်နေထိုင်ရေး ကိစ္စအဝဝအတွက် လာရောက်ကျွေးမွေး လှူဒါန်းကုသိုလ်ယူကြကြောင်း သိရသည်။

အဆိုပါ ပထမအကြိမ်မြောက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းကို ကော့သောင်းမြို့ပေါ်ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူကလေးငယ်များအား အမျိုးဘာသာ သာသနာအား ချစ်မြတ်နိုးစွာဖြင့် လိမ္မာရေးခြားရှိသည့် သားကောင်း၊ သမီးကောင်း ရတနာကလေးများ ဖြစ်ထွန်းပေါ်ပေါက်လာရေး၊ အနာဂတ် ဗုဒ္ဓသာသနာတော် အဓွန့်ရှည်တည်တံ့စေရေး၊ ဗုဒ္ဓဘာသာဝင် ကလေးငယ်များ၏ ရင်တွင်း၌ တုနှိုင်းမရသည့် မြတ်ဗုဒ္ဓပုံရိပ်တော် ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ထာဝရကိန်းအောင်း ဖြစ်တည်နေစေရန် ရည်ရွယ်ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

မကွေးတိုင်းဒေသကြီး အတွင်း သူငယ်တန်းဝင်စ သင်ရိုးညွှန်းတမ်းဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွားသင်တန်း ပခုက္ကူမြို့တွင်ဖွင့်

ပခုက္ကူ၊ မေ ၂၀

သူငယ်တန်းဝင်စ သင်ရိုးညွှန်းတမ်းဆိုင်ရာ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို မကွေးတိုင်း ဒေသကြီး၊ ပခုက္ကူမြို့ အ-ထ-က(၂) ပိတောက်ဆောင်ခန်းမတွင် မေ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့ အ-ထ-က(၂) တွင် ဖွင့်လှစ်သောသင်တန်းများအားမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းကျောင်းပေါင်း ၄၀ မှ ဆရာ၊ ဆရာမ ၈၀ ခန့် တက်ရောက်ကြကြောင်းသိရသည်။

သင်တန်းနည်းပြများအဖြစ် ဒေါ်ခင်ညိုဝေ (လ/ထ ကထိက၊မြောင်းမြပညာရေးကောလိပ်)၊ ဦးထွန်းရီ (နည်းပြ၊ ထားဝယ်ပညာရေးကောလိပ်)၊ ဒေါ်မြမြဝင်း (နည်းပြ၊ မန္တလေးပညာရေးကောလိပ်)၊ ဒေါ်သင်းသင်းမြတ် (နည်းပြ၊ မိတ္ထီလာပညာရေးကောလိပ်)၊ ဒေါ်အေးမြစိန် (ဒု-ဦးစီးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင်ပညာရေးမှူးရုံး) နှင့် ဒေါ်စောယုအောင် (ဒု-ဦးစီးမှူး DBE 2 မန္တလေး)တို့က မေ ၁၈ ရက်မှ ၂၄ ရက်ထိ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အခမ်းအနားသို့ အခြေခံပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့် စီမံရေးဦးစီးဌာန၊ ယူနီဆက်နှင့် Save the Children မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး သင်တန်းနည်းပြ ဒေါ်ခင်ညိုဝေက သင်တန်းနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ Save the Children ရန်ကုန်မြို့မှ ဒေါ်လွင်လွင်အေးက Transaction Curriculum အကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းများကို မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူ ဆော၊ မင်းဘူးမြို့များနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နှင့် ကရင်ပြည်နယ် ဘားအံမြို့တို့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ကြသည်။ **(၅၇၁)**

နေအိမ်ဝင်းအတွင်းထားရှိသော မူးယစ်ဆေးဝါးဖမ်းမိ

ပြည်၊ မေ ၂၀

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပေါင်းတလည်မြို့၊ ရေကြည်ကုန်းရွာ၊ အုတ်ဆွဲအုပ်စုတွင် မေ ၁၇ ရက် နံနက် ၅ နာရီ ၄၅ မိနစ်ခန့်က မူးယစ်ဆေးဝါးသတင်းအရ မူးယစ်တပ်ဖွဲ့စု(၁၇) ပြည်မြို့မှ ဒုရဲမှူးရွှေသာထွန်းနှင့်အဖွဲ့၊ ပေါင်းတလည်နယ်မြေရဲစခန်းမှ နယ်ထိန်း၊သက်သေတို့နှင့်ပူးပေါင်းအဖွဲ့သည် ရဲစခန်းမြောက်သုံးမိုင်ခန့်အကွာ ရေကြည်ကုန်းရွာနေ ဦးမြအေးနေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်း၏ သားဖြစ်သူ နိုင်ဝင်းအားတွေ့ရှိပြီး နေအိမ်ခြံဝင်းအတွင်းရှိ အုတ်ခဲပုံအနီး ကြွပ်ကြွပ်အိတ်အတွင်းမှ စက္ကူဖြင့်ထုပ်ပိုးထားသည့် ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက် သုံးဂရမ်ခန့်ပါ တစ်ထုပ်၊ လေးဂရမ်ခန့်ပါ လေးထုပ်၊ ခုနစ်ဂရမ်ခန့်စီပါ လေးထုပ်၊ ရှစ်ဂရမ်ခန့်စီပါ နှစ်ထုပ်၊ ၁၀ ဂရမ်ခန့်စီပါ နှစ်ထုပ်၊ ၁၁ ဂရမ်ခန့်ပါ တစ်ထုပ်၊ ၁၂ ဂရမ်ခန့်ပါ တစ်ထုပ်နှင့် ၁၃ ဂရမ်ခန့်ပါ တစ်ထုပ်၊ အားလုံးပေါင်း ၁၅ ထုပ်၊ စုစုပေါင်းအလေးချိန် ၁၁၂ ဂရမ်ခန့်အား သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိခဲ့သည်။ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ နိုင်ဝင်းအား ဥပဒေအရ အရေးယူပေးပါရန် ဒုရဲမှူးရွှေသာထွန်း မူးယစ်တပ်ဖွဲ့စု(၁၇) ပြည်မြို့မှ မေ ၁၇ ရက်က တရားလိုပြုလုပ်တိုင်တန်းချက်အရ ပေါင်းတလည်နယ်မြေရဲစခန်း၏ မယ(ပ)၂/၂၀၁၄ မူး၊ စိတ်ပြောင်းပုဒ်မ ၁၅/၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၄၉၇)**

မြောင်းမြမြို့နယ်အတွင်းရှိ အိမ်ထောင်စုများအား MRTV- DVD T2 SET TOP BOX အလုံး ၃၃၄၀ အခမဲ့ဖြန့်ဝေပေး

မြောင်းမြ၊ မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြရွှေဝါခန်းမတွင် မေ ၁၆ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသည့် အစီအစဉ်များအား အခမဲ့ဖမ်းယူကြည့်ရှုနိုင်ရန် MRTV-DVD T2 SET TOP BOX များ ဖြန့်ဝေပေးခြင်းအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးတင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်သိန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်လတ်၊ မြို့နယ်မြေစာရင်းမှူး ဦးတင်ဝင်း၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာ အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးများ စုစုပေါင်းဦးရေ ၃၂၀ ခန့် တက်ရောက်ခဲ့ကြသည်။

မြို့ပေါ် ၁၆ ရပ်ကွက်နှင့် မြို့ဝန်းကျင်ကျေးရွာများရှိအုပ်ချုပ်ရေးမှူးများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်ကလည်းကောင်း၊ ကဝက်စိုက်ပျိုးရေးစခန်းပိုင်နှင့် သရက်ကုန်း စိုက်ပျိုးရေးစခန်းပိုင်ကျေးရွာအုပ်စုများအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးတင်ဝင်းကလည်းကောင်း၊ ရန်မနိုင်စိုက်ပျိုးရေးစခန်းပိုင်နှင့် ရွာသာကြီး စိုက်ပျိုးရေးစခန်းပိုင်ရှိ ကျေးရွာအုပ်စုများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်ကလည်းကောင်း ပြင်ရွာ စိုက်ပျိုးရေးစခန်းပိုင်နှင့် ကုန်းသာစိုက်ပျိုးရေး စခန်းပိုင်ရှိ ကျေးရွာများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်သိန်းကလည်းကောင်း၊ ကညင်ကိုင်းစိုက်ပျိုးရေးစခန်းပိုင်နှင့် ကျုံသွတ်စိုက်ပျိုးရေးစခန်းပိုင်ရှိ ကျေးရွာအုပ်စုများအား မြို့နယ်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးတင်ဝင်းကလည်းကောင်း၊ ကျုံဝါးစိုက်ပျိုးရေးစခန်းပိုင်နှင့် ငါးမြင်းချောင်းစိုက်ပျိုးရေးစခန်းပိုင်ရှိ ကျေးရွာအုပ်စုများအား မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးတင်လတ်တို့က ပေးအပ်ခဲ့ကြသည်။

MRTV-DVD T2 SET TOP BOX အလုံး ၃၂၅၀ နှင့် ပညာရေး၊ ကျန်းမာရေး၊ စာကြည့်တိုက်များအတွက် အလုံး ၉၀ ပေါင်းအလုံး ၃၃၄၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်မင်းသွင်း(မြောင်းမြ)**

SEVEN COLOR

EDUMAP Language Centre
- General English Course (4 Skills)
- Phonetics
- Intensive Interview
- TOEFL / IELTS
- Chinese Japanese Korean Malay Thai German French Spanish Italian Russian

လေသင်တန်း

ဖုန်း-681209, 681504, 682934, 09 73249922

LCCI (S4/2014 Nov Exam)
Level I, II — (A) Sun 9 - 12:30am (B) Sat - Sun 6 - 8pm (C) Tue - Wed 2 - 4:30pm
Level III — (A) Mon to Fri 9:30-12am (B) Mon to Fri 6 - 8pm (C) Sat - Sun 1 - 6pm
Ph - 09: 73059553, 09: 5178297

မော်လမြိုင်တွင် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေး ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

မော်လမြိုင်၊ မေ ၂၀

မော်လမြိုင်မြို့နယ် ပညာရေးဌာနနှင့် ဝေါလ်ဗီးရှင်းတို့ပူးပေါင်းပြီး ကလေးသူငယ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၆ ရက်နှင့် ၁၇ ရက်များတွင် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ငွေမိုးဟိုတယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲ ပထမနေ့တွင် ဝေါလ်ဗီးရှင်း၏ ဧရိယာဖြစ်သော ရွှေမြိုင်သီရိရပ်ကွက်၊ ဇေယျာသီရိရပ်ကွက်၊ သီရိမြိုင်ရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်၊ သာယာအေးရပ်ကွက်နှင့် ကျောက်တန်းရပ်ကွက်ရှိ အခြေခံပညာ မူလတန်းကျောင်းများမှ ဆရာမများနှင့် ဒုတိယနေ့တွင် မော်လမြိုင်မြို့နယ် ရေပိုင်း၊ ကုန်းဘက်ခြမ်းခြောက်ရွာဖြစ်သော ကတိုး၊ ကော့နှပ်၊ ကွမ်တာ၊ သံကပိုင်၊ ဖွဲ့ထော်နှင့် ကော့လျာတို့မှ ဆရာများ တက်ရောက်ခဲ့ကြသည်။

"ကလေးတွေဟာ အိပ်ချိန်ကလွဲပြီး ကျန်အချိန်တွေမှာ မိဘတွေထက် ဆရာမ တွေနဲ့ပိုပြီး အထိအတွေ့များပါတယ်။ ဒါကြောင့် ဆရာမတွေအနေနဲ့ ကလေးတွေရဲ့ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနဲ့ သူတို့ရဲ့ အခွင့်အရေးတွေကို ပိုပြီးသိရှိလာအောင် အခုလိုမျိုး ပြုလုပ်ခြင်းဖြစ်ပါတယ်" ဟု အဆိုပါ အစီအစဉ်နှင့် ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးကပြောသည်။

ကလေးသူငယ်များ ဆိုင်ရာဆွေးနွေးပွဲတွင် တက်ရောက်လာသူများမှ အဖွဲ့ငယ်များဖွဲ့၍ ကလေးငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ရေ၊ လေ ၊ အစာ၊ နေအိမ် နားခိုရန်နေရာနှင့် အခြေခံကျန်းမာရေးလိုအပ်ချက်များ၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များဖြစ်သော ချစ်ခြင်းမေတ္တာ၊ အားပေး ချီးမွမ်းမြှောက်စားခြင်း၊ လက်ခံအသိမှတ်ပြုခြင်းနှင့် အသိဉာဏ်၊ ဘာသာစကား၊ စာရိတ္တဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆက်နေမင်းအောင်

ထန်းကုန်းဘူတာ မီးရထားပိုင် မြေကွက်လပ်တွင် ဆိုင်ခန်းဆောက်လုပ်မှုကို ဒေသခံ ၂၀ မှ ကန့်ကွက်

ကန့်ဘလူ၊ မေ ၂၀

ကန့်ဘလူမြို့နယ် ထန်းကုန်းဘူတာ၏မြောက်ဘက် သံလမ်းအနောက် အမှတ်(၅)ရပ်ကွက် မြန်မာ့မီးရထားပိုင် မြေကွက်လပ်တွင် မြန်မာ့မီးရထား၏ ခွင့်ပြုချက်ဖြင့် မီးရထားဌာနမှ ဒေါ်မူမူအမည်နှင့် မေ ၉ ရက်သွပ်မိုးဆိုင်ခန်း ဆောက်လုပ်သည်ကို ထန်းကုန်းကျေးရွာနေ ဒေသခံ ၂၀ ခန့်က မကျေနပ်၍ ဘူတာ၏တောင်ဘက် သံလမ်းအနောက် မီးရထားပိုင်မြေကွက်လပ်တွင် မျှောတိုင်၊ ဝါးတိုင်တို့ဖြင့် လေးတိုင်စင်ယာယီဆိုင်ခန်းများ ဆောက်လုပ်ကြကြောင်း သိရသည်။

အဆိုပါ ဆိုင်ခန်းဆောက်လုပ်မှုနှင့်ပတ်သက်၍ မလိုလားအပ်သောပြဿနာများမဖြစ်ပွားစေရန် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှထွန်း၊ ထန်းကုန်းရဲကင်းစခန်းမှူး၊ ထန်းကုန်းဘူတာရုံပိုင်ကြီးနှင့် ထန်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးတို့က ညှိနှိုင်းဆောင်ရွက်ပေးမှုများ ရှိခဲ့သည်။

ယင်းကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ဒေါ်မူမူ၏ဆိုင်ခန်းကို ဆက်လက်ဆောက်လုပ်ခြင်းမပြုရန်နှင့် ဖျက်သိမ်းပေးရန် မြန်မာ့မီးရထား တိုင်း(၂)ရုံးမှ ညွှန်ကြားခဲ့၍ ဒေါ်မူမူက ဖျက်သိမ်းပေးခဲ့သည်။

ထိုသို့ဖျက်သိမ်းခြင်းကြောင့်ထန်းကုန်းရွာသား ၂၀ ဦးခန့်မှာလည်း ၎င်းတို့ဆောက်လုပ်ထားသောဆိုင်ခန်းများကိုဖျက်သိမ်းပေးခဲ့ရာ မေ ၁၅ ရက်တွင် အေးချမ်းစွာဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်။

အောင်ဝင်းငြိမ်း

ဘီးလင်းမြို့တွင် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းတတ်စေရန် အခြေခံကဗျာလွတ်အကသင်တန်းဖွင့်

ဘီးလင်း၊ မေ ၂၀

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုး၍ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် ရည်ရွယ်၍ ဘီးလင်းမြို့နယ် အခြေခံပညာ ကျောင်းများမှ ဆရာမများအား မြန်မာ့ရိုးရာ အခြေခံကဗျာလွတ်အကသင်တန်းကို မေ ၁၅ ရက်မှစတင်၍ ဘီးလင်းမြို့ အ.မ.က(၄) ကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါအခြေခံကဗျာလွတ်အကသင်တန်းသို့ ဘီးလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာမ ၁၆၇ ဦးတို့ တက်ရောက်သင်ကြားကြကြောင်း သိရသည်။

ထိုသို့ခရိုင်နည်းပြသင်တန်းတက်ရောက်ပြီးသည့် ဆရာမငါးဦးမှတွဲဖက်သင်ရိုးပါ ဂီတဘာသာရပ်မှ အခြေခံကဗျာလွတ်အကကိုရက်သတ္တပတ်ကြာမှတ်စုထုတ်ပြီးစာတွေ့ လက်တွေ့သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အေးမျိုးမျိုးစံ(ပြန်/ဆက်)

ပုသိမ်ခရိုင် သာပေါင်းမြို့နယ်အတွင်းမှ တရားမဝင် သစ်မှောင်ခိုလုပ်ကိုင်သူများကို သက်သေခံများနှင့် အတူ ဖမ်းဆီးရမိ

သာပေါင်း၊ မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ်အတွင်း၌ တရားမဝင်သစ်မှောင်ခိုလုပ်ငန်းများ ကင်းရှင်းရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆန်းဦးသည် တောအုပ်ကြီး ဦးစောထူးရာနှင့်အတူ သစ်တောဝန်ထမ်းများလိုက်ပါ၍ စက်ဒေါင့်ကြီးရဲကင်းစခန်းမှ စခန်းမှူးရဲအုပ်အောင်မြင့်ဝင်းပါသော တပ်ဖွဲ့ဝင်များနှင့် ကမ်ဘဲ့ညောင်ကုန်းအုပ်စု အုပ်ချုပ်ရေးမှူး ဦးရန်လင်းနိုင်၊ စက်ဒေါင့်ကြီးကျေးရွာမှ ဆယ်အိမ်မှူး ဦးသန်းအောင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၄ ရက်က သတင်းအရ တရားမဝင်သစ်များအား လိုက်လံဖမ်းဆီးခဲ့ရာ စက်ဒေါင့်ကြီးကျေးရွာ၊ ရန်အောင်လမ်းထိပ်၊ ဆန်စက်အနီးတွင် ယင်းကျေးရွာနေ ဦးလှသန်းပိုင် ဂွန်ဒေါင်း အစိမ်းရောင်ယာဉ်ပေါ်တွင် တင်ဆောင်ထားသော ခေနန်ကျေးရွာအုပ်စု၊ ညောင်ကွင်းကျေးရွာနေ ဦးမြင့်ဦး၏သစ်များဖြစ်သော အခြားသားခွဲသား ၁၁ ချောင်း၊ ၃ ဒသမ ၄၄ ကုဗပေ၊ အခြားသားပျဉ် ၃၆ ချပ်၊ ၁၀ ဒသမ ၂၅ ကုဗပေ၊ စုစုပေါင်း ၁၃ ဒသမ ၆၉ ကုဗပေ၊ ၀ ဒသမ ၂၇၃ တန်နှင့် စက်ဒေါင့်ကြီးကျေးရွာ နိုင်ရဲထွဋ်၏သစ်များဖြစ်သော အခြားသားခွဲသား ၃၈ ချောင်း၊ ၆ ဒသမ ၁၃ ကုဗပေ၊ အခြားသားပျဉ် ၁၈ ချပ်၊ ၄ ဒသမ ၆၉ ကုဗပေ စုစုပေါင်း ၆၅ ဒသမ ၈၂ ကုဗပေ၊ ၁ ဒသမ ၃၁၆၄ တန်အား ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိသည့်သစ်များအား စက်ဒေါင့်ကြီးကျေးရွာ ဆယ်အိမ်မှူး ဦးသန်းအောင်ထံတွင် အပ်နှံထားရှိပြီး ဂွန်ဒေါင်းယာဉ်အား ရဲစခန်းတွင် ထိန်းသိမ်းထားရှိကြောင်းနှင့် တရားမဝင် သစ်မှောင်ခိုလုပ်ကိုင်သူ မြင့်ဦး၊ နိုင်ရဲထွဋ်နှင့် လှသန်းတို့အား သစ်တောဥပဒေအရ အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုသိမ်လှကြည်

pvifrdkUbed&mr&Sif&Jynft;bk; Akyfcyfa&;Bwmf jrefrmh&;Gvtl;Sif, OfjyifMyif

စလင်း၊ မေ ၂၀

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့၊ ကုသိနာရာမ ရှင်ပင်ရွှေပြည်အေးဘုရား ဗုဒ္ဓပူဇနိယဘုရားပွဲတော်တွင် မြန်မာ့ရိုးရာနွားအလှနှင့် လှည်းယဉ်ပြိုင်ပွဲအား မေ ၁၇ ရက်နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။ အခမ်းအနားတွင် စလင်းမြို့၊ ပေါင်းနားရပ်ကွက် ပရဟိတကျောင်းမှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကုမုဒက ဩဝါဒစကား မိန့်ကြားပြီး၊ ရဲစခန်းမှူးနှင့် ဘုရားပွဲတော် ကျင်းပရေးဂေါပကဥက္ကဋ္ဌ ဦးမောင်မောင်တို့က ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဘုရားပွဲတော်တွင် မြန်မာ့ရိုးရာ နွားအလှနှင့် လှည်းယဉ်ပြိုင်ပွဲအား မေ ၁၇ ရက်မှ ၂၀ ရက်အထိကျင်းပခဲ့ကြောင်း သိရသည်။

ထိုဖွင့်ပွဲအခမ်းအနားသို့ စလင်းမြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းတင်၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ စလင်းမြို့နယ် တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးစိုးမြင့်၊ ပြိုင်ပွဲကျင်းပရေး ဒိုင်အဖွဲ့ဥက္ကဋ္ဌ ဦးစိန်မောင်နှင့်ပြိုင်ပွဲဝင်တောင်သူများ၊ ပြိုင်ပွဲကြည့်ပြည်သူများ စုစုပေါင်း ၆၀ ကျော် တက်ရောက်ခဲ့ကြသည်။

ကျော်ဇေယျ(မကွေး)

ပညာရေးဝန်ကြီးဌာန
အမှတ်(၃)အခြေခံပညာဦးစီးဌာန
Y.E.C
ကိုယ်ပိုင်အထက်တန်းကျောင်း။ ရန်ကင်းမြို့နယ်
09 33 8888 08

Management & Accountancy Training Ltd.
No. 355, 2nd Floor, Thein Phyu Road, Mingalar Taung Nyunt Tsp.
LCCI Level I, II, III
တရင်းကိုင်သင်တန်းများ
For Series 4-2014 Exam
Ph : 242431, 246618

ငှားမည်/ရန်ကင်း
Fully Furnished
33 Majesty Iron 6

သတင်းစာများ စောစောရောက်ရှိ၍ ပြည်သူများ ဝမ်းသာနေကြ

ညောင်တုန်း မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် New Light of Myanmar ပြည်တွင်းသတင်းစာများကို နေ့စဉ်ပုံမှန်စာစောင်ရေ ၅၀၀ ကျော်ကို မြို့နယ်ကိုယ်စားလှယ်သုံးဦးမှ မြို့ရောနယ်ပါ ဖြန့်ဝေပေးလျက်ရှိရာ ဒဂုန်ဧရာအဝေးပြေးကားဂိတ်မှ ညောင်တုန်းအဝေးပြေးကားဂိတ်သို့ ဗဟိုရ်မော်တော်ယာဉ်များဖြင့် အလှည့်ကျသယ်ယူပို့ဆောင်ပေးခဲ့သည်။

မေ ၁၄ ရက် နံနက် ၈ နာရီမှစ၍ နေ့စဉ်သတင်းစာများကို စောစောဖတ်ရှုရသည့်အတွက် ပြည်သူများဝမ်းသာနေကြသလို သတင်းစာပို့ဆောင်ပေးသည့် ကလေးများလည်း ဝမ်းသာနေကြသည်။

နေ့စဉ်သတင်းစာပို့ပေးနေသည့် ကျောင်းသူလေးနှစ်ဦးကလည်း" သမီးတို့က နွေရာသီကျောင်းပိတ်ရက်မှာ တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင်ရှာဖွေပြီး ကျောင်းပြန်ဖွင့်တဲ့ အခါ ကျောင်းစရိတ်ရရှိရေးနှင့် မိဘတွေရဲ့ အိမ်စရိတ်တွေရအောင် သတင်းစာလိုက်ပို့တာပါ။ ကျောင်းပြန်ဖွင့်ရင် သမီးတို့က အဌမတန်းပြန်တတ်ရမှာပါ ။ ကျောင်းတတ်နေရတော့ သတင်းစာက နံနက် ၇ နာရီ လောက်ရောက်ပါတယ်။ တစ်နာရီခွဲလောက် သတင်းစာလိုက်ပို့ပြီးသွားရင် ကျောင်းတတ်ချိန်လည်းမီတယ်။ ဝင်ငွေလည်း အမြဲရနေတော့ သမီးတို့ရဲ့ကျောင်းစရိတ်တွေကို မိဘတွေက သိပ်စိတ်ပူရတော့ပါဘူး"ဟု ဝမ်းသာစွာ ပြောပြသည်။

ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာနှစ်မျိုးကိုလစဉ် ဖတ်ရှုနေသော အငြိမ်းစားကျောင်း ဆရာကြီးတစ်ဦးက "ဆရာတို့က ဟိုးနဂိုလမ်းစဉ်ပါတီလက်ထက်ကတည်းက သတင်းစာဖတ်လာခဲ့တာ ညနေဘက်ဆိုရင် သတင်းစာကို မျှော်နေရတာ၊ ဆရာက စာပေလည်းဝါသနာပါတယ်။ စာလည်းဖတ်တယ်။ အဓိကကတော့သတင်းစာကို အချိန်ရရင်ရသလို အသေးစိတ်အကုန်ဖတ်ပါတယ်။ အခုလို နေ့ချင်းထုတ်သတင်းစာကို နံနက်ပိုင်းမှာ ဖတ်ရတော့ပိုပြီး အရသာ လည်းရှိ သတင်းစုံလည်း စောစောစီးစီးသိရတာပေါ့"ဟု ဆရာရဲ့ ပီတိစကားကိုပြောပြသည်။

အလားတူ ရန်ကုန်-ပုသိမ်ကားလမ်းဝဲယာမြို့နယ်များဖြစ်သည့်ညောင်တုန်း၊ ပန်းတနော်၊ ကျောင်းကုန်း၊ ကန်ကြီး ဒေါင့်နှင့် ပုသိမ်မြို့အထိ နေ့ချင်းထုတ်သတင်းစာများကို နံနက်ပိုင်း ဖြန့်ဝေပေးနိုင်ရေးကို ဆက်လက်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

အမျိုးသားစီမံခန့် ခွဲမှုပညာကောလိပ်တွင် တက်ရောက်နေသော ကျောင်းသား/သူများအတွက် ရှင်ဂျီကွန်ဖူးစွမ်းရည်ပြပွဲကျင်းပ

ရန်ကုန်၊ မေ ၂၀

ပညာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် ပညာရပ်များသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများ၏ကျန်းမာရေးဆိုင်ရာနှင့် ကိုယ်လုံပညာရပ်များ လေ့လာသိရှိစေရေးအတွက် အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ်မှ ကျောင်းအုပ်ကြီး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်မကြီး၏အဆင့်မြင့် ကိုယ်လုံပညာရပ်များဖြစ်သည့် ရှင်ဂျီကွန်ဖူးပညာရပ် ၁၉ မျိုးအားရှင်ဂျီကွန်ဖူးသင်တန်းကျောင်းမှ ဆရာကြီး ဦးမြတ်ရှင်နှင့် သင်တန်းနည်းပြများ အပါအဝင် သင်တန်းသားစုစုပေါင်း ၅၀ တို့မှ ကောလိပ်အတွင်းရှိ ကျောင်းခန်းမ၌ မေ ၁၅ ရက်နံနက် ၁၀ နာရီ ကပြသခဲ့ကြကြောင်း သိရသည်။

ရှင်ဂျီကွန်ဖူးစွမ်းရည်ပြပွဲအတွင်း အမျိုးသားစီမံခန့် ခွဲမှုပညာကောလိပ်တွင် ပညာရပ်များ သင်ကြားနေကြသော Journalism၊ Tourism၊ BM မှ ကျောင်းသား ကျောင်းသူများ၊ Winne၊ STI ၊ KMD၊ Winston Power တို့မှ ကျောင်းသား ကျောင်းသူများမှပါဝင်ကြည့်ရှုလေ့လာအားပေးကြကြောင်း သိရသည်။

ကောလိပ်ကျောင်းအတွင်း တစ်နေကုန်ထိုင်ကာ ကွန်ပျူတာအသုံးပြုနေ၍ ပညာရပ်များအားသင်ယူ ဆည်းပူးနေကြရသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကိုယ်လက်လှုပ်ရှားအားကစားနည်းများအား တစ်ရက်လျှင်တစ်နာရီ ပြုလုပ်စေခြင်းအားဖြင့် ကျန်းမာရေးအတွက် အထူးကောင်းမွန်ညီညွတ်မှုတနိုင်ကြောင်း၊ ထို့အတွက်ကြောင့် အားကစားလှုပ်ရှားမှုများအား လာရောက်ပြသရခြင်းဖြစ်ပါကြောင်းဖြင့် ရှင်ဂျီကွန်ဖူးသင်တန်းကျောင်းမှ ဆရာကြီး ဦးမြတ်ရှင်က ပြောသည်။

အဆိုပါ ရှင်ဂျီကွန်ဖူးစွမ်းရည်ပြပွဲအတွင်း ဆရာကြီးဦးမြတ်ရှင်က "ကျွန်တော်တို့ သင်တန်းပင်မကျောင်းကြီးမှာ ဘာသာရပ်ပေါင်း ၁၁၀ မျိုးရှိပါတယ်။ ဒီဘာသာရပ် အမျိုးပေါင်း ၁၁၀ ထဲကမှ ကောလိပ်ကျောင်းသား၊ ကျောင်းသူတွေ အားကစားစိတ်ဓာတ်တက်ကြွစေဖို့အတွက် ဘာသာရပ် ၁၉ မျိုးကို ရွေးချယ်ပြသသွားတာပါ။ အခုလည်းဒီနှစ်နွေရာသီကာလ ရှင်ဂျီသင်တန်းကျောင်းမှာ နှစ်လတာလာရောက်သင်ယူနေကြတဲ့ သင်တန်းသား၊ သင်တန်းသူတွေရဲ့ ပညာရပ်နည်းစနစ်တွေကို ဒီကောလိပ်မှာရှိနေကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေအတွက်သိစေချင်လို့ပါ။ ကိုယ်လုံပညာရပ်ရဲ့ လျင်မြန်မှု (Cover) ကစားနိုင်ကြစေဖို့နဲ့ ဘယ်လိုတိုက်ခိုက်နိုင်လဲ၊ ကျန်းမာရေးအတွက် ဘယ်လို အထောက်အကူပြုစေနိုင်လဲဆိုတာ သိစေချင်လို့ပါ။ စိတ်ဝင်စား ဝါသနာပါကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေကိုလည်း သင်ကြားပြသပေးသွားဖို့ အစီအစဉ်တွေရှိနေပါတယ်" ဟု ပြောသည်။

သင်တန်းသားကလေးငယ်တစ်ဦးအား ကိုယ်လုံပညာရပ်တိုက်ကွက်ပြသနေစဉ်။

လက်ရှိလာမည့် ဇွန် ၉ ရက်မှစတင်ကာ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်အတွင်းရှိ စိတ်ဝင်စားဝါသနာရှိကြသော ကျောင်းသား၊ ကျောင်းသူများအား နံနက်၊ ညနေ နှစ်ပိုင်းခွဲခြားကာ တစ်ပတ်လျှင် ငါးရက်ခန့် သင်တန်းပို့ချပြသသွားရန် အစီအစဉ်များရှိနေကြောင်း ရှင်ဂျီကွန်ဖူးစွမ်းရည်ပြပွဲမှ သိရသည်။

၁၉၇၀ ခုနှစ်က စတင်တည်ထောင်ခဲ့သော အဆိုပါရှင်ဂျီကွန်ဖူးသင်တန်းကျောင်းမှာ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် မဖြစ်စဉ်ကာလဖြစ်သောယခင် ၁၉၇၉ ခုနှစ်ကလည်း ဒေသကောလိပ်(၁)မှဖိတ်ကြားချက်အရ သွားရောက်ပြသခဲ့ဖူးကြောင်း ရှင်ဂျီကွန်ဖူးသင်တန်းကျောင်းမှ ဝါရင့် ဆရာကြီးဦးမြတ်ရှင်၏ ပြောချက်အရ သိရသည်။

စိုးဝင်း (MLA)

(၁၇)ကြိမ်မြောက် ပန်းချီ၊ ကာတွန်းပြိုင်ပွဲကျင်းပ

မကွေး၊ မေ ၂၀

မကွေးမြို့၊ အ. ထ. က(၄)ကျောင်းတွင် မေ ၁၇ ရက် နံနက် ၉ နာရီက ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(၁၇)ကြိမ်မြောက် ပန်းချီ၊ ကာတွန်းပြိုင်ပွဲအား မကွေးခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ခရိုင်အဆင့်ပြိုင်ပွဲများအား ကျင်းပခဲ့ကြောင်း သိရသည်။

ထိုပြိုင်ပွဲသို့ မကွေးခရိုင် မူး/စိတ်/တား အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဒုရဲမှူးကြီး ကျော်ငြိမ်း၊ တွဲဖက်အတွင်းရေးမှူး ယာယီရဲမှူးမြင့်သိန်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် ဆုရွေးချယ်ရေးဆပ်ကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့် နှစ်ဦး၊ အလယ်တန်းအဆင့်ကိုးဦး၊ အထက်တန်းအဆင့်ခြောက်ဦးနှင့် ကာတွန်းပြိုင်ပွဲတွင် မူလတန်းအဆင့် ငါးဦး၊ အလယ်တန်းအဆင့် ခြောက်ဦး၊ အထက်တန်းအဆင့် ခုနစ်ဦး စုစုပေါင်း ၃၅ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ရှေ့ယာဉ်အားကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ယာဉ်တိုက်မှုဖြစ်ပွား

တာမွေမြို့နယ်အတွင်း မေ ၁၆ ရက် ည ၁၁ နာရီက ဖိုးစိန်လမ်းအတိုင်း အရှေ့မှအနောက်သို့ ယာဉ်မောင်း လမင်း(ခ)နေမင်းခန့် (၃၆)နှစ်၊ ကျောက်တံတားမြို့နယ်နေသူ မောင်းနှင်လာသော မတ်တူးဆလွန်း မီးခိုးရောင် ကိုယ်ပိုင်ယာဉ်သည် ရှေ့မှယာဉ်ကို ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော မြေသယ်ယာဉ်ကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် မတ်တူးယာဉ်မောင်း လမင်း(ခ)နေမင်းခန့်နှင့် ၎င်း၏ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦးတို့တွင် ပေါက်ပြဲ၊ ပွန်းပဲ့၊ နာကျင်ဒဏ်ရာများရရှိခဲ့၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာ (မစိုးရိမ်ရ)များအဖြစ် ကုသခဲ့ကြရသဖြင့် ယင်းကဲ့သို့ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း လမင်း(ခ)နေမင်းခန့်အား တာမွေမြို့မရဲစခန်းက ယာဉ် (ပ) ၂၃/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၇၉/၃၃၈ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း (MLA)

City & Guilds
Diploma & Advanced (Engineering)
Civil
Electronic
Mechanical
Mechatronic
Mechanical and Electrical(M&E)
Electrical
Electrical Installation
Air-Con & Refrigeration
Plumbing
Diploma & Advanced (IT)
Software Developer(IT)
IT System Support (IT)
20 % Discount
(Wifi Free Service)
TECH Training Centre

ငှားမည်

Car Lift
Parking Lift
Warehouse Lift

ဆောင်းပါး

နေ့စဉ်နဲ့အမျှ သွားလာလှုပ်ရှား ခရီးသွားပြည်သူများအတွက်

ခ ခင်မောင်ဌေး(ပညာရေး)

အမြန်လမ်းမကြီးရဲ့ အဖြစ်အပျက်ကတော့ ကြားကြတဲ့အတိုင်ပါပဲ။ အတော့ကို စိတ်မချမ်းသာစရာ ကောင်းပါတယ်။ ဘယ်သူမပြု မိမိမှု ဆိုသလို လူတချို့ရဲ့ စည်းကမ်းမဲ့မှုတွေကြောင့်ပေါ့။

ဒါ့ကြောင့် အမြန်လမ်းမှာ အမြန်ကားစီးကြမယ့် ခရီးသည်တွေ အတော့ကို ထိတ်လန့်နေကြပါတယ်။ ခရီးသွားဦးရေမှာလည်း လျော့နည်းသွားနိုင်တယ်လို့ သုံးသပ်မှုတွေလည်း ရှိလာပါတယ်။ တစ်ဆက်တည်းမှာပဲ နေပြည်တော် အမြန်လမ်းမကြီးကို တိုးချဲ့ပြင်ဆင်ဖို့ အစီအမံတွေလည်း အမြန်ဆောင်ရွက်ဖို့ အလျင်စလို စဉ်းစားဆောင်ရွက်နေကြပါပြီ။

ခရီးသွားတွေ အနေနဲ့ကတော့ အကြောင်းအမျိုးမျိုးကြောင့် စုန်ချည်ဆန်ချည် သွားစရာ ရှိနေကြမှာပါ။ ကားနဲ့သွားရမှာ စိုးရွံ့လို့ မီးရထားဘက် ပြောင်းစီးကောင်းစီးကြပါလိမ့်မယ်။ မီးရထားကတော့ ကုန်ကျစရိတ်ချင်းတူရင်တောင်မှ အချိန်ကြာလို့ သိပ်မစီးကြပါဘူး။ ခုလိုရာသီမှာဆိုရင် မီးရထားနဲ့ ခရီးသွားတာလည်း နည်းပါတယ်။ တလောက စာရေးသူ အညာကိုပြန်တော့ အမြန်ရထား အထူးတန်းမှာ ခရီးသည်တစ်ဝက်သာသာပဲပါတယ်။ နေ့ရထားမို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့။

မီးရထား အခြေအနေကို သုံးသပ်ကြည့်တော့ ရန်ကုန်မြို့ပတ်မီးရထား လမ်းပိုင်းမှာတော့ အတော့ကို ပြုပြင်ပြောင်းလဲလာနိုင်တာကို တွေ့ရပါတယ်။ ပထမဆုံးလမ်းပိုင်းတွေ ပြင်တယ်။ နောက်တွဲဆိုင်းပြင်တယ်။ နောက်စီးရေတိုးတယ်။ နောက်ဆုံးတော့ အမြန်ရထား၊ အဲကွန်းရထားဆိုပြီး အဆင့်ဆင့် ပြုပြင်လာတာတွေ့ရတယ်။ ဒါကလည်း ရန်ကုန်မြို့တွင်း ကားကြပ်တည်းတာကြောင့်လည်း ပါတယ်။ ခရီးသည်တွေ အဆင်ပြေရာ ရထားစီးနိုင်ကြလို့ အဆင်ပြေတဲ့အနေအထားမှာ တွေ့ရတယ်။

ရန်ကုန်-မန္တလေး မီးရထားလမ်းပိုင်းမှာတော့ ထူးထူးခြားခြား ပြောင်းလဲလာတာ သိပ်မတွေ့ရ သေးဘူး။ တွဲကတွဲဟောင်း၊ စက်ခေါင်းတွေက အသစ်မဟုတ်ပေမယ့် Good Secondhand တွေလို့ ပြောတယ်။ လမ်းပိုင်းက သိပ်မပြေပြစ်သေးဘူး။ တွဲဆိုင်းများရင် အတော်ခုန်သေးတယ်။ ဒီတော့ မိုင်နှုန်း သိပ်မမြှင့်နိုင်သေးဘူးပေါ့။ ဆိုရရင် ရထားစီးချင်လောက်အောင် စွဲဆောင်မှု ဘာမှ မရှိသေးဘူး။ ဒီလောက်ပူပြင်းတဲ့ ကာလမှာတောင် အထူးတန်းတွဲ (နှစ်တွဲသာ) ကိုတောင်မှ အဲကွန်းတွဲ မချိတ်နိုင်သေးဘူး။ ဒီတော့ စီးရတဲ့တွဲက အဟောင်း၊ လမ်းက မငြိမ့်ညောင်း၊ စက်ခေါင်းက အသစ်မဟုတ်။ မိုင်နှုန်းကလည်း သိပ်တက်မလာ။ ဒီတော့ ကားနဲ့သွားရမှာ ကြောက်တဲ့သူတွေ မီးရထားလမ်းပေါ်မေးတင်နေတဲ့ မြို့ကသူတွေစီးတယ်။ မီးရထားကို ခရီးသွားပြည်သူတွေ ဒီထက်စိတ်ဝင်စားလာအောင် ကြံဆစရာတွေ အများကြီးရှိပါတယ်။

> တချို့ကျတော့ ကားရပ်လို့မရအောင်လမ်းပေါ်မှာပိုင်စိုးပိုင်နင်း သေတ္တာပုံးတွေ၊ ကားတာယာဘီးတွေချထားတယ်။ တချို့. . .

တစ်ခါ ကားကြပ်တဲ့ကိစ္စ၊ အရင်က ကားမရပ်ရတဲ့ လမ်းတွေအပြင် ထပ်ပြီးတိုးချဲ့ သတ်မှတ်ဦးမတဲ့။ ပြောချင်တာက ကားမရပ်ရ လမ်းတွေ တိုးချဲ့တာလည်း တိုးချဲ့ပေါ့။ ဒါပေမယ့် အဲဒီ နည်းလမ်းဟာ ရေရှည် ဖြေရှင်းနည်းတစ်ခုတော့ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကားတွေက လျော့သွားတာမဟုတ်ဘူး။ တိုးသထက်တိုးလာတာ။ ဒီတော့ ကားရပ်နားနိုင်မယ့် နေရာများများ ဖန်တီးပေးဖို့လိုတယ်။ ခုဆိုလမ်းတွေမှာ ကားရပ်နားဖို့ ကားပါကင်တွေ လုပ်ပေးထားတယ်။ ယာဉ်ရပ်နားခလည်း ကောက်တယ်။ ဒါပေမယ့် ကားပါကင်မှာ ဈေးဆိုင်တွေက နေရာယူထားတာများတယ်။ အသေအချာ လိုက်ကြည့်ရင် တွေ့နိုင်ပါတယ်။ ပြောရရင် ရပ်ကွက်ထဲ၊ လမ်းသွယ်တွေထဲမှာလည်း ကားရပ်နိုင်အောင် ဆောင်ရွက်ပေးသင့်တယ်။

ခုတော့လမ်းတွေကြည့်လိုက်၊ မိုးကာတဲတွေနဲ့လမ်းဘေးဈေးဆိုင်တွေပဲ နေရာယူထားတယ် ကားလမ်းတစ်ဝက်လောက်အထိ နေရာယူ ခင်းကျင်းထားကြတယ်။ တချို့ကျတော့ ကားရပ်လို့ မရအောင် ကားလမ်းပေါ်မှာ ပိုင်စိုးပိုင်နင်း သေတ္တာပုံးတွေ၊ ကားတာယာဘီးတွေ ချထားတယ်။ တချို့ လမ်းဘေးမှာ တွန်းလှည်းပျက်တွေ တန်းစီပြီး ထိုးထားတယ် ကား တစ်စီးနဲ့ တစ်စီး ရှောင်ဖို့တောင် အတော်ခက်နေတယ်။

ဒီတော့ ရပ်ကွက်ထဲ၊ လမ်းသွယ်ထဲက လမ်းတွေမှာ ကားရပ်နားလို့ရအောင် လုပ်ပေးရမယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေ ကိုယ့်မြို့နယ် ကိုယ့်ရပ်ကွက်ထဲက လမ်းတွေကို ကွင်းဆင်းစစ်ဆေးဖို့ ကောင်းတယ်။ တချို့ ရေမြောင်းတွေပေါ်မှာ ဆိုင်ဆောက်တယ်။ ရေမြောင်းထဲ အမှိုက်တွေချတယ်။ မိုးရွာရင် ပိတ်ဆို့ပြီး ရေကြီးရေလျှံ ဖြစ်ဦးမယ်။ လမ်းဘေး လမ်းပေါ်၊ မြောင်းဘေး မြောင်းပေါ်က ဆိုင်တွေကို ဖယ်ရှားပစ်ရမယ်။ ကားရပ်လို့ရအောင်၊ ကားရှောင်လို့ တိမ်းလို့ရအောင် လုပ်ရမယ်။ ဒီလိုမှ လုပ်မထားရင် လမ်းမကြီးတွေဘေးမှာလည်း ကားမရပ်ရ၊ မြို့ထဲ ရပ်ထဲက လမ်းသွယ်တွေထဲမှာလည်း ရပ်စရာနေရာ မရှိရင် ကားတွေ ဘယ်မှာရပ်ကြရမလဲ။

ဘာပဲပြောပြော မြို့တွင်းမှာ ကားတွေကြပ်လို့ လိုရာခရီး အချိန်မီ မရောက်နိုင်ကြလို့ မြို့ပတ်ရထား စီးကြတယ်။ မြို့ပတ်ရထားကို အဆင်ပြေအောင် စီမံကြံဆဆောင်ရွက်ပေးတော့ အဆင်ပြေသွားကြတယ်။ ဒီလိုပဲတစ် ဖက်က အမြန်လမ်းကြောက်တဲ့သူတွေ မီးရထားနဲ့ ခရီးသွားနိုင်အောင် တွဲကောင်း တွဲသစ်တွေ စီမံချိတ်ဆက်ပြေးဆွဲရမယ်။ စက်ခေါင်း အသစ်တွေမှာရမယ်။ လမ်းတွေ ကောင်းအောင် အဆင့်မြှင့်တင်ရ မယ်။ အဲဒီလိုတွဲ၊ စက်ခေါင်း၊ လမ်းပိုင်း သုံးခုစလုံးကောင်းသွားရင် မိုင်နှုန်းမြှင့်ပြီး ခုတ်မောင်းနိုင်မယ်။ လုံခြုံစိတ်ချဘေးကင်းစွာနဲ့ လိုရာခရီးကို မြန်မြန်ရောက်မယ်ဆိုရင် ခရီးသွားတွေ စိတ်ဝင်စားလာမှာ အမှန်ပါပဲ။

ခုတော့ နေ့ရထားစသွားတုန်းက (အစုန်) စားသောက်တွဲပါလို့ အဆင်ပြေတယ်။ အပြန်လည်း ပါမယ်ထင်ပြီး စားစရာစီစဉ်ပြီး ထည့်မလာဖြစ်ခဲ့ဘူး။ ရထားပေါ်မှာပဲ မှာစားမယ်ပေါ့။ ဒါပေမယ့် ရန်ကုန်အပြန်မှာ စားသောက်တွဲ ပါမလာဘူး။ ဒီတော့လည်း ရပ်တဲ့ဘူတာမှာ တက်လာတဲ့ စားစရာသောက်စရာနဲ့ပဲ ပြီးလိုက်ရတာပေါ့။

ဆိုချင်တာက အပြစ်တင်တာ မဟုတ်ပါဘူး။ ခရီးသွားပြည်သူတွေအတွက် ဝန်ဆောင်မှုဆိုတာပေါ့။ ပြင်စေချင်လို့ပါ၊ လိုလျှင်ကြံဆ နည်းလမ်းရပဲ မဟုတ်ပါလား။ ဒါ့ကြောင့် မြန်မာ့မီးရထားအနေနဲ့ ခရီးသွားတွေအတွက် ဘယ်လိုများ စီမံကြံဆဆောင်ရွက်ပေးနိုင်ကြမလဲဆိုတော့ စောင့်မျှော်နေကြကြောင်းပါ။

မန္တလေးပဲမျိုးစုံဈေးကွက် အရောင်းအဝယ်အေးစက်

မန္တလေးမြို့ ကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် အရောင်းအဝယ် အေးနေကြောင်းသိရသည်။ တရုတ်နိုင်ငံဘက်မှ ဝယ်ယူမှု များပြားသောကြောင့် မြေပဲဆံဈေးမြင့်တက်လျက်ရှိပြီး တစ်ပိဿာငွေကျပ် ၁၇၀၀ ဈေးရှိသော်လည်း ဒေသအသီးသီးမှ ပဲမျိုးစုံ ဝင်ရောက်မှုများသဖြင့် ပဲမျိုးစုံဈေးများ အကျဈေးဘက်သို့ ဦးတည်နေကြောင်းသိရသည်။

ရန်ကုန်ဘက်မှ ပဲယင်းနှင့် မြေထောက်ပဲ ဝယ်ယူမှုရှိသော်လည်း ဈေးအေးကာ နှမ်းဈေးကွက်တွင် စမုံနက်နှမ်းမှာ ဈေးကျနေပြီး နှမ်းဖြူ၊ နှမ်းညို၊ နှမ်းကြားပုံမှန်ဈေးရှိကြောင်း သိရသည်။ ကုလားပဲ (ဗွီတူး)၊ ကုလားပဲ (ထိုင်ဝမ်)၊ ပဲစင်းငုံ၊ မတ်ပဲတို့ ဈေးကျနေသည်။

မောင်ပြည်သူ(မန္တလေး)

Golden Zaneka Public Co., Ltd
American Heart Association မှ အသိအမှတ်ပြု ...
Basic Life Support နှင့်
Advanced Cardiac Life Support ...
M.B.B.S, MD
ENROLL NOW

သင့် ထိမ်း၊ တား၊ ကျောင်း၊ ရုံး၊ အလုပ်ရုံများ၌ မရှိမဖြစ် ဆောင်ထားသင့်သော ရှေးဦးသူနာပြုစုဆေးသေတ္တာ
FIRST AID KITS
01 200975, 298735, 09 430 55309, 09 730 83953

Room For Rent

တိုက်ခန်းအရောင်း

သံပွဲမော်တော်များ ဝယ်လိုသည်

ဝယ်လိုသည်

တိုက်ခန်းရောင်းမည်
(ပွဲစားမလိုပါ)
Ph:09-8598459,
09-43125614

အမြန်ရောင်းမည်

အမြန်ရောင်းမည်

ပြည်သာယာဈေး ပတ်ဝန်းကျင်သန့်ရှင်းရေး စည်ပင်သာယာရေးကော်မတီဝင်များ ကြီးကြပ်ဆောင်ရွက်

မိတ္ထီလာ၊ မေ ၂၀

မိတ္ထီလာမြို့ ပြည်သာယာမြောက်ပိုင်းရပ်ကွက် ၃ လမ်းရှိ ပြည်သာယာဈေး ပတ်ဝန်းကျင်တွင် ကန္တာရဆူးပင်၊ ချုံနွယ်နှင့် အမှိုက်များ ထူထပ်ပေါများနေသောကြောင့် ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသူများ၏ ကျန်းမာရေး၊ ရပ်ကွက်ဒေသခံများ စားသုံးသည့် စားဖိုဆောင်ရောင်းကုန်များ လတ်ဆတ်သန့်ရှင်းစေရေးတို့အတွက် ၎င်းဈေးပတ်ဝန်းကျင် သန့်ရှင်းရေးအား မေ ၁၈ ညနေ ၃ နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ ကြီးကြပ်မှုဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြကြောင်း သိရသည်။

"မြောက်ပိုင်းရပ်ကွက်နဲ့ ပြည်သာယာတောင်ပိုင်းရပ်ကွက်အပြင် လျှော်ဖြူကန်၊ ကန်တိုင်ပေါက်၊ မကျီးချောက်၊ မကျီးစု၊ ညောင်ကုန်း၊ ငွေးတောက်ကုန်း၊ ဇောင်ချမ်းကုန်း စတဲ့ကျေးရွာများကနေ လာရောက်ပြီး ဈေးရောင်းဈေးဝယ်ပြုလုပ်ကြတဲ့ နံနက်ပိုင်းဈေးတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ရပ်ကွက်ကျေးရွာဒေသခံပြည်သူတွေ နေ့စဉ် စားဖိုဆောင် စားကုန်သီးနှံ သားငါးမျိုးစုံ ရောင်းဝယ်တဲ့ဈေးက အမြဲသန့်ရှင်းနေဖို့လိုပါတယ်။ ဈေးရောင်းချသူများအနေနဲ့လည်း ဈေးပတ်ဝန်းကျင်သန့်ရှင်းရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီနေ့ကတော့ သက်ဆိုင်ရာ တာဝန်ရှိသူများအနေနဲ့ စက်အား လုပ်အားများနဲ့အတူ လာရောက်ဝိုင်းဝန်း ကြီးကြပ်ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်" ဟု ကော်မတီဝင်တစ်ဦးကပြောသည်။

ပြည်သာယာဈေးသည် ယခင်က ပြည်သာယာတောင်ပိုင်း ရပ်ကွက်တွင် တည်ရှိခဲ့ပြီး လွန်ခဲ့သည့် ဆယ်နှစ်ကျော်ခန့်မှစတင်ကာ ပြည်သာယာမြောက်ပိုင်းရပ်ကွက်သို့ ပြောင်းရွှေ့ဖွင့်လှစ်၍ ဒေသခံ ရပ်ကွက်နှစ်ခုနှင့် အနီးဝန်းကျင် ကျေးရွာ ၁၁ ရွာကျော်တွင် နေထိုင်သူများ၏ နေ့စဉ်စားဖိုဆောင်စားသောက်ကုန်များ အဓိကရောင်းချသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်မှုအောက်ရှိ ဈေးတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ချမ်းသာ(မိတ္ထီလာ)

အိမ်မဲမြို့နယ်အတွင်း စည်ပင်သာယာရေးကော်မတီမှ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

အိမ်မဲ၊ မေ ၂၀

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့ပေါ်(၅)ရပ်ကွက်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် စီမံချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိရာ မေ ၁၆ ရက် နံနက် ၇ နာရီခွဲခန့်တွင် အိမ်မဲမြို့အထက်ပိုင်းရပ်ကွက် ချယ်ရီလမ်းတစ်လျှောက်၌ စတင်ပြုလုပ်နေကြောင်း တွေ့ရှိရသည်။

အဆိုပါ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူပေါင်းပါဝင်ဆောင်ရွက်ကြရာ အိမ်မဲမြို့ အနိမ့်ပိုင်းဒေသများတွင် မိုးရာသီ၌ ရေမြောင်းများ ပိတ်ဆို့ပြီး လမ်းပေါ်ရေကျော်ခြင်း မဖြစ်စေရေး၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ချက်နှင့် ပတ်သက်၍ ပြည်သူများက နှစ်ထောင်းအားရဖြစ်ကြောင်းလည်း သိရသည်။

ဇော်ထက်(အိမ်မဲ)

မီးသတ်ယာဉ်ထပ်မံဝယ်ယူရန် ငွေလှူဒါန်း

မြင်းခြံ၊ မေ ၂၀

မြင်းခြံစက်မှုဇုန်တွင် ထပ်မံဝယ်ယူမည့် မီးသတ်ယာဉ်အတွက် အလှူငွေကျပ် ၁၀ သိန်းကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံသည် မေ ၁၅ ရက် နံနက်က မြင်းခြံမြို့သို့ရောက်ရှိစဉ် စက်မှုဇုန်ရှိ မီးသတ်အဖွဲ့မှ ဝယ်ယူထားသော မီးသတ်ယာဉ်အား ကြည့်ရှုပြီး၊ စက်မှုဇုန်မီးသတ်တပ်ဖွဲ့အား မီးသတ်ရေကန်များတွင် အမြဲရေအဆင်သင့်ရှိရေး၊ ယခုမီးသတ်ယာဉ်ကိုလည်း စက်မှုဇုန်အတွက်သာမက မြို့အတွက်ပါ အကူအညီပေးရေး စသည်တို့ကို ပြောကြားခဲ့ကြောင်း သိရသည်။ **ဦးဇော်မင်းနိုင်(မြင်းခြံ)**

ညောင်ဦးမြို့နယ်တွင် တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ လာရောက်၍ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ညောင်ဦး၊ မေ ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စုတွင် ဗိုလ်မှူးကြီး မျိုးသန့် ဦးဆောင်သော တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ၇၇ ဦးတို့သည် မေ ၁၈ ရက် နေ့လည် ၂ နာရီအချိန်က ရောက်ရှိ၍ အဆိုပါကျေးရွာအုပ်စု၌ အခြေပြုကာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာနေပြည်သူများအား ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဗိုလ်ကြီးသိန်းထိုက်ဦးဆောင်သည့် ၁၀ ဦးအဖွဲ့သည် တောင်ဇင်းကျေးရွာအုပ်စု၊ ခွေးပြုတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ရွာသူ၊ ရွာသားစုစုပေါင်း ၇၈ ဦးတို့အားလည်းကောင်း၊ ဗိုလ်ကြီး မိုးဇော်ဟန်ဦးဆောင်သည့် ၁၀ ဦးအဖွဲ့သည် ချောက်ကန်ကျေးရွာအုပ်စု၊ ချောက်ကန်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ရွာသူ၊ ရွာသားစုစုပေါင်း ၁၂၀ တို့အားလည်းကောင်း ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခွေးပြုတ်ကျေးရွာနှင့် ချောက်ကန်ကျေးရွာတို့တွင် ဆေးကုသပေးနိုင်မှုမရှိသော လူနာ ၁၄၀ တို့ကို တောင်ဇင်းကျေးရွာအုပ်စုတွင် အခြေပြုသော ဗိုလ်မှူးကြီး မျိုးသန့်နှင့် အဖွဲ့ထံသို့ ပို့ဆောင်ဆေးကုသခြင်းများ ပြုလုပ်ပေးခဲ့သည်။

မေ ၅ ရက်နေ့ထိ လူနာဦးရေစုစုပေါင်း ၃၃၈ ဦးတို့အား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ရဲသူရအောင်(ညောင်ဦး)

တိုက်ခုနစ်လွှာမှ အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံး

ရန်ကုန်၊ မေ ၂၀

တာမွေမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မလွှကုန်းလမ်းတွင် တိုက်ခုနစ်လွှာပေါ်မှ အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံးကြောင်းသတင်းအရ မေ ၁၇ ရက် နံနက် ၄ နာရီ ၄၅ မိနစ်က သွားရောက်စစ်ဆေးကြရာ သေဆုံးသူမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်နေ ဦးဝင်းအောင် ၄၃ နှစ် ဖြစ်ပြီး တိုက်ခန်းနောက်ဘက်လမ်းကြားတွင် ဦးခေါင်းယာဘက်ပေါက်ပြဲ၊ နှာခေါင်းနှင့်ပါးစပ်တို့မှ သွေးထွက်၊ ဝဲလက်မောင်းနှင့် ပေါင်တို့၌ ဖူးရောင်ဒဏ်ရာများရရှိထားကြောင်း တွေ့ရသည်။

သေဆုံးသူသည် အခင်းဖြစ်ရာတိုက်ခန်းနေ အစ်မဝမ်းကွဲတော်စပ်သူနေအိမ်သို့မေ ၁၆ ရက်တွင် အလည်ရောက်ရှိလာပြီး ညပိုင်းတွင်အရက်သောက်ကာ အိပ်ရာဝင်ခဲ့ကြောင်း၊ မေ ၁၇ ရက် နံနက် ၃နာရီခွဲတွင် အိမ်ရှင်အစ်မဖြစ်သူမှ အိပ်ရာမှနှိုးရန် ကြည့်ရှုရာ မတွေ့ရှိသဖြင့် လိုက်လံရှာဖွေရာ တိုက်ခန်းနောက်ဘက်ရှိ အကာမရှိသော ပြူတင်းပေါက်မှ ဓာတ်မီးဖြင့် ထိုးကြည့်ရှာဖွေခဲ့ရာမှ အောက်သို့ပြုတ်ကျနေသည်ကို တွေ့ရှိရခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ တာမွေမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁၀/၂၀၁၄ ဖြင့် ရေးဖွင့်ကာစုံစမ်းစစ်ဆေးလျက်ရှိသည်။ **(၀၄၀)**

LCCI WEBS
09-5151398

20% Off Food Only

အလွန်တန်ဖိုးရှိသောအိမ်ခြံမြေ ရောင်းမည်
ပွဲစားအလွန်လိုသည်
(100' x 95') ပါမစ်မြေထောင့်ကွက်
၂ထပ် RC တိုက်

ဝိုင်ငါးလုံး အာရုံကြောဆေး

GOOD CARE

အသိပညာပေးဆောင်းပါး

အစာလည်းဆေး ဆေးလည်းအစာ မဟုတ်ပါ

à lunf (Cifrk)

မိတ်ဆွေတစ်ဦးသည် လုပ်ငန်းကြီးများ လုပ်ကိုင်ပြီး အောင်မြင်နေသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။သူသည် စိုပြည်ဝဖြိုးသော ဥပမိရုပ်ပိုင်ရှင်ဖြစ်ပြီး အပြင်ပန်းအားဖြင့်ကြည့်လျှင် ကျန်းမာသောလူကြီးတစ်ဦးဖြစ်သည်။ သို့သော် သူနှင့်အနီးကပ်နေသောအခါမှ သိလာရသည်မှာ သူ့တွင် ရောဂါကြီးကြီးမားမား သုံးမျိုးခန့် ရှိနေသည်။

သူသည် အသည်းအဆီဖုံးသည်ဟု စတင်သိရသည့် အချိန်မှစ၍ အထူးကုဆရာဝန်ကြီးများနှင့် ပြသနေခဲ့သည်မှာ သုံးနှစ်၊ လေးနှစ်ရှိခဲ့ပြီ။ သို့သော် ထိုရောဂါများမှာ ပျောက်ကင်းမသွားသည့်အပြင် တစ်ခုပြီးတစ်ခု တိုးလာခဲ့သည်။ နောက်ဆက်တွဲ နှလုံးသွေးကြောကျဉ်းဝေဒနာ၊ သွေးတိုးဝေဒနာနှင့် ကျောက်ကပ်ကျောက်တည်ဝေဒနာများပါ ထပ်မံတိုးလာခဲ့သည်။

တစ်ခါက သူ့အိမ်တွင်ကြုံ၍ ထမင်းဝင်စားဖြစ်သည်။ သူစားသော အစားအသောက်များမှာ အိမ်မှချက်သော အစားအစာများမဟုတ်။ ဆိုင်များမှ ကောင်းနိုးရာရာ ခံတွင်းတွေ့မည့် ဟင်းလျာများကို သူ၏တပည့်တစ်ဦးမှ ဝယ်၍ စားကောင်းအောင် စီစဉ်ပေးခြင်းဖြစ်သည်။

ထိုအစားအသောက်များမှာ အဆီနှင့် ဟင်းချိုမှုန့် အရောင်ဆိုးဆေးများပါနေသည်ကို တွေ့ရသဖြင့် သူ့ကို ဖြစ်ပ့ါမလားဟု မေးကြည့်မိသည်။ သူက "ဖြစ်ပါတယ်၊ အစာစားပြီးရင် ဆေးသောက်လိုက်ရုံပဲ၊ အစာများများစားမှ ကျန်းမာမယ်၊ အစာလည်းဆေး ဆေးလည်းအစာပဲ" ဟု ပြောပါသည်။

> **အစာလည်းဆေး ဆေးလည်းအစာ ဆိုသောစကားမှာ တရားသေဆုပ်ကိုင်ထားသင့်သော စကားမဟုတ်ပေ။ အစားများလွန်းလျှင်လည်းမကောင်းဆေးများလွန်း. .**

သူသည် ထမင်းစားပြီးနောက် ဆေးတောင့်ဆေးပြားများ မျိုးစုံ လက်တစ်ခုပ်စာမျှ ရေအေးနှင့်သောက်ချလိုက်သည်ကို တွေ့ရသည်။ မည်သို့ အကျိုးဖြစ်မည်မသိသော်လည်း သူသောက်ရသည့်ဆေးမှာ အစာနှင့်တန်းတူဖြစ်တော့မည်။ များလွန်းသည်ဟု ထင်မိသည်။

သူ့မှာ မနက်စာစားပြီး သောက်သည့်ဆေး၊ ညစာစားပြီး သောက်သည့်ဆေး၊ အိပ်ရာဝင် သောက်သည့်ဆေး စသည်ဖြင့် ဆေးကိုးမျိုး၊ ဆယ်မျိုးသောက်နေရသည်မှာ အလုပ်တစ်ခုလိုမျိုး ဖြစ်နေသည်။ လမ်းလျှောက်ချိန်ဟူ၍လည်း မရှိ၊ အလုပ်ထဲမှာပင် တစ်နေကုန် နစ်မျောနေသည်ကို တွေ့ရသည်။

ရုပ်ကို အာဟာရကစောင့်သည်ဆိုသော စကားရှိသည်။ သူ၏ စိုပြည်ဝဖြိုးနေသောရုပ်မှာ သူစားသော အစာအာဟာရများကြောင့် ဖြစ်သည်။ သို့သော် ထိုအစာအာဟာရများ၏ နောက်ကွယ်တွင် မကြေကျက်ခြင်း၊ အဆီတိုးခြင်း၊ အသားတိုးခြင်းတို့သည် နှစ်ရှည်ကြာသောအခါ စုမိလာပြီး မိမိခန္ဓာကိုယ်ကို မိမိမနိုင်သောအခြေအနေသို့ ရောက်ရှိသွားနိုင်ပေသည်။

မည်သည့်ရောဂါဖြစ်ဖြစ် ၎င်းမှာဆေးရှိသည်။ ဆေးမှန်မှန်မှီဝဲလျှင် ပျောက်သည်။ ရောဂါရှိလျှင် ဆေးရှိသည်ဟု ယူဆပြီး ဆေးကို မျက်စိမှိတ်အားကိုးနေသူများ ရှိသည်။ ထိုသူများသည် ဆေးယဉ်ဆေးရိုးသော၊ ဆေးမတိုးသောရောဂါများဖြင့် ဒုက္ခတွေ့ကြရသည်ကို တွေ့ရဖူးသည်။

အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုသောစကားမှာ တရားသေဆုပ်ကိုင်ထားသင့်သော စကားမဟုတ်ပေ။ အစားများလွန်းလျှင်လည်းမကောင်း၊ ဆေးများလွန်းလျှင်လည်း မကောင်းဟု သတိပြုသင့်ပေသည်။

မန္တလေးမှစင်ကာပူသို့ Singapore Airline တိုက်ရိုက်လေကြောင်းပြေးဆွဲ

မန္တလေး၊ မေ ၂၀

မြန်မာနိုင်ငံတော်၏ ယဉ်ကျေးမှုမြို့တော် မန္တလေးမြို့မှ စင်ကာပူနိုင်ငံသို့ ဇွန် ၁၀ ရက်မှစတင်ကာ Silk Air (Singapore Airline) က တိုက်ရိုက်လေကြောင်းပြေးဆွဲရန် ပြင်ဆင်လျက်ရှိကြောင်းနှင့် Silk Airline သည် စင်ကာပူ လေကြောင်းလိုင်းနှင့် ဖက်စပ်ထူထောင်ထားကြောင်း သိရသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ တိုက်ရိုက်လေကြောင်းခရီးစဉ်ကို တစ်ပတ်လျှင် သုံးရက် (အင်္ဂါ၊ ကြာသပတေး၊ စနေ) ရက်များတွင် ပြေးဆွဲပေးမည်ဖြစ်ပြီး ခရီးစဉ်တစ်ကြောင်းအတွက် အမေရိကန်ဒေါ်လာ ၂၄၃ ဒေါ်လာ သတ်မှတ်ထားသည်။

မန္တလေး-စင်ကာပူ လေကြောင်းခရီးစဉ်ကို မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး စင်ကာပူသို့ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

Silk Airline သည် နောက်ဆုံးပေါ် ဘိုးရင်း လေယာဉ်အမျိုးအစားများကိုသာ အသုံးပြုပြီး ခရီးသည်များလုံခြုံစိတ်ချစွာ စီးနင်းနိုင်ရေးအတွက် လေယာဉ်သစ်တစ်စီးလျှင် သက်တမ်းခြောက်နှစ်သာ အသုံးပြုနိုင်ကြောင်း၊ မန္တလေး-စင်ကာပူ လေကြောင်းလိုင်းဖွင့်ပွဲအကြို မေ ၁၅ ရက်က လေကြောင်းလိုင်းတာဝန်ခံက သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံ ဂါယာ၊တရုတ်နိုင်ငံကူမင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်သို့ ပြေးဆွဲလျက်ရှိပြီး Silk Airline က မန္တလေး-စင်ကာပူတိုက်ရိုက် ထပ်မံပြေးဆွဲရာ နိုင်ငံခြားသား ခရီးသည်ဝင်ရောက်မှု ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ယာဉ်တိုက်မှုဖြစ်ပွားစေမည့်စည်းကမ်းမဲ့မောင်းနှင်သူများ၏ လိုင်စင်ပိတ်သိမ်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်နေ

ရန်ကုန်၊ မေ ၂၀

ယာဉ်တိုက်မှုဖြစ်ပွားစေမည့် စည်းကမ်းမဲ့မောင်းနှင်လျက်ရှိနေသော ယာဉ်မောင်းများ၏ လိုင်စင်များကို ကျူးလွန်သည့်ပြစ်မှုအလိုက် အရေးယူနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိနေကြောင်း အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်) တွင်ပြုလုပ်သည့် မီဒီယာတွေ့ဆုံပွဲတွင် ဒုတိယရဲမှူးကြီး လင်းထွဋ်က ပြောသည်။

"မီးနီဖြတ်မောင်းတာတွေ၊ လမ်းပြောင်းပြန်မောင်းတာတွေနဲ့ ယာဉ်တိုက်မှုကိုဖြစ်စေနိုင်တဲ့ ယာဉ်စည်းကမ်းချိုးဖောက်မှု ဖြစ်လာရင် လိုင်စင်ကို ဘယ်လောက်အထိ ပိတ်သိမ်းမယ်ဆိုတာကို ညှိနှိုင်းဆောင်ရွက်နေတယ်။ အထူးသဖြင့် လိုင်စင်ပြုလုပ်ပေးတဲ့ က-ည-န နဲ့ပါ" ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့တွင်း ယာဉ်ကြော ကျပ်တည်းမှုများအပေါ် အခွင့်ကောင်းယူ၍ ကိုယ်ပိုင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ အငှားယာဉ်များသည် လမ်းပြောင်းပြန်မောင်းနှင်မှုများ၊ အရှိန်ပြင်းမောင်းနှင်မှုများကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ စည်းကမ်းမဲ့ မဆင်မခြင်မောင်းနှင်မှုများအား ဥပမာအားဖြင့် ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်တွင် လိုင်စင်အား ခြောက်လ၊ တစ်နှစ်၊ လေးနှစ်စသည်ဖြင့် ပိတ်သိမ်းရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိနေပြီး အရေးယူသူများတွင် အချက်ပြမီးစနစ်တွင် မီးနီဖြတ်မောင်းခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ အရက်သေစာသောက်စားမောင်းနှင်ခြင်း၊ မီးပွိုင့်ဧရိယာတွင် ယာဉ်ကို လမ်းပိတ်၍ ယာဉ်နှစ်ထပ်ရပ်နားခြင်း၊ ခရီးသည်တင်ကားများ တံခါးဖွင့်မောင်းခြင်းနှင့် မီးပွိုင့်တွင် ခရီးသည်အတင်အချပြုလုပ်ခြင်း၊ ကြားကားဆွဲခြင်းများကို သက်တမ်းအလိုက် မည်မျှပိတ်သိမ်းအရေးယူမည်ကို ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ဒုတိယရဲမှူးကြီး လင်းထွဋ်က ထပ်မံရှင်းပြသည်။၂၀၁၄ ခုနှစ် ဇန်နဝါရီမှ ဧပြီအတွင်း မြန်မာနိုင်ငံအနှံ့ ယာဉ်တိုက်မှု ၅၃၂၃ မှု ဖြစ်ပွားခဲ့ပြီး ၉၅၈၀ ဦး ဒဏ်ရာရရှိကာ ၁၆၅၂ ဦး သေဆုံးခဲ့ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှ ထုတ်ပြန်သော စာရင်းများအရ သိရသည်။

တင်မောင်ဦး

"ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်"
... 36'x117' ... 18'x1200 ...
... ဆက်သွယ်ရန် - 098611308

Hotel, Condo, Showroom ဆောက်ရန် ...
1. အမှတ်(၃)လမ်းမ၊ ... (325ပေ)၊ အကျယ် (0.9ဧက)၊ ... (နေရာကောင်း)၊ ... နှစ်(၆၀)ဂရန်မြေ
2. ... (100ပေ)၊ အကျယ် (0.225ဧက)၊ ... (နေရာကောင်း) ...
3. ... (110ပေ)၊ အကျယ် (0.17ဧက)၊ ... (နေရာကောင်း)၊ နှစ်(၆၀)ဂရန်မြေ
ဆက်သွယ်ရန် ⟹ 09 - 49595559, 09 - 5014921

မြေကွက်ဝယ်လိုသည်
... ဆိုင်ကားစ
09 31589922
09 31268183

မိုးနံ့ဒါစေကာ်ရှင်

Ph:01-... 09-... 09-...

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက် (၃/၂၀၁၄)
နေပြည်တော်၊ ၁၃၇၆ခုနှစ်၊ တန်ခူးလပြည့်ကျော်(၈)ရက် (၂၀၁၄ခုနှစ်၊ ဧပြီလ ၂၂ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၄ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ(Bank Statement)ကို ပူးတွဲတင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၄ခုနှစ်၊ ဧပြီလ ၂၈ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ် နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၁၄ခုနှစ်၊ ဧပြီလ ၂၈ရက်မှ မေလ ၂၇ရက် အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင် လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချမှတ်ထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် အောက်ဖော်ပြပါလုပ်ငန်းကို ကျပ်ငွေဖြင့် တပ်ဆင်ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	လုပ်ငန်း	အရေအတွက်
(၁)	Towing Tank Electrical Work	(1)Lot

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ဖော်ပြပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) တင်ဒါလျှောက်လွှာရယူရန် -၂၆-၅-၂၀၁၄ရက်မှ ၂-၆-၂၀၁၄ရက်အထိ
(ခ) တင်ဒါတင်သွင်းရမည့်ရက် -၁၆-၆-၂၀၁၄ရက်၊ ၁၃း၀၀နာရီအထိ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ -မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်၊ သီလဝါ၊ သန်လျင်မြို့
(ဃ) တင်ဒါဖွင့်မည့်ရက် -၂၃-၆-၂၀၁၄ရက်၊ ၁၃း၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၉-၈၆၀၂၀၇၁၊ ၀၉-၅၀၁၅၈၆၆၊ ၀၉-၇၃၂၃၂၆၈၃တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအောက်ရှိ မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအဆောက်အအုံ အသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့လူနာဆောင်များ/ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ ဆေးရုံကြီးများ အကြီးစားမွမ်းမံခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအား ဆောင်ရွက်လိုသော လိုင်စင်ရကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန၊ အမှတ် ၅၂၀၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်းမြို့နယ်သို့ ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၂-၅-၂၀၁၄၊ (ကြာသပတေးနေ့)
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၃-၆-၂၀၁၄၊ (တနင်္လာနေ့)(၁၆)နာရီ

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၉ ၃၁၃၃၅၅၆၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ တောင်ကြီးမြို့သည် အောက်ဖော်ပြပါ မီးသတ်ယာဉ်(၅၇)စီး၊ မီးသတ်အပေါ့စားစက်၊ မီးသတ်ပစ္စည်းကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Fire Fighting Truck (၃၁)စီး၊ (ခ) မီးသတ်ရေသယ်ယာဉ်(၂၆)စီး၊ (ဂ) Porrable Fire Pump (၅၅)လုံး၊ (ဃ) Cylinder Air Filling Machine Foe (၁၈)ခု၊ (င)Breathing Apparatus Set (၅၅)စုံ၊ (စ) Foam Compound (၅၅)ပီပါ၊ (ဆ)ရေမှုန်ရေမွှားကိရိယာ (ကျောလွယ်) (၅၅)ခု၊ (ဇ)မီးငြိမ်းသတ်ရေးကိရိယာများ(၅၅)စုံ၊ (ဈ) ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ (၅၅)စုံ၊ (ည)Digital Multi Function Copier (၅)လုံး၊ (ဋ)Plain Paper Laser Facsimile (၅)လုံး၊ (ဌ)Personal Computer (၅)လုံး၊ (ဍ)အရာရှိစားပွဲ(၃. ၅×၅)ပေ (၆၂)လုံး၊ (ဎ)အရာရှိစားပွဲသေး(၃. ၅×၅)ပေ (၉၀)လုံး၊ (ဏ) ကျွန်းဗီရို(၃. ၅×၆)ပေ (၅၅)လုံး၊ (တ)လက်တန်းပါကုလားထိုင်(သစ်သား)(၁၆၅)လုံး၊ (ထ)စာတင်စင် (၃×၄)ပေ(၆၃)လုံး၊ (ဒ)လက်တန်းပါကုလားထိုင်(ဖိုက်ပါ)(၂၅၀၀)လုံး။

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား မီးသတ်ယာဉ်နှင့် အထက်ပါပစ္စည်းများတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်)၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာများကို ပြည်နယ်မီးသတ်ဦးစီးဌာနမှူး၊ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ တောင်ကြီးမြို့ထံ လိပ်မူ၍၁၀-၆-၂၀၁၄ရက် (၁၆း၃၀)နာရီတွင် ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာန၊ တောင်ကြီးမြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၈၁-၂၁၂၁၆၇၁၊ ၀၉-၄၁၀၀၉၁၂၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်အစိုးရအဖွဲ့

လုံးချင်းတိုက်ငှားမည်

သာကေတ(၅)ရပ်ကွက်၊ ရွှင်းသာလမ်းမကြောကပ်၊ နှစ်ထပ်(RC) ၂၄၀၀ စ/ပေ၊ အိပ်ခန်း၄ခန်း၊ အဲကွန်း ၂လုံး၊ အဝီစိတွင်း၊ မြေပေ(၅၀×၈၀)

ဖုန်း-၂၂၃၄၄၀၊
၀၉-၅၅၀၅၄၁၃၊
၀၉-၅၁၇၆၂၄၂

အမြန်ရောင်းမည်၊ငှားမည်

ပေ(၃၀×၆၀)၊ ၂ထပ်တိုက်လုံးချင်း AC-၃လုံး၊ ဖုန်း၊ (ဘိုးဘွားအမည်ပေါက်)၊ မြနန္ဒာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်း။

ဖုန်း-၀၉-၄၂၁၀၁၆၈၆၀၊
၀၉-၄၄၈၀၀၄၅၅၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၊ စမ်းသပ်စက်ရုံစု (မှော်ဘီ)အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) စက္ကူကုန်ကြမ်း(ဝကြီး) - ၄၃၁၇၇. ၅၂ ပိဿာ
(ခ) စက္ကူဆိုးဆေး(ပန်းရောင်) - ၁၆၂ပေါင်
(ဂ) Polypropylene Bag - ၁၅၈၀ပေါင်
(၈လက်မ ၂၄လက်မ Size) "ရွှေဝါး"အမှတ်တံဆိပ်ရိုက်ပြီး

အိတ်ဖွင့်တင်ဒါတင်သွင်းရန် -၁၅-၅-၂၀၁၄ရက်မှ ၁၅-၆-၂၀၁၄ရက်အထိ (ရုံးချိန်အတွင်း)
အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ -မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန အမှတ်(၆)၊ ကမ္ဘာအေးစေတီလမ်းနှင့် ကန်ဘဲ့လမ်းထောင့်

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို စက်ရုံမှူး၊ စမ်းသပ်စက်ရုံစု (မှော်ဘီ)၊ ဖုန်း၀၁-၆၀၀၀၄၂၊ ၀၁-၆၀၀၀၄၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

သတ္တုတွင်းဝန်ကြီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဝန်ကြီးဌာနရှိ ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်း(၉) ခုတွင် အသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-
(က) ရုံးသုံးစက်ပစ္စည်းကိရိယာများ၊
(ခ) ရုံးသုံးပရိဘောဂများ၊
(ဂ) ရုံးသုံးစာရေးကိရိယာပစ္စည်းများ၊
(ဃ) Toner, Cartridge & Computer Accessories
(င) Air Con (9) Nos

၂။ တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်-၁၆-၆-၂၀၁၄ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံများကို သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်း (၉)ခုတွင် သတင်းစာပါ ကြော်ငြာသည့်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သတ္တုတွင်းဝန်ကြီးဌာန
ရုံးအမှတ်(၁၉)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၇၂၊ ၀၆၇-၄၀၉၁၆၀

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်တွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေ/USDဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	Pneumatic System for Computer Controlled Process Control Unit	1 Set	USD
(၂)	Process Control Trainer for Level control	1 No	USD
(၃)	Pneumatics Trainer for manual control	1 No	USD
(၄)	Programmable Logic Controller	1 No	USD
(၅)	Hyundai Country Bus (29)Seater	1 No	ကျပ်ငွေ
(၆)	Computer	50 Sets	ကျပ်ငွေ

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်းတင်သွင်းရန် ဖြစ်ပါသည်။
(က) တင်ဒါလျှောက်လွှာရယူရန် -ကြော်ငြာပါသည့်နေ့မှစ၍
(ခ) တင်ဒါတင်သွင်းရမည့်ရက် -၆-၆-၂၀၁၄ရက်၊ ၁၂နာရီအထိ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ -မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သီလဝါ၊ သန်လျင်မြို့။
(ဃ) တင်ဒါဖွင့်မည့်ရက် -၉-၆-၂၀၁၄၊ ၁၃း၃၀နာရီ

၃။ အသေးစိတ်အချက်အလက် သိရှိလိုပါက ဖုန်း-၀၉၈၆၀၂၀၇၁၊ ၀၉၅၀၁၅၈၆၆၊ ၀၉-၅၀၉၈၇၀၂တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

ကွန်ဒိုတိုက်ခန်းအကျိုးဆောင်လုပ်ငန်း

လူကြီးမင်းတို့၏ ကွန်ဒိုတိုက်ခန်းကိုစိတ်ချယုံကြည်ရသော ဂျပန်လူမျိုး အိမ်ငှားကောင်းများနှင့် တွေ့ဆုံစေမည့် နိုင်ငံခြားသားသီးသန့်အကျိုးဆောင်လုပ်ငန်း။

ဖုန်း-၀၉-၂၅၀၆၆၀၉၀၁ (9:00-17:00-Mon to Fri)

KBZ Industries Ltd.,
ထုံးကျောက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ KBZ Industries Ltd. တောင်ကြီး(ပင်းပက်ဒေသ)ရှိ တစ်ရက် တန်(၁၀၀၀)ကျ ကမ္ဘောဇဘိလပ်မြေစက်ရုံအတွက် ထုံးကျောက်များအား စက်ရုံပိုင်လုပ်ကွက်မှ နေ့စဉ်အနည်းဆုံးတန်(၅၀၀) စဉ်ဆက်မပြတ် ထုတ်လုပ်ပေးသွင်းရေးလုပ်ငန်းဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား ကိုယ်ပိုင်ပုံစံဖြင့် ကုမ္ပဏီမှတ်ပုံတင်၊ Porfile တို့နှင့်အတူ ၃၁-၅-၂၀၁၄ရက် (၁၆း၀၀)နာရီ KBZ Industries Ltd., ရုံးခန်းသို့ အရောက်တင်သွင်းနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် အမှန်တကယ်ဆောင်ရွက်မည့်ကုမ္ပဏီမှ တာဝန်ရှိသူကိုယ်တိုင် လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။

KBZ Industries Ltd.,
အမှတ်-၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်
Strand Condo (ဒု)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၃၆၄၇၊ ၀၁-၃၇၃၆၄၈၊ ၀၁-၃၇၃၆၄၉

(၃)လပြည့်အလွမ်းပြေ

ဦးမောင်မောင်ဝင်း

(၂၁-၂-၂၀၁၄ မှ ၂၁-၅-၂၀၁၄)

ကျေးဇူးရှင်ဇာတ်ဆရာ"ပါပါကြီး" ခွဲခွာသွားတာရက်ပေါင်း (၉၀)ပြည့် ခဲ့ပေမယ့်လည်း သဘင်သည်မလေး ချစ်ဇနီးစမ်းတို့မိသားစုကတော့ တစ်နေ့မှ မေ့မရခဲ့ပါဘူး "ပါပါကြီး"ရေ

ဇာတ်ဆရာကြီးအလိုကျခင်းခဲ့တဲ့ဘဝဇာတ်ခုံပေါ်မှာ သဘင်သည်မလေး မစမ်းက သား၊ သမီး၊ သားမက်၊ မြေးတို့နဲ့အတူကမြဲတိုင်းကလျက်ပါပဲ "ပါပါကြီး" ရေ ဇာတ်ဆရာကြီးခင်းခဲ့တဲ့လမ်းပေါ်မှာ ဆက်ကနေပြီး "ပါပါကြီး"အတွက် လျှုဒါန်းမှုများစွာနဲ့ ကောင်းမှုကုသိုလ်တွေအမြဲလုပ်ပေးနေမှာပါ၊ ရောက်ရာ ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ"ပါပါကြီး"ရေ

ချမ်းသာကြီးမိသားစုအပေါင်းဆိုင်

ဦးငွေသိန်း (၈၉)နှစ်
B.Sc (Agri)
လ/ထ ထွေ/ဗျာ C.A.T.C
(လယ်စိုက်ရှင်း)-ငြိမ်း

မြင်းခြံမြို့၊ (၇)ရပ်ကွက်နေ ဒေါ်အေးမြင့်၏ ခင်ပွန်း၊ ဒေါ်ခင်စောဦး၊ ဒေါ်ခင်မာလေး၊ ဒေါ်ခင်မာထွေး၊ ဒေါ်ဆွေဆွေအေး၊ ဦးမြင့်သိန်းထွန်း (C/E)- Dr.မေသူကျော်စွာ၊ ဒေါ်မော်မော်သိန်း၊ ဦးကျော်ဇင်ထွန်း(Uniteam)-ဒေါ်ဝါဝါအေး၊ ဒေါ်နုနုအေးတို့၏ ဖခင်၊ မဝေမီကျော်မြင့်၊ မမေမီသော်မြင့်၊ မောင်အောင်ရှင်းသန့်ထွန်း၊ မောင်သန့်သီရိထွန်းတို့၏ အဘိုးသည် ၁၇-၅-၂၀၁၄ (စနေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၄ရက် နံနက် ၉ နာရီတွင် နတ်ထားကျေးရွာသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တနန္ဒဝံသ(ဓမ္မာစရိယ)
မှော်ကန် ပုဏ္ဏားစုရပ်ကွက် သံဃာ့နာယက ဥက္ကဋ္ဌ
သိက္ခာတော်(၅၃)ဝါ၊ သက်တော်(၇၃)နှစ်

ပဲခူးမြို့၊ မှော်ကန် ပုဏ္ဏားစုရပ်ကွက် လေသာပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနန္ဒဝံသသည် (၁၃၇၆ ခုနှစ် ကဆုန်လပြည့် ကျော် ၄ ရက်) ၁၇-၅-၂၀၁၄ (စနေနေ့) ညနေ ၃း၃၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်) ၂၅-၅-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဆင်ဖြူကွင်းသုသာန်၌ အန္တိမအဂ္ဂိ ဈာပန ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိဈာပန ကျင်းပရေးကော်မတီ
လေသာပရိယတ္တိစာသင်တိုက် ပဲခူးမြို့

---

(၁၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်အိအိဝင်း(အိရွှေစင်)
အသက်(၅၆)နှစ်
မော်လမြိုင်
(၂၁-၅-၂၀၀၀ မှ ၂၁-၅-၂၀၁၄အထိ)

ခွဲခွာသွားသည်မှာ (၁၄)နှစ်ပြည့်မြောက်သွားခဲ့ပြီဖြစ်သော်လည်း ကျန်ရစ်သူမိသားစုရဲ့ရင်ထဲအမြဲလွမ်းဆွတ် သတိရလျက်ရှိပါသည်။ (ဝင်း)အားရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သည့် ကုသိုလ်ကောင်းမှုအစုစုအတွက် ရောက်ရှိရာ မြင့်မြတ်သောဘဝမှ သာဓုခေါ်ယူနိုင်စေရန် ဆုမွန်ကောင်းများတောင်းလိုက်ပါသည်။

ချစ်ခင်ပွန်း - **ညွန့်တင်[လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)မော်ကွန်းရုပ်ရှင်ရုံးခွဲ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန]၊ နိုင်ငံခြားသတင်းထောက် Fuji TV, Bangkok Bureau**
ချစ်သားကြီး - **တင်မောင်ဝင်း-ဝင်းဝင်းအေး**
ချစ်သမီး - **ဇော်မိုးထွန်း-အိအိတင်(နိုင်ငံခြားသတင်းထောက်၊ Fuji TV, Bangkok Bureau)**
တစ်ဦးတည်းသောချစ်မြေး - **ပြည့်မိုး @ Princeton(AVADA Institute, New York, USA)**

လွမ်းမပြေပါနိုင်

ဦးခင်

အင်ဂျင်နီယာညွှန်ကြားရေးမှူး(ငြိမ်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
၂၁-၅-၂၀၁၁ မှ ၂၁-၅-၂၀၁၄

အဖေကြီး

ချစ်သောမိသားစုကို ခွဲခွာသွားတာ သုံးနှစ်ပြည့်ခဲ့ပေမယ့်လေ လွမ်းမပြေစမ်းရေကျသလိုလွမ်းမျက်ရည်စတွေက တတွေတွေကျံစီမံရာမလွဲသာလို့ခွဲခွာသွားရရှာတဲ့အဖေကြီးရေ အေးမြလှတဲ့အရိပ်နှင့်ကြီးမားလှတဲ့ ကျေးဇူးဂုဏ်တွေ ပေးဆပ်လိုဖြင့်မကုန်နိုင်ပါပေ။ နေ့စဉ်ညစဉ်တမ်းတလျက် နွမ်းလျဖြေမဆည်နိုင်ပါသလေ အမေကြီးနေ့စဉ်လစဉ် နှစ်စဉ်ပြုပြုသမျှ ကုသိုလ်အဖို့ဘာဂတွေ ရရှိပါစေ အမျှပေးဝေ မြင့်မြတ်တဲ့ဘုံဘဝကိုရောက်ရှိခံစားစံစားနိုင်ပါစေလို့ တောင်းဆုပတ္ထနာခြွေလျက်-

ချစ်ဇနီး-ဒေါ်ခင်ခင်ထွေးနှင့်
သားသမီးများ၊ မြေးများ

---

(၁)နှစ်ပြည့်အောက်မေ့ဘွယ်ရာဝတ်ပြုကိုးကွယ်ရန်ဖိတ်ကြားခြင်း

သိက္ခာတော်ရဆရာမကြီး ဒေါက်တာဒေါ်မေမေခင်
အသက်(၇၆)နှစ်
(၂၂-၅-၂၀၁၃)

လွတ်လပ်သောမက်သဒစ်အသင်းတော်များအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ လွတ်လပ်သောမက်သဒစ်အသင်းတော်များဖြစ်ကြသော (ရန်ကုန်၊ တွံတေး၊ ဝက်ချောင်း၊ လှိုင်သာယာ၊ ငမိုးရိပ်)တို့၏သင်းအုပ်ဆရာ(သိက္ခာတော်ရ ဆရာမကြီးဒေါက်တာဒေါ်မေမေခင်)ခေါ်တော်မူခြင်းခံရသည့်(၁)နှစ်ပြည့်အောက်မေ့ဘွယ်ရာ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အတူတကွပါဝင်ဝတ်ပြုကိုးကွယ်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - **၂၂-၅-၂၀၁၄(ကြာသပတေးနေ့)**
ကျင်းပမည့်အချိန် - **နံနက်(၉း၃၀)နာရီ**
ကျင်းပမည့်နေရာ - **လွတ်လပ်သောမက်သဒစ်အသင်းတော်(ရန်ကုန်)**
အမှတ်(၂၅၆)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

ဆရာဦးဝင်းတင်တစ်လပြည့်

မန်းတက္ကသိုလ်သတင်းထောက်ဘဝ၊ ဆရာနဲ့အတူလက်တွဲ လုပ်ကိုင်ခဲ့တဲ့ကာလတွေ အခုတော့အလုံးစုံ ပျက်သုဉ်းသွားရသလိုပါပဲဆရာ။

မြင့်လွင်သိန်း(ပျော်ဘွယ်)

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဦးဂေါ်ဒွင်ရွှေဝိုင်း (Gordon Shwe Waing)
အသက်(၇၆)နှစ်
လက်ထောက်စက်ရုံမှူး(ငြိမ်း)၊ စီးကရက်စက်ရုံ

ရန်ကုန်မြို့၊ အမှတ်(၂၅)၊ မပိုလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ (ဒေါက်တာဦးရွှေဝိုင်း-ဒေါက်တာဒေါ်ဒေစီ)တို့၏ သား၊ (ဦးထွန်းဖေ-ဒေါ်မြသန်းနု) တို့၏ သားသမက်၊ ဒေါ်ခင်စန်းနု (Dawn Htoon Pay)၏ ခင်ပွန်း၊ ဒေါက်တာဇော်ထွန်းဝိုင်း-ဒေါ်စစအောင်(နည်းပြ-မန္တလေးသူနာပြုတက္ကသိုလ်)၊ Prashant Datt-ဒေါ်ခိုင်ထွန်းဝိုင်း (Crystal)-(HP - Singapore) တို့၏ ကျေးဇူးရှင်ဖခင်ကြီး သည် ၁၉-၅-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါက်တာတင်ထွန်းအောင်(ခ) Willy Pe Than
(ပေါင်းလောင်းဆေးခန်းမှ ဆရာဝန်ကြီး)
(Saint Peter ကျောင်းသားဟောင်း)
အသက်(၇၀)

မန္တလေးမြို့၊ ဒါးတန်းရပ်၊ ၂၄လမ်း၊ ၈၃×၈၄လမ်းကြားနေ (ယခင်ပေါင်းလောင်းတည်းခိုခန်း) (ဟာဂျီဦးဖေသန်း-ဒေါ်တီတီ)တို့၏သားကြီး၊ (ဦးဂျော်နီဖေသန်း) ဟာဂျီဘော်ဘီဖေသန်း၊ ဒေါ်မြမြသန်း၊ ဒေါ်မိမိသန်းတို့၏ ချစ်လှစွာ သောအစ်ကိုကြီး၊ စာရေးဆရာ သက်ပိုင်ထွန်း(ခ)ဘော်နီ(ပြင်ဦးလွင်) ငယ်ငယ်၊ ပိုးနုဖြူ သီရိသိန်းမောင်(စည်သူသိန်းမောင်) ခင်ထားလင်း၊ နိုင်လင်းကိုတို့၏ ဦးလေးကြီးသည် ၁၅-၅-၂၀၁၄ ရက် ဇဟိုရ်အချိန်တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေအစ္စာရ်နမာဇ်အပြီးတွင် ပျဉ်းမနားမြို့ ကွေ့ကြီး ကဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်းနှင့် ရပ်နီးရပ်ဝေးဆွေမျိုး မိတ်သင်္ဂဟများမှ ဂျနသ်သုခဘုံရစေကြောင်း မာဖေ့ရသ်ဆုမွန်ဒိုအာပြုပေးပါရန် အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

(၉-၅-၂၀၁၄)ရက်စွဲပါ ကြေးမုံသတင်းစာတွင် တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဒေါ်ခင်အေးမူ(စဉ်-၅၃၉၇)နှင့်ဒေါ်ကြူကြူခိုင်(စဉ်-၉၁၁၂)တို့၏ ကြေညာချက်အပေါ်ပြန်လည်အသိပေးကြေညာခြင်း

လူကြီးမင်း၏ကြေညာချက်များမှာ ဖြစ်စဉ်မှန်များနှင့် ကွဲလွဲနေကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။လူကြီးမင်းအမှုသည်မှာ ကျွန်ုပ်အမှုသည်နောက်မှ အခင်းဖြစ်အိမ်မြေပေါ်သို့ရောက်ရှိလာပြီး ထိုသို့ရောက်ရှိသည့်အချိန်မှစ၍ ကျွန်ုပ်အမှုသည်၏ ကျွေးမွေး ပြုစုစောင့်ရှောက်မှုဖြင့် နေထိုင်လာသူဖြစ်ပါသည်။ဦးသာညိုရဟန်းဘဝသို့ မကူးပြောင်းမီကလည်း လူကြီးမင်းသို့ အိမ်နှင့်မြေအား လွှဲပြောင်းပေးခြင်းမရှိခဲ့ပါ။ ဦးသာညိုရဟန်းဘဝဖြင့် ပျံလွန်တော်မူသည့်အချိန်ထိ ကျွန်ုပ်အမှုသည်မှ ကြည့်ရှုစောင့်ရှောက်ခဲ့သူဖြစ်ပါသည်။ ယနေ့တိုင်အောင်လည်း ကျွန်ုပ်အမှုသည်သည် အခင်းဖြစ်အိမ်မြေ၌ပင် တရားဝင်သန်းခေါင်စာရင်းဖြင့် နေထိုင်လျက်ရှိပြီး၊လူကြီးမင်းအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုပါကလည်း ကျွန်ုပ်အမှုသည်ဘက်မှ ရင်ဆိုင်ရန် အသင့်ရှိကြောင်း ပြန်လည်အသိပေး ကြေညာအပ်ပါသည်။

အမှုသည်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၈၀)
ရုံးအမှတ်-တိုက်အမှတ်(၉/၁၁)၊အခန်းအမှတ်(၁၀၂/အီး)၃၆-လမ်းတို၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဝင်းဇော်
အသက်(၅၀)
ဆေးရုံအုပ်ကြီး
အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၊ ရန်ကုန်မြို့

ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းဇော်သည် ၁၂-၅-၂၀၁၄ရက်တွင် ရုတ်တရက်ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနမိသားစု

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
ဦးငွေသိန်း(၃)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
အသက်(၆၇)နှစ်

ရာသက်ပန်အသင်းဝင်အမှတ်(၉၅၆) ဦးငွေသိန်း(၃)သည် ၁၇-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါ ပို့ဆောင်ကြပါရန်။ (အသင်းတိုက်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဦးကျင်ထွေး
အသက်(၈၇)နှစ်
ရာသက်ပန်အသင်းဝင်အမှတ်(၃၆၉)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ အမှတ်(၈)နေ ဒေါ်အုန်းကျင်၏ ခင်ပွန်းသည် ၁၆-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၁၄ (တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

"Best Auto Co.,Ltd" ၏ မန်နေဂျင်းဒါရိုက်တာနှင့်အများသိစေရန်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ်(၂၉၂)၊မြေညီထပ်၊ GrB-2နေဒေါ်ခင်လှိုင်လှိုင်သာ၏လွှဲအပ်ညွှန်ကြားချက်များအရ အမှတ်(၉)တိုက်(အေ၊ဘီ၊စီ)ရွှေမြယာအိမ်ရာ၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင်ဖွင့်လှစ်ထားသော Best Auto Co.,Ltd(Taxi and sale Centre)သည် Suzuki Swift (2007)(ZC 11s-188340) အမျိုးအစား၊ ယာဉ်အမှတ်(၆ယ-၄၃၈၄)ကိုတန်ဖိုးငွေကျပ်သိန်း(၁၇၀)သတ်မှတ်လျက် ဒေါ်ခင်လှိုင်လှိုင်သာသို့ အရစ်ကျစနစ်ဖြင့် ရောင်းချပြီး ငွေကျေသည့်အခါတွင် ၁၂-၈-၂၀၁၃ရက်စွဲပါ "မော်တော်ကားရောင်းဝယ်ခြင်းစာချုပ်"ကိုပြုလုပ်ပေးလျက် ယာဉ်မှတ်ပုံတင်စာအုပ်ကိုမူ သက်တမ်းတိုးပြီးပေးအပ်မည်ဖြစ်ကြောင်းနှင့် ပျက်ကွက်သည့်ကာလများအတွက် နစ်နာကြေးများနှင့် ယာဉ်မှတ်ပုံတင်စာအုပ်ပေါင်းစပ်ပေးမည်ဆိုကာ အကြိမ်ကြိမ်ပျက်ကွက်၍ စုံစမ်းသည့်အခါ၌ ယာဉ်မှတ်ပုံတင်စာအုပ်ကို ဘဏ်တွင် ပေါင်နှံထားကြောင်းသိရှိရ၍ ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း သက်တမ်းတိုးပြီးသည့် ယာဉ်မှတ်ပုံတင် စာအုပ်နှင့်တကွ ပျက်ကွက်သည့်ကာလနစ်နာကြေးများကို ပေးအပ်ပါရန်နှင့်ပျက်ကွက်ပါက တရားဥပဒေများနှင့်အညီ ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း Best Auto Co.,Ltd၏ မန်နေဂျင်းဒါရိုက်တာနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်လှိုင်လှိုင်သာ၏လွှဲအပ်ညွှန်ကြားချက်များအရ-

ဒေါ်အက်စတာမြတ်ထွေး	**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၁)	**အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)**
LL.B,C.B.L,D.B.L,F.B.S,D.B.S.P,A.P.S.	

အမှတ်(၁၂)၊ (5-A)၊ နေကြာလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၃၀၈၂၁၈၇၊ ၀၉-၄၃၁၁၄၆၅၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အောင်မင်္ဂလာ(၃)လမ်း၊ အမှတ်(၅၆)နှင့်(၅၇)၊ ပေ(၆၄×၆၆)ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ(၂)ထပ်အုတ်ညှပ်အိမ်နှင့်အိမ်သုံးမီတာ(၂)အစီစိတွင်း(၂)တွင်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားပိုင်ဆိုင်သူ ဦးမင်းအောင် [၁၂/အစန(နိုင်)၀၀၂၇၀၄]မှရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံ၍ ဝယ်ယူသူ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းအောင် [၁၂/မဂဒ(နိုင်)၀၁၆၇၃၀]ကစရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်-

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမင်းအောင် B.A(Geog)	**ဒေါ်ခိုင်ဖြူဇော် LL.B**
Certificate in Business Law	**အထက်တန်းရှေ့နေ(စဉ်-၂၇၁၆၀)**

အိမ်ခြံမြေအကျိုးဆောင်(မြန်မာနိုင်ငံအိမ်ခြံမြေအဖွဲ့ဝင်အမှတ်-၀၄၂၉)
အမှတ်(၄၅/၅၅-ဒီ)လေဆိပ်လမ်းသွယ်(၁)၊ ၁၀မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၁၄၃၆၃၊ ၀၉-၃၁၈၁၂၃၁၇၊ ၀၉-၂၅၄၀၈၄၈၃၀၊ ၀၁-၆၅၅၈၉၈၊ ၆၅၅၈၀၉

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးစောသူမှုဟဲ

အသက်(၇၃)နှစ်

တပ်ဖွဲ့မှူး၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်သောတပ်ဖွဲ့၊ ဟောင်သရောအထူးဒေသ၊ ကရင်ပြည်နယ်

ဗိုလ်မှူးကြီးစောသူမှုဟဲ အသက်(၇၃)နှစ်သည် ၁၈-၅-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ၄နာရီတွင် ရန်ကုန်မြို့၊ ဝိတိုရိယ ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဖထီး၏မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာထွန်းမင်းလတ်-ဒေါက်တာဝင်းမင်းစိုးနှင့် သပြေသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မိသားစု

တစ်လပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

သတင်းစာဆရာကြီး၊စာရေးဆရာကြီး၊

ဟံသာဝတီဦးဝင်းတင် အယ်ဒီတာချုပ်ဟောင်း

ဟံသာဝတီသတင်းစာ(မန္တလေးမြို့)၊ သဘာဝတီအဖွဲ့ဝင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရိုသေလေးစားချစ်ခင်ရပါသော ကိုကြီးအတွက်ရည်စူး၍ ပြုလုပ်လျက်ရှိသောနေ့စဉ်နှင့်တစ်လပြည့်အလှူဒါနများအား ကိုကြီးရောက်လေရာဘုံဘဝ၊ ဘုံဌာနမှ သာဓုအနုမောဒနာခေါ် ဆိုနိုင်ပါရန် အမျှပေးဝေအပ်ပါသည်။

ကိုကြီးရေ-အမျှ အမျှ အမျှ ယူတော်မူပါ

သာဓု သာဓု သာဓု

စိန်ချယ်လမ်းနှင့်ပါရမီရိပ်သာမှကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်း ဒါယိကာမကြီး

ဒေါ်ကျင်ဟန် (၇၄)နှစ်

ဦးစိုးမြင့်ဦး(လ/ထညွှန်မှူး၊ သစ်တောဦးစီးဌာန၊ပြင်ဦးလွင်မြို့)-ဒေါ်ပြုံးပြုံးစန်းတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ကျင်ဟန်သည် ၂၀-၅-၂၀၁၄(အင်္ဂါနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **၁၉၈၆ခုနှစ်၊ သစ်တောကျောင်းဆင်းများ**

ဝမ်းနည်းကြေကွဲခြင်း

ဦးကြင်ဖေ (၇၂)နှစ်

ညွှန်ကြားရေးမှူး(ငြိမ်း)တရားရုံးချုပ်(ရန်ကုန်)

သူငယ်ချင်း ကျော်ကျော်လွင်၏ ဖခင် ဦးကြင်ဖေသည် ၁၈-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၅) ဗိုလ်လောင်းသင်တန်းမှ သူငယ်ချင်းများ

ဦးကျော်ဦး(မြိုင်)

အသက်(၈၅)နှစ်

အမှုဆောင်ဒါရိုက်တာ(ငြိမ်း)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

Engineering(New Course) ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ပင်လုံအိမ်ရာ၊မြနှင်းဆီလမ်း၊ အမှတ်(၃၅)နေ (ဦးညွန့်-ဒေါ်အိ)တို့၏ သားကြီး၊ (ဦးကျော်လေး-ဒေါ်တင်ဦး) ၏အစ်ကို၊ ဒေါ်သန်းသန်းစီ၏ခင်ပွန်း၊ ဒေါ်ဦးဦး၊ ဒေါက်တာစမ်းစမ်းဦး၊ ဦးဇော်နိုင်ဦး-ဒေါ်မိမိခိုင်တို့၏ဖခင်၊ ဦးကျော်ဆွေလင်း-ဒေါ်နီလာ၊ ဒေါ်သီတာဦးတို့၏ဦးကြီး၊ မောင်ဇော်လင်းထူး၊ မချမ်းမြေ့ဇော်တို့၏အဘိုးဦးကျော်ဦးသည် ၂၀-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ၅နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၅-၂၀၁၄ရက် နံနက်၇နာရီ မှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ဆွမ်းကျွေးတရားနာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်း(ရှမ်းတဲကြီး) အသက်(၇၀)

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ်(င/၂၄၃)နေ (ဦးကုလားကြီး-ဒေါ်အေးကြည်)၊ (ဦးထွန်းရင်-ဒေါ်လှကြည်)တို့၏သမီး၊ (ဦးချစ်)၊ (ဒေါ်ချစ်တင်)၊ ဒေါ်မိမိ၊ (ဦးရွှေလှိုင်)၊ ဒေါ်မြကျင်၊ (ဦးထွန်းရှိန်)၊ ဦးဝင်းကြည်၊ (ဦးခင်လှိုင်)၊ ဦးထွန်းရီတို့၏ ညီမ၊ ကိုနန်းယု၊ ကိုအောင်မိုး၊ ကိုစန်းယု၊ မသန္တာဝင်း၊ ကိုနန်းမြင့်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ ဦးအေး၏ ဇနီးသည် ၁၉-၅-၂၀၁၄ ရက် နံနက် ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်နီနီအောင်(မြင်းခြံ) (၄၅)နှစ်

(ပြည်ဟိန်းဇီးခွဲစက်၊ (ရွှေဆင်မင်းမြေသြဇာ)

မြင်းခြံမြို့နေ (ဦးစိုးခိုင်)-ဒေါ်ခင်ခင်တို့ ၏ သမီးလတ်၊ ရန်ကုန်မြို့နေ ဦးနေမျိုးဦး (M.D Kaung Ya Nant International Trading Co.,Ltd.) - ဒေါ်ဥမ္မာခိုင် (M.D Swan Ya Nant Co.,Ltd.)၊ ဦးကျော်သူရအောင် (ဟိန်းထက်အောင်ဇီးခွဲစက်)-ဒေါ်အေးမွန်ခင်တို့၏ညီမ၊ ဦးကျော်မြတ်မိုး-ဒေါ်ဇာလီခိုင်(ပြည်ဟိန်းဇီးခွဲစက်)တို့၏အစ်မ၊ မောင်ကောင်းထက်နေခိုင်၊ မောင်စွမ်းထက်နေခိုင်၊ မဆုဝေထိုက်၊မပိုးမြတ်ဟေသီ၊ မောင်ဟိန်းထက်အောင်၊ မဖူးမြတ်နေခြည်ကျော်၊ မချောမြတ်စန္ဒီဇော်တို့၏ အဒေါ်သည် ၁၉-၅-၂၀၁၄ရက် နံနက် ၉း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၅-၂၀၁၄(အင်္ဂါနေ့)တွင် မြင်းခြံမြို့ (ဆူးဖြူကုန်း)သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (ရက်လည်ဆွမ်းကျွေးတရားနာကို အမှတ် L 3 စကားဝါလမ်း၊ စက်မှုဇုန်၊ မြင်းခြံမြို့နေအိမ်၌ ၂၅-၅-၂၀၁၄ရက် နံနက်တွင် ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းအသင်းများအား အကြောင်းကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး

ဦးကိုကြီး(ဝါးခယ်မ)

ဗိုလ်ချုပ်စျေးသစ်

အသက်(၈၁)နှစ်

ဝါးခယ်မမြို့နေ (ဦးမောင်ညွန့်-ဒေါ်သန်း)တို့၏ သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်-၁၃၉၊ ၃၁ လမ်းနေ ဒေါ်အုန်းတင်၏ ခင်ပွန်း၊ (ဦးစစ်ဟန်-ဒေါ်လှကြင်)တို့၏ မောင်၊ ဒေါ်ခင်မြင့်၊ ဒေါ်စိန်စိန်၊ ဒေါ်ခင်မမ၊ ဒေါ်နွဲ့နွဲ့ရင်၊ ဦးမောင်မောင်ခန့်-ဒေါ်ဥမ္မာစန်း တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ ဒေါ်တင်မာရီ(ထ-ခွဲ၊ အလက(၂) ဗိုလ်တထောင်)၊ ဦးထွန်းထွန်းနိုင်(ဗိုလ်ချုပ်စျေးသစ်)၊ ဦးဇော်ဝင်းထူး-ဒေါ်ရင်ရင်အေး၊ ဦးထွန်းလင်းအောင်-ဒေါ်သီတာစိုး (မြင့်သဇင်ထွန်း-မင်္ဂလာဈေး)တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ တူ/တူမ ငါးယောက်တို့၏ ဘကြီး၊ မောင်မင်းသူခန့် (ခေတ္တ-စင်ကာပူ)၊ ဟန်လင်းထွန်း၊ မောင်ပြည့်မင်းခန့်၊ မပုံ့ပုံ့ တို့၏ ချစ်လှစွာသော ဘိုးဘိုးသည် ၂၀-၅-၂၀၁၄ (အင်္ဂါနေ့) နံနက် ၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးစိုင်းလိတ် (၇၅)နှစ်

ကျိုင်းတုံ/တာချီလိတ်

ကျိုင်းတုံမြို့၊ မြို့သစ်၊ လေယာဉ်ကွင်းလမ်း၊အမှတ်(၁၄/၃)နှင့် တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ အမှတ်(၁၇၁)နေ ဒေါ်နန်းရွှေစိန်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးစိုင်းကျော်သိန်း)၊ သီပေါမြို့နေ ဦးစိုင်းထွန်းလင်း-ဒေါ်နန်းမိုခမ်း၊ ရန်ကုန်မြို့နေ ဒေါက်တာ ကျော်တင့်-ဒေါ်နန်းဆိုင်ခမ်း (ခ) ဒေါ်နန်းမြင့်မြင့်ငွေ၊ တာချီလိတ်မြို့နေ (ဦးစိုင်းကျော်တင့်)-ဒေါ်နန်းအေးအေးကြိုင်၊ ဦးစိုင်းကျော်ဟန်-ဒေါ်လှအွန်၊ ဦးထွန်းထွန်းဝင်း-ဒေါ်နန်းကျိန်ခမ်း(နောင့်နောင့်)၊ ရန်ကုန်မြို့နေ မနန်းလောင်ခမ်း (Angel Fashion) တို့၏ဖခင်၊ မြေး၁၃ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၁၉-၅-၂၀၁၄ (တနင်္လာနေ့) ညနေ၆း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ်-၁၁/ဘီ၊အာသာဝတီလမ်း၊ အလုံနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ကြည် (၉၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်-၁၄၁(က)နေ (ဦးဘထွန်း-ဒေါ်ကောင်းဆင့်)တို့၏ သမီး၊ ဦးပြုံးချို-ဒေါ်သိန်းဦး၊ ဦးလှကြိုင်-ဒေါ်ပြုံးရည်(လှည်းကလေးနဲ့ဒိန်ချဉ်သယ်)၊ ဦးကျော်လင်း၊ ဦးချစ်ကိုကို-ဒေါ်ခင်စန်းရီတို့၏ မွေးသမိခင်၊ မြေး ၁၂ယောက်၊ မြစ် ၁၀ယောက်တို့၏ အဘွားသည် ၂၀-၅-၂၀၁၄ ရက် နံနက် ၁၁း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၄ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်ရီ(သံတွဲ)

အသက်(၈၇)နှစ်

ဗဟိုသုတေသန(ငြိမ်း)

သံတွဲမြို့နေ(ဦးစိန်ဗျန်-ဒေါ်ငွေဥ)တို့၏သမီး၊ (ဒေါ်သန်းမြင့်)၊ ဦးစံညိမ်း-(ဒေါ်သန်းကြည်)တို့၏ညီမ၊ (ဦးမြင့်စိုး)-ဒေါ်မြရွှေ၊ ဦးလှမြင့်-(ဒေါ်တင်တင်လှ)တို့၏အစ်မ၊ တူ၊ တူမ၁၃ယောက်တို့၏ အဒေါ်သည်၁၉-၅-၂၀၁၄(တနင်္လာနေ့) ည ၈း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) တွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၉(B)ရပ်ကွက်၊ အကောက်ခွန်(၁)လမ်း၊ အမှတ်(၂၈) နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး

ဒေါ်မြိုင်မြိုင်(မြင်းခြံ)(၈၂)နှစ်

မြင်းခြံမြို့နေ(ဦးတူ-ဒေါ်ကျန်)တို့၏သမီး၊ (ဒေါ်မမကြီး)(ဒေါ်မမလေး)တို့၏ညီမ၊ မလှိုင်မြို့နေ (ဦးကောင်း-ဒေါ်ပ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်-၃၇၊ အခန်း(၅)၊ ရန်ကင်းလမ်းသွယ်(၁)နေ ဦးခင်မောင် [ညွှန်ကြားရေးမှူး(ငြိမ်း)အလုပ်ရုံ နှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန] ၏ ဇနီး၊ ဦးကျော်ကျော်နိုင်-ဒေါ်လီလီခင်၊ ဦးထွန်းဦး-ဒေါ်နွယ်နီခိုင်၊ ဦးထွန်းထွန်းဦး-ဒေါ်နီနီခင်တို့၏ မိခင်၊ မောင်ဟိန်းနိုင်ဇော်(ခေတ္တ-စင်ကာပူ)၊မောင်အောင်ဘုန်းမြင့်တို့၏ အဘွား ဒေါ်မြိုင်မြိုင်သည် ၁၉-၅-၂၀၁၄ရက် ည၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၂၀-၅-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၅-၂၀၁၄ ရက် နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်မြတ်မြတ်သိန်း (၅၄)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ရေတွင်းလမ်း၊ (၁၉/က)နေ (ဦးအောင်သိန်း-ဒေါ်အုံးရီ)တို့၏သမီး၊ ဦးသန်းဝင်း-(ဒေါ်အေးသန်း)တို့၏သမီးချွေးမ၊ (ဦးရန်အောင်-ဒေါ်ကြည်မြင့်သိန်း)၊ ဦးသိန်းထိုက်-ဒေါ်ချိုချို (ဦးမြင့်ဆွေ)-ဒေါ်အေးမိခိုင်တို့၏ညီမ၊ ဦးမျိုးကြွယ်-ဒေါ်မြင့်မြင့်စိုး၊ ဦးတင်အောင် - ဒေါ်ထွေးထွေးသိန်း၊ဒေါ်နီနီဝင်းတို့၏အစ်မ၊ တူ/တူမ ကိုးယောက်တို့၏ အဒေါ်၊ ဦးဝင်းလှိုင်မိုး၏ဇနီး ဒေါ်မြတ်မြတ်သိန်းသည်၁၉-၅-၂၀၁၄ရက် ည ၁၁း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများနံနက်၁၁နာရီတွင် ထွက်ပါမည်။) [၂၅-၅-၂၀၁၄ရက် နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မောင်ကျော်ဇေယျဟိန်း(၁၄)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ အမှတ်(၁၉၆)၊ (၁၁)လမ်းနေ (ဦးပုစိန်) - ဒေါ်အုန်းရင်၊ (ဦးသိန်း-ဒေါ်အုန်းတင်)တို့၏ မြေး၊ ဦးထွန်းအေး-ဒေါ်ချိုချို(ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ အထက်တန်းသူနာပြု)တို့၏သား၊ (ဦးမြအေး)- ဒေါ်သန်းသန်းငွေ၊ ဦးခင်မောင်ဝင်း-ဒေါ်တင်တင်အေး၊ ဦးသန်းဇော်-ဒေါ်ခင်စန်းမြင့်၊ ဦးသိန်းဇော်ဦး-ဒေါ်သန်းသန်းအေး၊ ဦးမောင်စိုး(ဆသရ)-ဒေါ်လှလှငွေ၊ (ဦးသိန်းထွန်း)-ဒေါ်သန်းသန်းရီ၊ ဦးအုန်းမြင့်-ဒေါ်မို့မို့ခင်၊ ဒေါ်အေးမြင့်၊ ဒေါ်မာမာဦးတို့၏တူ၊ မဝိုင်းရွှေရည်ထွန်း၏ အစ်ကိုသည် ၂၀-၅-၂၀၁၄ ရက် နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၄ ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဗိုလ်မှူးကြီးသူရအောင်ဖေ(ငြိမ်း)

(BC-3592)

လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)

တရားသူကြီးချုပ်ဥက္ကဋ္ဌ(ငြိမ်း)၊ နိုင်ငံတော်ကောင်စီဝင်(ငြိမ်း)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အမှတ်-၃၂(စီ)၁၊ ပြည် လမ်း၊ ခြောက်မိုင်ခွဲနေ (ဒေါ်ခင်ခင်အေး)၏ ခင်ပွန်း၊ ပါမောက္ခဒေါက်တာ ဦးအေးအောင်-ဒေါ်ခင်မာကြည်ဝင်း၊ (ဦးမျိုးအောင်)-ဒေါ်နွယ်နီလှိုင်၊ ဒေါ်စန္ဒာအောင်-(ဒုတိယဗိုလ်မှူးကြီးသက်ညွန့်ထင်)တို့၏ ဖခင်၊ မမေသန္တာ၊ (မောင်ကျော်ကျော်သက်)၊ မောင်သက်အောင်တို့၏ အဘိုးသည် ၁၉-၅-၂၀၁၄ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၅-၂၀၁၄ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၅-၂၀၁၄(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

ဒေါ်ကျင်ဟန် (၇၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကျွဲခြံကျေးရွာနေ (ဦးစံတင်-ဒေါ်သန်း)တို့၏ သမီး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ မြောက်ပိုင်း(၁)လမ်း၊ တိုက်(၂)၊ အခန်း(၄)နေ ဦးကျော်လှိုင်၏ ဇနီး၊ ဦးသိန်းရွှေ(လ/ထ ညွှန်မှူး၊ မွေးကူဦးစီးဌာန)- ဒေါ်အေးအေးပြုံး၊ ဦးစိုးမြင့်ဦး(လ/ထ ညွှန်မှူး၊ သစ်တောဦးစီးဌာန၊ ပြင်ဦးလွင်မြို့)-ဒေါ်ပြုံးပြုံးစန်း၊ ဒေါ်မြင့်မြင့်သန်း၊ ဦးမျိုးဝင်းထွန်း-ဒေါ်မိမိလှိုင်၊ ဦးမင်းမင်းငွေ-ဒေါ်ဇင်ဇင်လှိုင်တို့၏ မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၀-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၄(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၄(တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးစိုးမြင့်ရှိန်

အသက်(၆၀)

(B.A, Hist:) မော်လမြိုင်တက္ကသိုလ်ကျောင်းသားဟောင်း

ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊

ပြည်ရိပ်မွန်အိမ်ရာကော်မတီဥက္ကဋ္ဌနှင့်ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ လမ်းသစ်လမ်း၊ အမှတ်(၉၂)နေ (ဦးမောင်တင်-ဒေါ်ရင်ကြည်)တို့၏ သား၊ ဒေါ်ထားထားရီ၊ ဦးအောင်မြင့်-ဒေါ်မြဝင်း တို့၏ ညီ/မောင်၊ ဒေါ်စန်းနွဲ့ကြည်၊ ဒေါ်အေးနွဲ့ကြည်၊ ဒေါ်အုန်းနွဲ့ကြည်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၆)၊ အခန်း(၆)နေ ဦးစိုးမြင့်ရှိန်သည် ၂၀-၅-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၀း၂၅ နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးကူဟိုက်ရှင်း (၈၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အရှေ့အောင်မြေသာစည်အိမ်ရာ၊တိုက်(၁) အခန်း(၁၀၃)နေ ဒေါ်လျှုကြူရင်(ကြံ့မေ) ၏ခင်ပွန်း၊ ဦးရှောက်ဝေ-ဒေါ်ကံမြင့်၊ ဦးကြည်ထွန်း-ဒေါ်စန်းစန်း၊ ဦးရဲ့မေလုံ-ဒေါ်ရင်ရင်၊ ဒေါ်သန်းသန်းဝင်း(ခ)ကျိမ်းကျိမ်း၊ ဦးမောင်မောင်ရီ-ဒေါ်ဝင်းမာလှင်တို့၏မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုး ဦးကူဟိုက်ရှင်းသည် ၁၉-၅-၂၀၁၄(တနင်္လာနေ့) ည ၇း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၁၄ (တနင်္ဂနွေနေ့) နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယကာကြီး

ဦးနိုင်စိုး(ခ)ဦးသာဇံ(ပုသိမ်)

(စား/ထွေ)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ကြာနီလမ်း၊ အမှတ်(၁၀၈၄)နေ (ဦးမောင်လှ-ဒေါ်ထွေးကြည်) တို့၏ သား၊ ဒေါ်ဝင်းကြည်၏ ခင်ပွန်း၊ဦးဝင်းမင်းသိန်း (Chief Officer)-ဒေါ်အေးမိမိစိုး(ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ လယ်/ဆည်)၊ဦးအောင်နိုင်စိုး-ဒေါ်အေးအေးမူ (ဌာနစုမှူး၊ ရန်ကုန်မြို့တော်စည်ပင်)၊ဦးဝင်းနိုင်စိုး(Director, KINDNESS CO.,Ltd.) - NICOLE HOON. Mr.PAUL TAN(Snr Project Manger)-ဒေါ်ဝင်းပပစိုး (MANAGING DIRECTOR, ROYAL QUEEN TRAVEL & TOUR)၊ ဒေါ်မင်းပပစိုး (FINANCE MANANGER, MACHINERY & SOLUTIONS Co.,Ltd.)တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၉-၅-၂၀၁၄ရက် ည ၁၁း၀၅ နာရီတွင် OSCဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၄ ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ ညနေ ၄း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၅-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ဖော်ပြပါ နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယိကာမကြီး

ဒေါ်တင်မေ(လှိုင်ကော်)

အသက်(၉၀)

လှိုင်ကော်မြို့၊ မင်းစုရပ်ကွက် အမှတ်-၄၄(ခ)နေ (ဦးခမ်းအူ-ဒေါ်နန်းခမ်း)တို့၏သမီး၊ (ဦးသာရှင်း-ဥက္ကဋ္ဌ၊ ဒေသပါတီကော်မတီ)၏ဇနီး၊ ဒေါ်ခင်မေဦး၊ ဦးခင်မောင်လတ်-ဒေါ်အိရွှေ၊ ဦးခင်မောင်ထွေး-ဒေါ်ခင်မေထူး၊ ဦးမြင့်သိန်းဖြူ-ဒေါ်ခင်မေအေး၊ (ဦးသိန်းအောင်)-ဒေါ်ခင်မေငွေ၊ အရှင်ဝါယာမ(ဦးခင်မောင်လေး) (မဟာစည်သာသနာ့ရိပ်သာ-လှိုင်ကော်)၊ ဒေါက်တာကြည်လင်း-ဒေါ်ဝင်းမာထွေးတို့၏မွေးသမိခင်၊မြေး၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်တင်မေသည်၁၉-၅-၂၀၁၄(တနင်္လာနေ့) ညနေ ၄း၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၁-၅-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီ တွင် လေးမိုင်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်၊ကျောင်းဒါယကာ

ဦးစစ်ဟန်(နာယကကြီး)

အောင်ဇေယျအိမ်ရာဂေါပကအဖွဲ့

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ်(၇)၊ အခန်း(၁၀၃)နေ ဦးစံခိုင်-ဒေါ်ကျင်ရွှေတို့၏ စတုတ္ထသား၊ ဦးဘချစ်-ဒေါ်ဖွားတင်တို့၏ သားသမက်၊ (ဦးစောလွင်-ဒေါ်သန်းကြည်)၊ (ဦးတင်ဝင်း-ဒေါ်ခင်ရွှေ)၊ (ဦးစန်းလှိုင်-ဒေါ်ပြုံး)၊ ဒေါ်ခင်အုန်းမြင့်တို့၏ညီ၊ ဦးသောင်းရွှေ-ဒေါ်ခင်အေး (ဩစတြေးလျ)၊ ဒေါက်တာမောင်မောင်ရှိန် (တိုင်းဦးစီး၊ ငြိမ်း)-ဒေါ်လေးသက်၊ (ဦးဇော်မင်း)-ဒေါ်မြင့်မြင့်ရီ၊ (ဦးသန်းလွင်-ဒေါ်ခင်ရီ)၊ ဒေါက်တာဇော်မိုးခိုင်-ဒေါ်ညွန့်ညွန့်သိန်းတို့၏ အစ်ကို၊ (ဦးသိန်းဟံ-ဒေါ်ညွန့်ညွန့်တင်)တို့၏မောင်၊ ဦးမြသွင်(ဦးစီးမှူး၊ စစစ-ငြိမ်း)-ဒေါ်စန်းစန်းသွင်၊ ဦးမြလွင်(ဦးစီးမှူး၊အား/ကာ၊ငြိမ်း)-ဒေါ်လှလှဝင်း(လ/ထကထိက၊ယဉ်ကျေးမှုတက္ကသိုလ်၊ ငြိမ်း)၊ (ဦးမောင်စိုး)-ဒေါ်မြစိန်၊ ဦးသောင်းစိန်-ဒေါ်ကြည်ကြည်ငွေတို့၏အစ်ကို၊ ဦးစိုးညိုဟန်-ဒေါ်တင်တင်အုန်း၊ ဒေါ်အေးအေးညိုဟန်၊ ဦးမိုးညိုဟန်တို့၏ မွေးသဖခင်၊ ကိုသန်းထိုက်အောင်-မငုဝါအောင်၊ မောင်မင်းသူစိုးတို့၏အဘိုး၊ မောင်စည်သူလင်းထိုက်၏ ဘိုးဘိုး၊ ဒေါ်ညိုညိုအေး၏ ခင်ပွန်း ဦးစစ်ဟန်သည်၂၀-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကောဝိဒ(ရှမ်းပြည်နယ်သံဃာ့ဝန်ဆောင်ဆရာတော်)

သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်

ရှမ်းပြည်နယ်၊ ပြည်နယ်သံဃာ့ဝန်ဆောင်ဆရာတော်ကြီးဖြစ်တော်မူသော သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်ရှိတော်မူသော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ မြို့ဦးသီရိမင်္ဂလာကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တကောဝိဒသည် (၁၃၇၆ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်) ၁၉-၅-၂၀၁၄(တနင်္လာနေ့) ညနေ ၃း၀၄ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၅-၅-၂၀၁၄ (တနင်္ဂနွေနေ့) ည ၇ နာရီတွင် အဆိုပါကျောင်းတိုက်၌ အန္တိမအဂ္ဂိစျာပနအခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမတို့အား ကြွရောက်နိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။ စျာပနဖြစ်မြောက်ရေးကော်မတီ

အန္တိမအဂ္ဂိစျာပနသာဓုကီဠနပူဇာသဘင်ရက်ကြော်ငြာခြင်း

ဘဒ္ဒန္တကောသလ္လ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)

(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ ပဋ္ဌိတက္ကသိုလ်အောင်မင်္ဂလာတိုက်သစ်ကြီး၏ ဦးစီးပဓာန မဟာနာယက ဆရာတော် ဘဒ္ဒန္တကောသလ္လ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဆရာတော်ကြီး၏ စျာပနအခမ်းအနားကို (၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်) ၂၄-၅-၂၀၁၄(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် စတင်ကျင်းပပြီး မွန်းလွဲ ၂ နာရီတွင် ရုပ်ကလာပ်တော်ကို အောင်မင်္ဂလာကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ပင့်ဆောင်၍ ညနေ ၄ နာရီ အန္တိမအဂ္ဂိစျာပနသာဓုကီဠနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြား သိစေအပ်ပါသည်။ စျာပနကော်မတီ

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကောသလ္လ

သိက္ခာတော်(၅၈)ဝါ၊သက်တော်(၇၈)နှစ်

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

ဒေးဒရဲ-တော်လှ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ ပဋ္ဌိတက္ကသိုလ်၊အောင်မင်္ဂလာစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တကောသလ္လဆရာတော်ကြီးသည် (၁၃၇၆ခုနှစ် ကဆုန်လဆန်း ၁၂ရက်)၁၀-၅-၂၀၁၄(စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၄-၅-၂၀၁၄(စနေနေ့) ညနေ ၄နာရီအန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင်ကို ထိန်ပင်သုသာန်၌ ကျင်းပမည်ဖြစ်ပါကြောင်း ဒေးဒရဲအသင်းသူ/အသင်းသားများနှင့် ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ (အလုံ အောင်မင်္ဂလာကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်) ဒေးဒရဲမြို့နယ်အသင်းအမှုဆောင်အဖွဲ့

ဦးတင်စွမ်(တပ်ကြပ်ကြီး-ငြိမ်း)

(ထားဝယ်-လောင်းလုံး၊ ကဒက်ကြီးကျေးရွာ)

အသက်(၈၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ကဒက်ကြီးကျေးရွာနေ (ဦးကျင်ရှည်-ဒေါ်မြရှင်)တို့၏ သား၊ ဒေါ်စွမ်တင်၏မောင်၊ (ဒေါ်သန်းတင်)၊ ဦးယုစိန်တို့၏အစ်ကို၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ပင်းယလမ်း၊ အမှတ်(၇၃၇)နေ (ဦးငွေစိန်အောင်)-ဒေါ်နှင်းဖြူတို့၏ သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ အမှတ်(၇)၊ ခြောက်လွှာ(စီ)နေ ကိုအောင်ဇင်(ပန်းလှိုင်ဂေါက်ကွင်း)၊ ကိုအောင်မိုးတင်(ခေတ္တ-စင်ကာပူ)-မတူးမာ၊ ကိုချိုရည်ဦး-မမိုးမိုးလွင် တို့၏ ဖခင်၊ မခြူးမြတ်မိုး၊ မအေးမြတ်နိုး၊ မဇင်မြတ်နိုး(ခ)မနှင်းဦးလွင် တို့၏ ဘိုးဘိုးကြီး၊ ဒေါ်စိန်ညွန့်ဖြူ၏ ခင်ပွန်း ဦးတင်စွမ်သည် ၂၀-၅-၂၀၁၄ ရက် နံနက် ၁၁း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကျောင်းကြီးလမ်း နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၅-၂၀၁၄ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်သန်းစိန် အသက်(၇၀)

ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နယ်၊ သာယာကုန်းကျေးရွာနေ (ဦးစိန်လင်း- ဒေါ်အမာစိန်)တို့၏သမီးကြီး၊ ဦးအောင်ကြီး၏ဇနီး၊ ဒေါ်ခင်စိန်-(ဦးလှမိုး)၊(ဦးကျော်ငွေး)-ဒေါ်သီနွယ်စိုး၊ (ဦးကျော်အေး)-ဒေါ်လှမြင့်၊ဦးမောင်မောင်ထွေး -ဒေါ်ငွေးရီ၊ ဦးဖေသိန်း-ဒေါ်တင်တင်စိန်တို့၏အစ်မကြီး၊ ဦးခိုင်ဝင်းအောင်-ဒေါ်မိုးဥမ္မာဦး၊ ဦးမိုးအောင်-ဒေါ်နီနီအောင်၊ ဒေါ်မြသီတာအောင် ဒေါ်ခင်စန္ဒာအောင်တို့၏မိခင်၊မြေးလေးယောက်တို့၏အဘွားသည် ၂၀-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

ဦးခင်မောင်မြင့် (၆၈)နှစ်

(အောင်သပြေဘက်ထရီ၊ ဒိုင်နမိုပြုပြင်ရေး)

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်၊ ရွှေတံငါရပ်၊ (၃၇)လမ်း၊ (၈၃×၈၄)လမ်းကြားနေ (ဦးချစ်မြ-ဒေါ်အောင်)တို့၏ သား၊ (ဦးချစ်ထွန်း-ဒေါ်သန်းကြည်)တို့၏ သားသမက်၊ ဦးလှအုန်း-ဒေါ်သန်းခင်တို့၏ မောင်၊ ဒေါ်သန့်သန့်၊ ဒေါ်ခင်မျိုးအေး၊ ဦးဝင်းငွေး-ဒေါ်သီတာ၊ ဒေါ်စုစုမြင့်တို့၏ ဖခင်၊ မောင်နေဝင်းထွန်း၏ အဘိုး၊ (ဒေါ်တုတ်တုတ်)၏ ခင်ပွန်းသည် ၂၀-၅-၂၀၁၄(အင်္ဂါနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဗိုလ်မှူးဝုန်စွမ်းထန်(ငြိမ်း) (၆၄)နှစ်

YCCF, Tawmging beh, Saizang Khuapi

BC 17820, OTS (65)

တာမွေမြို့နယ်၊ ငွေကြွယ်(က)ရပ်ကွက်၊ အသောကလမ်း၊ တိုက် ၉/၆ လွှာ(ဘီ)နေ ဒေါ်ထွမ်းဇကျင်း၏ ချစ်လှစွာသောခင်ပွန်း၊ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဆိုင်းဇန်ရွာနေ (ဦးအွန်ဇခမ်-ဒေါ်နိန်ဇကျိန်)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နေ (ဦးဝုန်ဇခမ်)-ဒေါ်ဒိမ့်ဇဂိုးတို့၏သားသမက်၊ ဒေါ်ဇိုဇဒိမ့်-(ဦးဗျာလ်ခိုပေါင်)၊ ဒေါ်ပုမ်ဇနိန်-ဦးပေါင်ဇထောင်း၊ ဦးလျန်ဇထန်-ဒေါ်ဇို ခန့်ဇင်၊ ဦးဂင့်ဒိုးလန်-ဒေါ်ကျိန်ခန့်ရှင်း၊ ဦးခုပ်ဇဒါးလ်-ဒေါ်ကိမ်ခန့်ကျိန် တို့၏ ညီ/မောင်၊ ဦးဂင့်ဒိုးနန်(မမ္မဆရာ)-ဒေါ်ကိုင်းဒိုးလွန်း၊ ဒေါ်နိန်လျန်းညောင်-အရာခံဗိုလ်တွာလ်ကျင့်ပေါင်(ငြိမ်း)တို့၏အစ်ကို၊ မစီစီလျားကျိန်ဟောက်ဝုန် (ပင်လုံဆေးရုံ)၊ ဒေါ်မော်နီကားဂိုလွန်းကျိန်-ဦးကျင့်လမ်းဒါးလ် (USA)၊ မမေရီ ဒိမ့်အင်းညောင်(နည်းပြ၊ ကွန်ပျူတာတက္ကသိုလ်၊ ပြည်)တို့၏ မွေးသဖခင်သည် ၁၈-၅-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၅-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အထက်ပါ နေအိမ်၊ ဖာတီမာဘုရားကျောင်း (မြေနီကုန်း)၊ ဇမာန္တေလဘုရားကျောင်းရှေ့(ဆူးလေ) နှင့် ပိတောက်ကွေ့မှတ်တိုင် (ယုဇန)တို့မှကားများ နံနက် ၈း၃၀ နာရီထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်မလိုဘဲ ပြည်ထောင်စု၏လုပ်ပိုင်ခွင့်အတွင်းမှ ဆောင်ရွက်နိုင်သော ကိစ္စရပ်များ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်လိုအပ်သောကိစ္စရပ်များကို ခွဲခြားဆွေးနွေးကြရန်လိုအပ်

နေပြည်တော် မေ ၂၀

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ဇယား (၁)၊ (၂)နှင့် ဇယား(၅) လေ့လာသုံးသပ်ရေးနှင့် ဥပဒေရေးဆွဲရေးကော်မတီဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။(အောက်ပုံ)

အစည်းအဝေးသို့ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝင်းထွန်း၊ ဦးအုန်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါ်မြတ်မြတ်အုန်းခင်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဝန်ကြီးဌာနများသည် ယင်းတို့လက်အောက်ရှိ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲနိုင်ရန်အတွက်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ဒေသများ၏ ရငွေ၊ သုံးငွေပေါ်မူတည်ပြီး ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက် ခွဲဝေသုံးစွဲရာ၌ လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရေးအတွက် ဥပဒေပေါ်ပေါက်လာစေရန် လည်းကောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ဇယား(၁)၊(၂)နှင့် (၅)ပါ ပြဋ္ဌာန်းချက်များကို ပီပီပြင်ပြင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ ဟန်ချက်ညီညီ လုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့၏ ၃ နှစ်တာကာလ အတွေ့အကြုံများကို အခြေခံကာ သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်သွားရမည့် အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲရမည့်အချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် မလိုဘဲ

စာမျက်နှာ ၅ ကော်လံ ၅ သို့ ☆

ယနေ့ မာတိကာ

ကျောင်းအပ်နှံရေး အားလုံးပါဝင်ဆောင်ရွက်ပေး စာမျက်နှာ - ၂

ဟာဝိုင်ယီ သိပ္ပံပညာရှင်များ ပင်လယ်ရေအောက်မီးတောင် ရှာဖွေတွေ့ရှိ စာမျက်နှာ - ၄

သတိမူစရာ ဤအခါ စာမျက်နှာ - ၆

မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများ အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် မေလကုန်မှစတင်၍ ထုတ်ချေးပေးတော့မည် စာမျက်နှာ - ၈

အမှတ်တရ ဆရာကြီး ဦးသုခ စာမျက်နှာ - ၁၂

အေအက်ဖ်စီဖလား ဒုတိယပွဲစဉ် မြန်မာနှင့် ပါလက်စတိုင်းယှဉ်ပြိုင်မည်

ရှိုင်းထက်ဇော်

မော်လ်ဒိုက်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် 2014 AFC Challenge Cup ပြိုင်ပွဲအုပ်စု(က)ဒုတိယပွဲစဉ်များကို မေ ၂၁ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းမှာ ပါလက်စတိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ❐

မေ ၁၉ ရက်ည ပွဲစဉ်တွင် မြန်မာနှင့် မော်လ်ဒိုက်တို့ အကြိတ်အနယ်။

တောင်သူလယ်သမားများ အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ရရှိမည့်အခွင့်အရေး နိုင်ငံတော်က စီစဉ်ဆောင်ရွက်နေ

နေပြည်တော် မေ ၂၀

တောင်သူလယ်သမားများ၏ စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့် ငွေကြေး အရင်းအနှီးကို အတိုးနှုန်းသက်သာစွာဖြင့် ရရှိနိုင်ရေးအတွက် မိုးချေးငွေ၊ ဆောင်းချေးငွေနှင့် မိုးကြိုချေးငွေများကို ရာသီအလိုက် နိုင်ငံတော်မှ နှစ်စဉ် ထုတ်ချေးပေးလျက်ရှိသည်။

ယင်းသို့ နိုင်ငံတော်က ထုတ်ချေးခဲ့ရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်က စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၁၅၆ ဒသမ ၀၅၂ ဘီလီယံကို ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်က ထုတ်ချေးပေးခဲ့ပြီး ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း တောင်သူလယ်သမားများ စိုက်ပျိုးချိန်ရာသီအမီ ထုတ်ချေးပေးနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိရာ မိုးချေးငွေအား မေလကုန်နှင့် ဇွန်လအတွင်း ထုတ်ချေးပေးသွားမည်ဖြစ်သည်။

ယခင်က တောင်သူလယ်သမားများ၏ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က နှစ်စဉ်ထုတ်ချေးပေးခဲ့သော်လည်း ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၉၈၃ ဒသမ ၅၇၇ဘီလီယံကို ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ထုတ်ချေးမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ တာဝန်ခံကြီးကြပ်မှုဖြင့် တောင်သူလယ်သမားများလက်ဝယ်သို့ အချိန်မီရောက်ရှိရေး တိုက်ရိုက်ထုတ်ချေးသွားမည်ဖြစ်သည်။

တောင်သူလယ်သမားများကို ထုတ်ချေးခဲ့သည့် စိုက်ပျိုးစရိတ်ချေးငွေကို ယခင်က ငွေ ၁၀၀ ကျပ်လျှင် တစ်နှစ်အတွက် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်း (တစ်လလျှင် ၇၁ ပြားနှုန်း) ကောက်ခံလျက်ရှိရာမှ ယခု ၂၀၁၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေမှစတင်၍ ငွေ ၁၀၀ ကျပ်လျှင် တစ်နှစ်အတွက် အတိုးနှုန်း ၅ ရာခိုင်နှုန်း (တစ်လလျှင် ၄၂ ပြားနှုန်း)ဖြင့် တောင်သူလယ်သမားများ ကုန်ကျစရိတ်သက်သာစေရေးကို ရှေးရှု၍ နိုင်ငံတော်က ထုတ်ချေးပေးမည် ဖြစ်သည်။

စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စေရေးအတွက် ထုတ်ချေးမည့်လုပ်ငန်းစဉ်များကိုမူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများက တာဝန်ယူထုတ်ချေးပေးသွားမည်ဖြစ်သည်။

တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီရရှိရေးနှင့် အတိုးနှုန်းသက်သာစွာဖြင့် ချေးယူနိုင်ရေးအတွက် နိုင်ငံတော်မှ အလေးထားဆောင်ရွက်ပေးနေသကဲ့သို့ တောင်သူလယ်သမားများဘက်မှလည်း ချေးယူထားသော စိုက်ပျိုးစရိတ်ချေးငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီ အပြည့်အဝပြန်လည်ပေးဆပ်ကြရန်လည်း လိုအပ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂဏန်း
Ph: 09-5418126

IMCS LTD
Service Engineering
CISCU
CCNA ရှုမှတ်ပြည့် (1000)
(Lab Support : CCIE Level Devices)
OTHER COURSES
MCSA CCNA A+
CEH CCNP N+
CSCU AUTOCAD ASP
SERVER M&E PHP
Service Developer DYNAMIC WEB
ANDROID Developer
Facebook.com/imcscompany

ပညာမြင်းမိုရ်
ပုဂ္ဂလိကအထက်တန်းကျောင်းနှင့် ကျောင်းသား/သူသီးသန့်အဆင့်မြင့်ဘော်ဒါ
ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ် ကက-၁၃/၀၉/၀၂၈
❖ ကျောင်းကြို/ပို့ရှိသည်။
၉တန်း မှ ၁၀တန်း အထိ အတန်းများ စတင်ဖွင့်လှစ်ပြီ။
၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကြိုတင်လက်ခံပါပြီ။
❖ ၉ တန်း ၁၀ တန်း ကျွမ်းကျင် Guide အလုံရှိသည်။ ❖
Ph : 09-31233275, 01-562830, 09-73004720, 09-5001158.

ပျောက်ဆုံး
မောင်ညက်လင်းအောင်[၁၂/လသန(နိုင်)၀၂၇၈၀]တို့၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ၀၉-၅၀၁၆၄၄၆

စာအုပ်စာပေလူ့မိတ်ဆွေ

GETC
Taught by well-qualified & experienced Native & Local Instructors
Communicative English
General English
IELTS
Foundation English Program
Business English
Opening in May
Special Discount!
537895,502775 549590 www.getc-languageschool.com

ကိုရီးယားသွားသည့်သူများနှင့် ကိုရီးယားဘာသာစကားကို စိတ်ပါဝင်စားသူများအတွက် စာအုပ်ထုတ်ဝေခဲ့သည့် ဆရာ
JIN SEON (ကျိုးန်ဆောင်း)
B.A, Korean(YUFL)
ကိုရီးယားအခြေခံသဒ္ဒါနှင့် စကားပြောသင်တန်း
EPS- TOPIK သင်တန်း

မြစ်မခ အပြည်ပြည်ဆိုင်ရာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
အရောင်းခန်းမတွင်-
♦ ဘိလပ်မြေနှင့် Smart Board များ
♦ ကြွေပြားနှင့် ရေချိုးခန်းသုံးပစ္စည်းအမျိုးမျိုး
♦ ကွန်း ကြမ်းခင်းနှင့် ကွန်းတံခါးအမျိုးမျိုး
♦ အိမ်သုံးမီးနှင့် အလှဆင်မီးအမျိုးမျိုးတို့ကို ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
အမှတ်(၂၄)၊ သီရိမွန်(၈)လမ်းနှင့်ဘုရင့်နောင်လမ်းထောင့်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၉၆၈၈၈၈၃-၅၊ ၀၁-၅၂၈၆၄၁၊ ၀၉-၄၃၂၀၂၅၂၄၊
၀၉-၂၅၉၀၇၀၉၈၉

N-3
ကိုယ်ပိုင် အထက်တန်းကျောင်း
(Private and Boarder)
Ph: 09-420046938, 09-421167047, 09-73180267

ကန့်ကွက်နိုင်ပါသည်

စိုးစံ(လင်း) အိမ်၊ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ

ရုံးချုပ် – ☎ – 510760, 510940, 510950, 500643, 502517, 2304311

ပေါက်ရုံးခွဲ – ☎ – 01-552742/559320, 09 5060938, 09 5060940, 09 8634090, 09 73100980

ကန့်ကွက်နိုင်ပါသည်

စိုးစံ(လင်း) အိမ်၊ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ

ရုံးချုပ် – ☎ – 510760, 510940, 510950, 500643, 502517, 2304311

ပေါက်ရုံးခွဲ – ☎ – 01-552742/559320, 09 5060938, 09 5060940, 09 8634090, 09 73100980

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (ပေါင်းလောင်း/လှော်ကား)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	D.D.P
(က)	10/DHPI/Geology Spare/2014-2015	Spare Parts for Geological Machinery	1 Lot	ပေါင်းလောင်း
(ခ)	11/DHPI/H-Beam/2014-2015	H-Beam 200mm×102mm× 9 mm _×11.4mm(L-12m)	200 Tons	လှော်ကား
(ဂ)	11/DHPI/H-Beam/2014-2015	H-Beam 150mm×150mm× 7 mm×10 mm(L-12m)	715 Tons	လှော်ကား

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့်ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အား သီးခြားစီ ချိပ်ပိတ် ၍ ၄-၆-၂၀၁၄ရက် ၁၂နာရီတွင် နောက်ဆုံးထား၍တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ(Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (ပေါင်းလောင်း/လှော်ကား)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	D.D.P
(က)	06/DHPI/Deformed Bar/2014-2015	Deformed Bar(G-60) (Ø32mm)(L-12m)	1000 Tons	ပေါင်းလောင်း/ လှော်ကား
(ခ)	07/DHPI/Pozzolan Mechanical/2014-2015	Pozzolan Mechanical Spare Parts	1Lot	ပေါင်းလောင်း
(ဂ)	08/DHPI/Pozzolan Electrical/2014-2015	Pozzolan Electrical Spare Parts	1Lot	ပေါင်းလောင်း

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့်ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အား သီးခြားစီ ချိပ်ပိတ်၍ ၂၈-၅-၂၀၁၄ရက် ၁၂နာရီတွင် နောက်ဆုံးထား၍တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ(Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ်(Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆

ဆရာဦးမင်းသိန်း

နေ့ဖွားဗေဒင်

AUTRON နားကြားကိရိယာ

Digital

Computer program

Earplug

Battery

Audiometer

Otoscope

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ အောက်ဖော်ပြပါမြို့နယ်များတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရန်အတွက် စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း ဖြစ်ပါသည်-

(က) ၅ယူနစ်(၂)ထပ်ရုံးအဆောက်အအုံ(၆၅×၅၂×၂၆)ပေ၊ လွိုင်လင်၊ လဲချား၊ နမ့်စန်၊ ကွန်ဟိန်း၊ မိုင်းရှူး၊ တာချီလိတ်၊ မိုင်းခတ်၊ မိုင်းရယ်၊ မိုးမိတ်၊ မန်တုံ၊ ဟိုပန်၊ ကွမ်းလုံ။

(ခ) ၂ယူနစ်(၂)ထပ်ရုံးအဆောက်အအုံ(၄၅×၅၀×၂၆)ပေ၊ မဘိမ်း၊ ပင်းတယ၊ မိုင်းယမ်း၊

(ဂ) ၄ခန်းတွဲ(၂)ထပ်၊ဝန်ထမ်းနေအိမ်(၁၀၀×၄၀×၂၃)ပေ၊ တောင်ကြီး၊ ရွှေညောင်၊ ဟဲဟိုး၊ ဟိုပုံး၊ ဖယ်ခုံ၊ ဆီဆိုင်၊ ကျေးသီး၊ ကွန်ဟိန်း၊ မိုင်းရှူး၊ လဲချား၊ နမ့်စန်၊ လွိုင်လင်၊ မိုးနဲ၊ မောက်မယ်၊ လင်းခေး၊ တန့်ယန်း၊ ကျောက်မဲ၊ သီပေါ၊ မိုးမိတ်၊ မဘိမ်း၊ မန်တုံ၊ မိုင်းရယ်၊ ကွမ်းလုံ၊ ကွတ်ခိုင်၊ နောင်ချို၊ မူဆယ်၊

(ဃ) ၂ခန်းတွဲ ၁ထပ်၊ ဝန်ထမ်းနေအိမ်(၅၀×၄၀×၁၂)ပေ၊ ကလော

(င) လူပျိုဆောင် ၁ထပ်၊ (၆၀×၃၀×၁၃)ပေ၊ လွိုင်လင်၊ လဲချား၊ ကွန်ဟိန်း၊ တန့်ယန်း၊ မိုင်းရယ်၊ မိုးမိတ်၊ မဘိမ်း၊ ကွမ်းလုံ၊ ဟိုပန်၊ မိုင်းခတ်၊ မန်တုံ၊

(စ) ပြင်ပရေနှင့်လျှပ်စစ်မီး ဟိုပုံး၊ ဆီဆိုင်၊ ကျေးသီး၊ ရွာငံ၊ လားရှိုး။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဆောက်လုပ်မည့်အဆောက်အအုံ အသေးစိတ်ကို ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၁၆၇၁သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပိတ်ရက် ၁၀-၆-၂၀၁၄ ရက် ဖြစ်သည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းတွင် Guard Rail(၂၀၂၈၁၀)ပေ တပ်ဆင်ခြင်း လုပ်ငန်းများကို လမ်းပိုင်းအလိုက် တပ်ဆင်လိုပြီး အကြိမ်နှုန်းတိုင်းကင်မရာ(၄)ခုအား သတ်မှတ် Specification ဖြင့် ဝယ်ယူလိုပါသည်။

၂။ စိတ်ပါဝင်စားသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရန်ကုန်-မန္တလေးအမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့၊ အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ နေပြည်တော် (စီလမ်းဆုံ)တွင် ၂၆-၅-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ (က)တင်ဒါလျှောက်လွှာပိတ်ရက် - ၃၀-၅-၂၀၁၄ရက်၊ (၁၇)နာရီ
(ခ)တင်ဒါဖွင့်မည့်ရက် - ၂-၆-၂၀၁၄ရက်၊ (၁၃)နာရီ
(ဂ)တင်ဒါဖွင့်မည့်နေရာ - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ECခန်းမ၊ ရုံးအမှတ်(၁၁)။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၇-၈၁၀၀၀၁၄၆၊ ၀၉-၂၅၀၉၀၂၀၀၄

ခြံမြေရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ လှည်းကူးတာဆုံအနီး လှည်းကူးဖောင်ကြီး လမ်းမကြီးဘေး(၁. ၀၉) ဧက ကျယ်ဝန်းသော ခြံမြေအား ပိုင်ရှင်ကိုယ်တိုင်ရောင်းလိုသည်။

ဆက်သွယ်ရန်ဖုန်း-
၀၉-၄၉၃၁၈၁၂၉(ညှိနှိုင်းဈေး)

Ph-09-31146770, 09-5208492

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၀၊ မြေကွက်အမှတ်-၅။ မြေကွက်တည်နေရာအမှတ်(၂)၊ ပတ္တမြားလမ်း၊ ၃ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်ဖွားရှင် အမည်ပေါက် အနှစ် (၆၀) မြေငှားဂရန် စီမံချက် ဂရန်မြေအား အမည်ပေါက် ဒေါ်ဖွားရှင်၊ ခင်ပွန်းဖြစ်သူ ဦးနီ ကွယ်လွန်ပြီး သားသမီးမထွန်းကားသဖြင့် အမည်ပေါက်ထံမှ အမွေစား အမွေခံ ကိတ္တိမ သမီးအဖြစ်မွေးစားခြင်း ကတိစာချုပ်အမှတ် ၆၇၁၈/၇-၁-၁၉၉၈ ဖြင့် မွေးစားခြင်းခံရသူ ဒေါ်ထွေး (ခ) ဒေါ်ကြည်ထွေးသည် (အပျိုကြီးဘဝ)ဖြင့် ထပ်မံကွယ်လွန်သွားပါ၍ ၎င်း၏ အမွေစားအမွေခံ ကိတ္တိမ သမီးများအဖြစ် မွေးစားခြင်းခံရသူ ဒေါ်နွဲ့နွဲ့ဝင်း [၆/ပလန(နိုင်)၀၁၀၅၉၇]၊ ဒေါ်စီစီဝင်း[၆/ပလန(နိုင်)၀၅၀၁၈၆] တို့က မြေအမည်ပေါက်၏ မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများ တင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

“ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာ”

[illegible]

M.A.C Tower

Blowing Machine,Blowing Moulding Injection Machine,Injection Moulding Compressor များရောင်းရန်ရှိသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၁၈ ၂၉၀၊ ၀၁-၆၁၈ ၂၉၁သို့ ဆက်သွယ်စုံစမ်းပါရန်။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

မဝင်းဝင်းသန်း [၈/တကက(နိုင်)၀၀၃၀၉၇]သည် ကျွန်တော် မောင်မင်းဇော်သန်း[၁၂/တကန(နိုင်)၀၀၆၈၆၅]မှ ခွင့်မလွှတ်နိုင်သော လူမှုရေးကိစ္စများကို ပြုလုပ်သွားပါသဖြင့် ၁၄-၅-၂၀၁၄ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မင်းဇော်သန်း[၁၂/တကန(နိုင်)၀၀၆၈၆၅]

အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

(၂၀၁၄)ခုနှစ် **နိုင်ငံတော်သမ္မတ** ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်း အခမ်းအနားတွင်

မန္တလေးမြို့မှ **စိန်နှင့်မြ ဦးကျော်မင်း (စိန်နှင့်မြ ငွေရတုလုပ်ငန်း)** အား

"ထုတ်လုပ်ရောင်းချမှု ထူးချွန် အလတ်စား စီးပွားရေးလုပ်ငန်းရှင်"

အဖြစ် **နိုင်ငံတော်သမ္မတ** ၏ ဂုဏ်ထူးဆောင်လက်မှတ်ကို ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

သီလရှင်ကြီးကြပ်ရေးကော်မတီ

ဇီဝိတဒါနသံဃာ့ဆေးရုံ၊ မန္တလေးမြို့။

Business Management Academy

SALES & MARKETING
MANAGEMENT
& PLANNING

HONORABLE SPEAKER :
MAIN SPEAKER :

CONTENT OUTLINES

VENUE : DEVICE EXECUTIVE HALL
DATE : 24th–25th MAY, 2014
TIME : 8:30 AM – 5:00 PM

Training Facilities

Honeymoon

ပြည်ပပို့ကုန်၊ သွင်းကုန်လုပ်ငန်း လက်တွေ့သင်တန်း

Section A : 24 - 5 - 2014
Section B : 27 - 5 - 2014

စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

မောင်ထွန်းလင်းအောင်နှင့် မအိအိမြတ်[၁၂/မရက(နိုင်)၁၂၁၀၈၆]တို့၏ စေ့စပ်ကြောင်းလမ်းခြင်းအား စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ကျွန်မအိအိမြတ်ဘက်မှ ဖျက်သိမ်းလိုက်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မအိအိမြတ်[၁၂/မရက(နိုင်)၁၂၁၀၈၆]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အမှတ်(၂၇၂)၊ ပေ(၅၈×၁၀)ရှိ မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ(၂)ထပ်ပျဉ်ထောင်အိမ်နှင့် အိမ်သုံးမီတာ၊ အဝီစိတွင်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်သူ ဦးမင်းအောင်မှ ကျွန်ုပ်၏မိတ်ဆွေ ဦးရန်နိုင်ထွန်းအုန်း[၁၂/ဒဂန(နိုင်)၀၀၄၀၄၃]သို့ ရောင်းချပြီး ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမင်းအောင် B.A(Geog) | **ဒေါ်ခိုင်ဖြူဇော်(LL.B)**
Certificate in Business Law | **အထက်တန်းရှေ့နေ(စဉ်-၂၇၁၆၀)**

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
(မြန်မာနိုင်ငံအိမ်ခြံမြေအဖွဲ့ဝင်အမှတ်-၀၄၂၉)
အမှတ်(၄၅/၅၅-ဒီ) လေဆိပ်လမ်းသွယ်(၁)၊ ၁၀မိုင်၊ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၁၀၁၄၃၆၃၊ ၀၉-၃၁၈၁၂၃၁၇၊ ၀၉-၂၅၄၀၈၄၈၃၀၊ ၀၁-၆၅၅၈၉၈၊ ၆၅၅၈၀၉။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ မြေကွက်အမှတ်(၁၆၃၅/က)၊ မြေကွက်တည်နေရာအမှတ်(၁၆၃၅/က) လမ်းသစ်(၂)လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်ချွန်း အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမောင်ချွန်း(ဖခင်)နှင့် ဒေါ်သန်းကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဒေါ်ကျင်လှ[၁၂/သကတ(နိုင်)၀၄၇၄၅၄]၊ ၂။ဒေါ်ငယ်ငယ်[၁၄/ပတန(နိုင်)၁၀၃၄၈၉]၊ ၃။ဒေါ်အေးအေးငွေ[၁၂/သကတ(နိုင်)၁၀၇၆၁၂]၊ ၄။ ဦးကျော်စိုး[၁၂/သကတ(နိုင်)၀၀၁၆၅၆]တို့မှ ပိုင်ဆိုင်စာချုပ် (၉၂၅/၃-၃-၁၄)ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့မှဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်နှင့်ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/ကံဘဲ့)၊ ရတနာလမ်း၊ (အောင်ဇေယျလမ်း)၊မြေကွက်အမှတ်(၇၄/ဃ၁)၊ အကျယ်အဝန်း(၀. ၁၈၁)ဧက မြေကွက်နှင့်၊ ရန်ကင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၃/ကံဘဲ့)၊ ရတနာလမ်း၊ (အောင်ဇေယျလမ်း)၊ မြေကွက်အမှတ် (၇၄/ဃ၂)၊ အကျယ်အဝန်း (၀. ၀၇၀)ဧက မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အိမ်ပါ အိမ်ခြံမြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(သို့)မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် (၁)ဦးအောင်မြင့်၊ (၂)ဦးအောင်သန်း၊ (၃)ဦးဇော်ဝင်းပါ (၃)ဦးတို့အမည်ပေါက်သည့် လ/န-၃(ခ)ရရှိပြီး မြေပိုင်မြေအမျိုးအစား မြေကွက်ဖြစ်ပါသည်။ အထက်ပစ္စည်းစာရင်းတွင် ဖော်ပြပါရှိသော မြေကွက်(၂)ကွက်ကို ၎င်းတို့(၃)ဦးထံမှ ဦးသက်ဦး[၁၂/လမတ(နိုင်)၀၁၅၇၀၂]သည် မိမိဝယ်ယူ၍ လက်ရောက်ရရှိ ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အတိအလင်းဝန်ခံကတိပြု၍ ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းရာကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်မင်းထွန်း[၁၃/တကန(နိုင်)၁၉၆၁၃၃]ထံမှ သဘောတူညီသဖြင့် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ယခုအိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများကို တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးဇောကျော်အောင်(စဉ်-၃၄၄၉၀) | **ဒေါ်ကြည်သာဝင်း(စဉ်-၂၉၅၅၃)**
LL.B,C.B.L | **LL.B,LL.M**
ဒေါ်နန်းဆိုင်အုံ(စဉ်-၃၄၅၃၀)LL.B | **ဒေါ်ဇင်လင်းထွေး(စဉ်-၃၈၂၃၈)**
ဦးမိုးမင်းဟိန်း(စဉ်-၃၈၂၉၂)LL.B | **LL.B**

အထက်တန်းရှေ့နေများ(ရွှေဟသ်ာအိမ်ခြံမြေဥပဒေအတိုင်ပင်ခံအကျိုးဆောင်)
အမှတ်-၈၆၄၊ ပင်လုံလမ်း၊ (၃၆)-အဆင့်မြင့်ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၃၁၅၅၇၀၆၈၊ ၀၉-၃၁၂၁၀၇၇၂၊ ၀၉-၃၁၃၀၂၆၂၉၊ ၀၉-၄၂၀၂၅၇၄၀၃

အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အကွက်အမှတ်(၁၆က/၆)၊ ဦးပိုင်အမှတ်(၂၆/၂)၊ မြေဧရိယာ(၀. ၀၆၅) ဧက၊ (၂၈၅၀)စတုရန်းပေရှိ နေအိမ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်၌သီးပင်စားပင်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဂွမ်ဆန်+ဒေါ်စင်ဘူတို့(၂)ဦး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ်-၁၃၆၀/ V (၈၉-၉၀)အရ ၃၀-၆-၂၀၂၀ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိထားခဲ့ပြီးဖြစ်ရာ အဆိုပါမြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြစ်ကြီးနား ခရိုင်တရားရုံး၏ ၁၆-၁၁-၂၀၁၂ရက်စွဲပါ တရားမကြီးမှုအမှတ်(၉၈/၂၀၁၁)နှင့် (၁၆-၁၁-၂၀၁၂) ရက်စွဲပါ တရားမကြီးမှုအမှတ်(၅၇/၂၀၁၁)တို့အရ ဒေါ်စင်ဘူ[၁/မကန(နိုင်)၀၉၂၂၃၄]မှ မြေငှားဂရန်အား မိတ္တူကူးယူခွင့်ပြုရန် လျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန်မိတ္တူကူးယူခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသည်ဟု တင်ပြသောမြေငှားဂရန်မူရင်းကို ပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ဦးမျိုးမင်းသန့်၊ ဦးအောင်ထက်နိုင်၊ ဦးဇေယျာလင်းတို့နှင့် အများသိစေရန်ကြေညာခြင်း

အမှတ်(၂၇၉)၊ ရွှေရင်အေးကျောင်းလမ်း၊ စက်မှုဇုန်(၅)၊ လှိုင်သာယာမြို့နယ်တွင် ဖွင့်လှစ်ထားသော Top Three Co.,Ltdထံမှ လူကြီးမင်း တို့(၃)ဦးသည် Cityတံဆိပ်အမည်ပါ အင်ဂျင်ဝိုင် ပစ္စည်းဖိုးများကို သတ်မှတ်ရက်တွင် အပြေအကျေပေးသွင်းပါမည်ဟု ဝန်ခံကတိပြုလျက် ကုမ္ပဏီမှ ၂၇-၃-၁၄ ရက်မှ ၂၉-၃-၁၄ ရက်အထိ အမှတ်(၃၆)၊ (၂)ရပ်ကွက်၊ မယ်လမုဘုရားအနီး၊ မြောက်ဥက္ကလာရှိ ဦးဇေယျာလင်းသို့ ပစ္စည်းများပေးပို့ရာတွင် ဦးရဲထွဋ်အောင်(ခ) ဦးရဲဝင်းထွန်း(ခ) ဦးရဲထွဋ်ဝင်း[၁၂/ဒဂတ(နိုင်)၀၀၁၁၉၈]က ပစ္စည်းများ လက်ခံရယူထားပါသည်။

အဆိုပါပစ္စည်းဖိုးငွေများကို အပြေအကျေပေးသွင်းရန် တာဝန်ရှိသော်လည်း သတ်မှတ်ရက်ဖြစ်သော ၁၈-၄-၂၀၁၄ရက်တွင် လာရောက်ပေးသွင်းခြင်းမရှိပါ။ ကျွန်ုပ်တို့ကုမ္ပဏီက အကြိမ်ကြိမ်ငွေတောင်းခံခြင်း၊ ရှေ့နေဖြင့် နို့တစ်စာပေးပို့တောင်းခံခြင်းများ ပြုလုပ်ခဲ့သော်လည်း လာရောက်ပေးသွင်းခြင်းမရှိ ပျက်ကွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့(၃)ဦးအနေဖြင့် ပေးရန်ရှိသော ပစ္စည်းဖိုးငွေကျပ်-၅၀၄၃၀၀၀/- (ငွေကျပ် သိန်းငါးဆယ်လေးသောင်းသုံးထောင်တိတိ)ကို ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း အပြေအကျေလာရောက်ပေးသွင်းပါရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ပေးသွင်းခြင်းမရှိပါက ဥပဒေကြောင်းအရ တရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇော်မင်း (လ/ထမန်နေဂျာ-အုပ်ချုပ်မှု) Top Three Co.,Ltd

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ ခိုင်ရည်ဝင်း(ခ) ချစ်ချစ်ဦး [၁၂/ဒဂဆ(နိုင်)၀၀၇၄၀၂] ကိုင်ဆောင်သူသည် မိဘတို့၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

ဒေါ်မေသက်ဦး(ခ)ဒေါ်ခင်တင့်
[၁၂/သဃက(နိုင်)၀၈၄၆၆၆]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

